# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 7 November 2020 ၁၀၁၈၉


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်သူ့အင်အားဖြင့် တည်ဆောက်နိုင်မည်ဟု ယုံကြည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က**
**(၆၅) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ယနေ့ကျရောက်သည့် (၆၅) နှစ်မြောက်၊ ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ် အခါသမယမှာ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ အမှတ် ၆၂ အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ အမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ် (၅) မြို့နယ်ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခြင်းဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ (၁)ရက်နေ့တွင် မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ပြီး ကရင်ပြည်နယ်ကို မြို့နယ်ပေါင်း (၇)မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်သော ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့် ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် စတင်သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၆၅)နှစ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

ယခင်နှစ်များက ကရင်ပြည်နယ်နေ့အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သော်လည်း ယခုနှစ်တွင်မူ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် Coronavirus Disease (COVID–19)ကြောင့် လွတ်လပ်စည်ကားသိုက်မြိုက်စွာ ကျင်းပခွင့်မရကြခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ COVID–19 ကူးစက်ပြန့်ပွားမှုကို အပြင်းအထန် ရုန်းကန်ရင်ဆိုင်နေရသည့် အချိန်ကာလဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံသည်လည်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း
## ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်၊ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅)ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေ၊ မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံစွာဆန္ဒမဲပေးနိုင်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လွတ်လပ်၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လေ့လာခွင့်ပြုမည့် အစီအစဉ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်အစိုးရ၏ ကူညီဆောင်ရွက်ပေးခဲ့မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါအား လက်ခံတွေ့ဆုံစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်ကို ဤသို့ရေးခြယ်ခဲ့ကြသည်**

စာမျက်နှာ » ၆

**နိုင်ငံအတွက်အရေးကြီးတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ မဲပေးခွင့်ရှိသူအားလုံး မဲလာရောက်ပေးကြပါလို့ ပြောချင်ပါတယ်**

စာမျက်နှာ » ၈

**ရုရှားသမ္မတ ပူတင် ကျန်းမာရေးအခြေအနေကြောင့် လာမည့်နှစ်အစောပိုင်းတွင် ရာထူးမှနုတ်ထွက်ရန် စီစဉ်**

စာမျက်နှာ » ၁၁


**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID–19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ကြေးမုံ

## စိန်ခေါ်မှုကြားမှ ပြည်သူ့ဆန္ဒဖြည့်ဆည်း

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲသည် ကနဦးအထူးအရေးကြီးသော လုပ်ငန်းစဉ် ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တက်လှမ်းစမြန်မာနိုင်ငံတွင် ဒီမိုကရေစီယဉ်ကျေးမှု အလျှင်အမြန်ထွန်းကားနေသည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို အသက်ဝင်စေသည့် ရွေးကောက်ပွဲ အတွေ့အကြုံ နုနယ်သေးသော်လည်း စိန်ခေါ်မှုများကြားမှ ပြည်သူ့ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအားထုတ်နေသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းသည့် သက်တမ်းနှစ်ခုတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွေ့အကြုံ နှစ်ကြိမ်ရှိခဲ့သော်လည်း ယခုတတိယ အကြိမ်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ရောဂါဘေးနှင့် ကြုံတွေ့နေရသောကြောင့် စိန်ခေါ်မှုများ ပိုမို ကြုံတွေ့ရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ယခုတစ်နှစ်တာ ကာလအတွင်း ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၈၀ ကျော်သည် ရွေးကောက်ပွဲ၊ လူထုဆန္ဒခံယူပွဲများ ကျင်းပရန်စီစဉ်ခဲ့ကြသည်။

ဒီမိုကရေစီအခိုင်အမာ တည်ဆောက်ထားသည့် အမေရိကန်ပြည်ထောင်စုသည်ပင် ကမ္ဘာပေါ်တွင် ကိုဗစ် - ၁၉ ရောဂါအများဆုံးဖြစ်နေသည့်ကြား၊ အခက်အခဲများရှိသည့်ကြားမှ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကြားမှ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသည့်ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် မဲပေးနိုင်ရန် နည်းလမ်းအမျိုးမျိုး စဉ်းစားဆောင်ရွက်ခဲ့ကြသည်။ စိန်ခေါ်မှုများကြားမှ ကြိုတင်မဲပေးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ပြည်လုံးကျွတ်ရွေးကောက်ပွဲကိုလည်း ကျင်းပနိုင်တော့မည် ဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ဖြစ်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချောမွေ့အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ပါတီစွဲကင်းစွာဖြင့် သက်ဆိုင်ရာနှင့်အားလုံးက ဝိုင်းဝန်းကူညီပေးနိုင်မှ အောင်မြင်မည်ဖြစ်သည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးမူဝါဒဖြစ်ပြီး ပြည်သူလူထု လွယ်ကူချောမွေ့စွာ မဲပေးနိုင်ရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဘေးမှ ကင်းဝေးစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းစမြန်မာနိုင်ငံအတွက် ပြည်သူလူထုသည် မိမိတို့၏ဆန္ဒများကို လွတ်လပ်စွာထုတ်ဖော်နိုင်ရန် ဆယ်စုနှစ်များစွာ စောင့်စားခဲ့ရသည်။ ယခုပြည်သူလူထု၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ပြီ ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတွင် ပြည်သူလူထု၏ဆန္ဒသည် အရေးကြီးသလို တန်ဖိုးထားရမည့် အရေးကိစ္စဖြစ်သည်။ တစ်တိုင်းပြည်လုံး ပြည်သူလူထု တစ်ရပ်လုံး တစ်နေ့တာလုံး ဆန္ဒထုတ်ဖော်ရမည့်နေ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ဖြစ်သည်။ ထိုနေ့ကို အားလုံးက စောင့်ဆိုင်းပြင်ဆင်နေကြသလို စည်းကမ်းတကျ၊ စနစ်တကျ၊ ဥပဒေနှင့်အညီ တရားမျှတ၊ လွတ်လပ်စွာပြုလုပ်နိုင်ရေးအတွက် အားလုံးက အပြုသဘောဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ "ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျပြီး မျှတရမည်၊ လွတ်လပ်ရမည်၊ ပွင့်လင်းမြင်သာမှု ရှိရမည်၊ အများယုံကြည်လက်ခံနိုင်မှုရှိရမည် စသည့် စံ (၅) ချက်အတိုင်း ဖြစ်စေလိုကြောင်း၊ မိမိတို့၏ခံယူချက်မှာ လွတ်လပ်ပြီးတရားမျှတရမည်၊ ပြီးလျှင် သန့်ရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ရင်ပြီးရော၊ ဘယ်နည်းနှင့်နိုင်နိုင် နိုင်အောင်ချမည်ဆိုတာ နိုင်လည်း သိက္ခာမဲ့ကြောင်း၊ ရှက်ဖွယ်ကောင်းကြောင်း" နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က ယခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားတွေ့ဆုံစဉ် လမ်းညွှန်မှာကြားခဲ့သည်။

ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည် ဖြစ်သည်။ ရွေးကောက်ပွဲအတွက် ကျန်းမာရေးမှစ၍ အစစအရာရာ၊ အဘက်ဘက်တွင် အစဉ်ပြေအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သော်လည်း ရွေးကောက်ပွဲမကျင်းပမီ အကြိုကာလများအတွင်း အားနည်းချက်၊ ချွတ်ယွင်းချက်၊ လိုအပ်ချက်များရှိခဲ့သလို အနိုင်ရလိုစိတ်အားကြီးလာသောကြောင့် အမှားအယွင်းနှင့် မသမာမှုအချို့လည်း ရှိခဲ့သည်။ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်အောင်ကြိုးပမ်းဆောင်ရွက်နေသော်လည်း တရားမျှတမှုမရှိအောင် ဖန်တီးနေမှုများလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရေး မူဝါဒချမှတ်ထားသည်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အတိုက်အခိုက်များ၊ စိန်ခေါ်မှုများကြားမှ ပြည်သူလူထု၏ဆန္ဒများအား တရားမျှတမှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာ - ထိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက အွန်လိုင်းမှတစ်ဆင့် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ထံ အလှူရှင် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများကိုယ်စား မြန်မာ-ထိုင်းကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ Mr . B Kich Aungvitulsatit က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

### လှူဒါန်းခဲ့

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူရှင် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ထိုင်းဘတ်ငွေသိန်း ၅၀ ကျော်နှင့်ညီမျှသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း - နေလင်း
ဓာတ်ပုံ - ဆန်းကျော်ဦး

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စည်းကမ်းများကို လိုက်နာစို့**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၁၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၁၀,၀၀၀ | ၅၃၈ | ၅,၃၃၈,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၆၅၀ | ၄,၈၇၃ | ၁၇,၉၇၉,၈၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၇၀ | ၃,၇၄၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၉၃ | ၇၉၁,၁၀၀ |
| EFR | ၄,၃၀၀ | ၄,၂၀၀ | ၄၉ | ၂၀၇,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၆

ရန်ကုန်(ရွှေဈေး) ၁၃၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၈၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၄၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၁၀ ကျပ် | ၆၅၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၉၅ ကျပ် | ၅၂၅/၅၃၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၃၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၅/၄၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၅/၄၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၇.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၄.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၄၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၁၁၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၁.၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၃၆၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၅.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၅.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၄.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၈၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ - ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ - ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့

❒ ရှေ့ဖုံးမှ

မိမိတို့ အသိစိတ်နှင့် ကျရာကဏ္ဍအသီးသီးတွင် ပံ့ပိုးကူညီဆောင်ရွက်နေသူများအားလည်းကောင်း၊ ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာကြသည့် ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများအပါအဝင် တစ်နိုင်ငံလုံးရှိ လူထုလူတန်းစားအလွှာအသီးသီးမှ မိဘပြည်သူများအား လည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း လေးလေးနက်နက် ပြောကြားလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် လတ်တလောဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါဆိုး ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပေါ် ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အေးချမ်းသာယာဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ခိုင်မာစွာတည်ထောင်နိုင်ရေးကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံး တစ်ပြေးညီဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဟန်ချက်ညီညီလက်တွဲဆောင်ရွက်ပြီး အားလုံး၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများနှင့် (၂၁) ရာစု ပင်လုံညီလာခံများအား ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက်အများအပြား ရရှိခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်သူ့အင်အားဖြင့် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

ကရင်ပြည်နယ်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့် တိုင်းရင်းသားပြည်သူလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများကြောင့် ငြိမ်းချမ်းရေးနှင့်

**ပြည်သူတစ်ရပ်လုံး၏ အနာဂတ်မျှော်လင့်ချက်နှင့် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကရင်ပြည်နယ်ရှိ ပြည်သူများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲမဖြုတ်စတမ်း ပူးပေါင်းပါဝင်ဆောင်ရွက်**

ဖွံ့ဖြိုးတိုးတက်မှုများ၏အသီးအပွင့်များ ရရှိခံစားနေရပြီဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ထောင်ရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ခွန်အားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး၏ အနာဂတ်မျှော်လင့်ချက်နှင့် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကရင်ပြည်နယ်ရှိ ပြည်သူများအပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲမဖြုတ်စတမ်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ထို့အပြင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံနယ်စပ် မြဝတီတံတားအမှတ် (၂) မှ ဝင်ရောက်လာခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမား တစ်သိန်းငါးသောင်းကျော်အား လက်ခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် ကရင်ပြည်နယ်မှ စီမံဆောင်ရွက်ပေးနေမှုများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး Coronavirus ရောဂါကပ်ဘေးမှ ကင်းဝေး၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေကြောင်းနှင့် ကရင်ပြည်နယ်အတွင်းတွင် ငြိမ်းချမ်းရေးအလင်းရောင်များ ဆက်လက်ထွန်းလင်းတောက်ပပြီး အေးချမ်းလုံခြုံ သာယာဝပြောသည့် လူမှုဘဝများ တိုးတက်ဖြစ်ထွန်းအောင် ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း (၁၄)ကြိမ်မြောက် အာရှ - ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**

(၁၄) ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိမ်ရှင်အဖြစ် Virtual အစီအစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။



အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. AHM Mustafa Kamal က အဖွင့်အမှာစကား ပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် Sheikh Hasina ၏ Video Message ဖြင့် ပေးပို့သည့် မိန့်ခွန်းကို ထုတ်လွှင့်သည်။

ယင်းနောက် ကမ္ဘာ့ဘဏ်၏ Vice President Mr. Hartwig Schafer၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ Vice President Mr. Shixin Chen နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ Deputy Director Ms. Anne-Marie Gulde-Wolf တို့က Keynote Speech ပြောကြားကြသည်။

**များစွာသင့်တော်မှုရှိ**

ထို့နောက် ပါဝင်တက်ရောက်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအလိုက် မိန့်ခွန်းများပြောကြားကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကမ္ဘာနှင့်အဝှမ်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများစွာတွင် ၎င်း၏ အကျိုးသက်ရောက်မှုများကို ဆိုးရွားစွာခံစားရလျက်ရှိရာ ကပ်ရောဂါ၏သက်ရောက်မှုကို ကုစားရေး၊ ထိန်းချုပ်နိုင်ရေးနှင့် ကျော်လွှားနိုင်ရေးကိစ္စရပ်များတွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်ရာ ယင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ယခုနှစ်အစည်းအဝေး၏ ခေါင်းစဉ်အဖြစ် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ခိုင်မာသော၊ စဉ်ဆက်မပြတ်တိုးတက်မှုရှိသော၊ အားလုံးပါဝင်နိုင်သော ညီမျှသည့် ပြန်လည်ထူထောင်ရေး တည်ဆောက်ရန် ဦးတည်ချက်သည် များစွာသင့်တော်မှုရှိပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ၏ ဒုတိယလှိုင်းရိုက်ခတ်မှုကြောင့် နိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုအပေါ် များစွာ ထိခိုက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို ကုစားနိုင်ရေးအတွက် COVID-19 Economic Relief Plan (CERP) အား လွန်ခဲ့သည့် ဧပြီလတွင် ရေးဆွဲထုတ်ပြန်ခဲ့ပြီး မူဝါဒဆိုင်ရာ လက်တွေ့ဆောင်ရွက်ရမည့် အချက်များနှင့် ငွေကြေးဆိုင်ရာကုစားမှုများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ တုံ့ပြန်ရေးဆောင်ရွက်ချက်များအတွက် ပြည်တွင်းမှ ဘဏ္ဍာရေးပံ့ပိုးပေးမှုများအပြင် ထပ်မံလိုအပ်သည့်ငွေကြေးများကို နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ အတိုးနှုန်းသက်သာသောချေးငွေများ၊ ထောက်ပံ့ငွေများဖြင့် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ အလားတူ G20 နိုင်ငံများမှ ထောက်ပံ့ကူညီသည့် ကြွေးမြီပြန်လည်ပေးဆပ်မည့်ကာလ ရွှေ့ဆိုင်းပေးခြင်းအစီအစဉ် (Debt Service Suspension Initiative - DSSI) ဖြင့်လည်း ကြွေးမြီသက်သာခွင့်များ ရရှိခဲ့ပါကြောင်း။

သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကို မခန့်မှန်းနိုင်သေးသည့် အခြေအနေတွင် ရောဂါဖြစ်ပွားမှုကာလ ကြာရှည်လာသဖြင့် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူလာစေရေးတို့အတွက် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ငွေကြေးလိုအပ်ချက်များ ထပ်မံတိုးမြင့်လာနိုင်မည်ဖြစ်ရာ ယင်းဘဏ္ဍာငွေလိုအပ်မှုများကို နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့များက ဆက်လက်တိုးမြှင့် ထောက်ပံ့နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်လာပါကြောင်း ဆွေးနွေးပြောကြားသည်။

အာရှ - ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးသည် ကမ္ဘာ၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည့် အာရှနှင့်ဥရောပဒေသကြီးနှစ်ခုအကြား ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည့် Forum တစ်ခုဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ဥရောပမှ အဖွဲ့ဝင် ၅၂ နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံနှင့် ဥရောပသမဂ္ဂတို့ အပါအဝင် စုစုပေါင်း Partners ၅၄ ခုဖြင့် ဖွဲ့စည်းထားရှိသည်။ အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ၁၉၉၇ ခုနှစ်မှစ၍ အာရှနှင့် ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံများတွင် နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပလျက် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ဘဏ္ဍာရေးဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးရွားစွာ သက်ရောက်မှုများအတွက် ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှုတစ်ရပ်ကို ဦးစားပေးဖော်ထုတ်သွားရန် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စုပေါင်းဆောင်ရွက်သွားရန် ထပ်မံအတည်ပြုခဲ့ကြကြောင်း Press Release ထုတ်ပြန်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာမင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဉာဏ်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) | ဦးဗိုလ်ဗိုလ်ကျော် | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့်ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV. FUGRO EQUINOX (Call Sign: C6AJ8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Geotechnical Site Survey လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 16° 59' 10.824"N | 93° 42' 49.377" E |
| B | 16° 56' 12.109"N | 94° 13' 49.321"E |
| C | 16° 34' 15.506"N | 94° 09' 26.480"E |
| D | 16° 37' 53.886"N | 93° 42' 44.608"E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV. FUGRO EQUINOX ( Call Sign: C6AJ8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

# (၂၄)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

(၂၄) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ၂၀၂၀ ပြည့်နှစ်၏ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့မှ ကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ အဆင့်မြင့်အရာရှိကြီးဖြစ်သော ဒေါက်တာဒေါ်ခင်ကြည်ပြာ (ပါမောက္ခချုပ်) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးစားပေးကဏ္ဍများ၊ ၂၀၂၀ ပြည့်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ၊ (၃၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်ကြီးများက အတည်ပြုမည့် ကြေညာချက်များနှင့် မှတ်တမ်းတင်ရှိမည့် လုပ်ငန်းစဉ်များအား အတည်ပြု ဆွေးနွေးခဲ့ကြသည်။

(၃၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ကြေညာမည့် “Hanoi Declaration” နှင့် “Narrative of ASEAN” ကြေညာချက်များအပေါ် ဆွေးနွေးအတည်ပြုပြီး အာဆီယံဒေသတွင်းဆိုင်ရာ အမျိုးသမီးများဘဝတိုးတက်၍ လုံခြုံမှုရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များ၊ လူငယ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင် လုပ်ငန်းစဉ် ၁၀ ခုအား မှတ်တမ်းတင်ရှိရေး အတည်ပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တီမောလက်စ်တေနိုင်ငံအား အာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားလာမှုနှင့် စပ်လျဉ်း၍ လုပ်ဆောင်ချက်များ၊ အာဆီယံဒေသတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၂၅ နှင့် အာဆီယံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ သက်ရောက်မှုအပေါ် ရန်ပုံငွေ တည်ထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ကဏ္ဍစုံ၊ မဏ္ဍိုင်စုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခုနှစ်သည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ လုပ်ငန်းအခြေပြမြေပုံ ၂၀၂၅ ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ၂၀၁၆ - ၂၀၂၀ ကာလအတွက် နှစ်လယ်အကဲဖြတ်မှု၊ တိုးတက်မှုတို့ကို အကဲဖြတ်ဆန်းစစ်၍ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့် လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများကို ပြန်လည်ဆန်းစစ်ဆောင်ရွက်သည့်အတွက်ကြောင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင် အဖွဲ့ဝင်နိုင်ငံများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ဆန်းစစ်နိုင်ခဲ့၍ ဒေသတွင်းနိုင်ငံများအတွက် အရေးပါသော နှစ်တစ်နှစ် ဖြစ်ပါကြောင်း၊ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက် ရလဒ်များကို အခြေခံပြီး ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်နှင့်အညီ နိုင်ငံအဆင့် ရည်မှန်းချက် ပန်းတိုင်များ အကောင်အထည်ဖော်ရန်နှင့် နောင်အနာဂတ် ငါးနှစ်တာကာလအတွက် ရှေ့ဆက်ဆောင်ရွက်မည့် အခြေပြမြေပုံပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကာကွယ်တားဆီးခြင်းယဉ်ကျေးမှု (Culture of Prevention- CoP) ကြေညာချက်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ခြောက်ခုနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံပါကြောင်း၊ အခြေပြမြေပုံပါ လုပ်ငန်းစဉ်များနှင့်အညီ လူမှုရေး-စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးကို အထောက်အကူပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ အောင်မြင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးမတိုင်မီ (၂၉) ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေး(29th SOCA Meeting) နှင့် (3rd Working Group on Culture of Prevention (CoP) အစည်းအဝေးတို့ကို နိုဝင်ဘာ ၅ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် FAO နှင့် ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် FAO နှင့် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာအစီအစဉ်မူဘောင်(Country Program Framework – CPF) (၂၀၁၇-၂၀၂၂) အရ ဆောင်ရွက်မည့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရ ပြည့်မီရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေး၊ မြေနှင့်ရေအရင်းအမြစ်များ စီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဒဏ်ခံရမှုလျော့ပါးရေး အစီအစဉ်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အမယ်စုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် အာဟာရပြည့်ဝပြီး စားသုံးမှုနည်းပါးသော ဟင်းသီးဟင်းရွက်၊ သီးနှံများ ပိုမိုတိုးမြှင့်စားသုံးရေး၊ တော်မွတ်ခေါင်းပါးမှုပပျောက်ရေး တိုးမြှင့်ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လယ်ယာကဏ္ဍတွင် ကြုံတွေ့ရသည့် အကျိုးဆက်များအပေါ် ကျော်လွှားနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ အသက်မွေးမှုနှင့် လူမှုဘဝ ပြန်လည်ထူထောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (AAPDRR)အား အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Virtual Meeting စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အရည်အသွေးကောင်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသကဲ့သို့ ထုတ်လုပ်ပြီးသော မျိုးသစ်များ၏ မျိုးစေ့စံချိန်စံညွှန်းများ ပြည့်မီရန်၊ မျိုးစေ့လုပ်ငန်းများ စနစ်တကျရှိစေရန်၊ မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်သည်လည်း အရေးကြီးသော လုပ်ငန်းစဉ်တခုဖြစ်ပါကြောင်း၊ သီးနှံမျိုးကောင်းမျိုးသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်ပိုင်းမှ ပညာရှင်များ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အဖွဲ့အစည်းများနှင့် လက်တွေ့စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပုဂ္ဂလိကမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးစေ့ကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး အားပေးကူညီဆောင်ရွက်ရန်၊ နည်းပညာများ ဖြန့်ဝေပေးနိုင်ရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တင်ပြလာသည့် အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

လယ်ယာကဏ္ဍတွင် စီးပွားရေးတွက်ခြေကိုက်ပြီး အထွက်နှုန်းကောင်းမွန်သော ဒေသနှင့် ကိုက်ညီဖြစ်ထွန်းမှုရှိသည့် သီးနှံမျိုးကောင်းမျိုးသန့်များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်သူလူထု၏ စားနပ်ရိက္ခာဖူလုံရေးတို့ကို တစ်ပြိုင်နက်တည်း ရရှိခံစားနိုင်ကြမည်ဖြစ်ရာ အရည်အသွေးကောင်းသီးနှံ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် မျိုးသစ်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အပင်မျိုးသစ် ကာကွယ်ပေးရေးဥပဒေ Plant Variety Protection Law ၊ မျိုးစေ့ဥပဒေ Seed Law ၊ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ Plant Pest Quarantine Law စသည့် ဥပဒေများနှင့်အညီ စိစစ်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

မျိုးစေ့ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ သီးနှံကျွမ်းကျင်ပညာရှင်များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီတို့၏ အဆင့်ဆင့်စိစစ်ပြီးဖြစ်သည့် သဘောထားမှတ်ချက်ဖြင့် တင်ပြချက်များအရ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သီးနှံမျိုးစေ့ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၆) ကြိမ်မြောက် အစည်းအဝေးအထိ သီးနှံမျိုး ၆၀ ၏ မျိုးကွဲ ၉၆၉ မျိုးနှင့် မိဘမျိုးလိုင်း ၁၃၆ လိုင်း စုစုပေါင်း ၁၁၀၅ မျိုးတို့ကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ကျင်းပသည့် (၁၇)ကြိမ်မြောက် အစည်းအဝေးတွင် စမ်းသပ်စိုက်ပျိုးသီးနှံ ၁၀ မျိုး၏ မျိုးသစ်မျိုးကွဲ ၅၉ မျိုး၊ Documents သီးနှံ ၂၇ မျိုး၏ မျိုးသစ်မျိုးကွဲ ၈၀၊ မိဘမျိုးလိုင်းအစုံ ငါးစုံတို့ကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး၊ စမ်းသပ်စိုက်ပျိုးစစ်ဆေးရန်လိုအပ်သည့် သီးနှံမျိုးအုပ်စု ၁၇ ခုမှ လေးခုအား စမ်းသပ်စစ်ဆေးခြင်းအားဖြေလျှော့၍ သီးနှံမျိုးအုပ်စု ၁၃ ခုသာ စမ်းသပ်စိုက်ပျိုးသွားရန်နှင့် အခြားသီးနှံအုပ်စုများအား Documents များဖြင့်သာ စိစစ်၍ မျိုးစေ့အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး၊ မြန်မာ့ဒေသမျိုးရင်းများအား National Significant Crops များအဖြစ် သတ်မှတ်အကာအကွယ်ပေးနိုင်ရေးအတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့်အစီအစဉ်များရေးဆွဲ၍ မူဝါဒတစ်ခု သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ကိစ္စရပ်များအတွက် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဒေသအသီးသီးတို့မှ Zoom Application အသုံးပြု၍ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

(၆-၁၁-၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်အားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် COVID-19 ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များအရ နေရပ်သို့ပြန်လည်၍ မဲမပေးနိုင်သူများ မိမိရောက်ရှိနေသောမြို့နယ်တွင် ပုံစံ (၁၅) များဖြင့်လျှောက်ထား၍ ကြိုတင် ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါသည်။

၃။ အဆိုပါ ပုံစံ (၁၅) ဖြင့် လျှောက်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသောမြို့နယ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိနေရပ်မဲဆန္ဒနယ်သို့ သွားရောက်မဲပေးလိုပါက ပုံစံ(၁၅)ဖြင့် လျှောက်ထားခဲ့သည့်မြို့နယ်တွင် ကြိုတင်မဲမပေးရသေးကြောင်း အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်ကိုရယူ၍ မိမိနေရပ် မဲဆန္ဒနယ်ရှိ မဲရုံမှူးထံတင်ပြနိုင်လျှင် မဲပေးခွင့်ရှိပါသည်။

၄။ ထို့အပြင် အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ သံရုံး/အမြဲတမ်းကိုယ်စားလှယ်ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများတွင် ပုံစံ (၁၅) ဖြင့်လျှောက်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲမပေးဖြစ်ဘဲ မိမိနေရပ်မဲဆန္ဒနယ်သို့ ပြန်လည်ရောက်ရှိနေပါက ထိုသို့ ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်းကို သက်ဆိုင်ရာ သံရုံး/အမြဲတမ်းကိုယ်စားလှယ်ရုံး/ကောင်စစ်ဝန်ချုပ်ရုံး အကြီးအမှူးများ၏ ထောက်ခံချက်ကို မဲရုံမှူးထံတင်ပြနိုင်လျှင် မဲပေးခွင့်ရှိပါသည်။

၅။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ကျန်မဲဆန္ဒရှင်များသည် မိမိတို့မဲစာရင်းပါရှိရာမဲရုံတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်ပြည်သူများသို့ ထပ်မံအသိပေးနှိုးဆော်ခြင်း

(၆-၁၁-၂၀၂၀)

၁။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများသို့လာရောက်၍ ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်းဥပဒေ ၄၈ ပါပြဋ္ဌာန်းချက်အရ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိကြသူများသည် အောက်ပါတို့ကိုလိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်-

(က) မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေရေးအတွက် မဲရုံပရဝဏ်နှင့် မဲရုံအတွင်းတွင် ဗီဒီယိုကင်မရာ၊ ကင်မရာ၊ လက်ကိုင်တယ်လီဖုန်း ကင်မရာ စသည်တို့ဖြင့် မှတ်တမ်းတင်ရိုက်ကူးခြင်း၊ အသံဖမ်းယူခြင်းတို့ကို မပြုလုပ်ကြရန်၊

(ခ) သက်ဆိုင်ရာပါတီရင်ထိုးတံဆိပ်/ တစ်သီးပုဂ္ဂလရင်ထိုးတံဆိပ်(ရှိခဲ့လျှင်)တို့ တပ်ဆင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များမှအပ ကျန်ပုဂ္ဂိုလ်များသည် ပါတီအမှတ်အသားပါသည့် သို့မဟုတ် မဲဆွယ်စည်းရုံးရာရောက်သည့် မည်သည့် ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများကိုမျှ ဝတ်ဆင်ခြင်း/အသုံးပြုခြင်းများကို မပြုလုပ်ကြရန်၊

(ဂ) မဲရုံ၌ တည်ငြိမ်အေးချမ်းမှုရှိစေရန်၊ ရွေးကောက်ပွဲကို တရားမျှတစွာဖြစ်စေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံအတွင်းသို့ စည်းကမ်းတကျဝင်ရောက်နိုင်ရေးနှင့် စနစ်တကျ မဲပေးနိုင်ရေးတို့အတွက် မဲရုံတွင် တာဝန်ထမ်းဆောင်ကြသည့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်နှင့် မဲရုံမှူး/ မဲရုံအဖွဲ့ဝင်တစ်ဦးဦးတို့က တာဝန်အရ ညွှန်ကြားခြင်းကို လိုက်နာဆောင်ရွက်ရန်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ လွတ်လပ်တရားမျှတ၍ တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးပစ္စည်းကိရိယာများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးပစ္စည်းကိရိယာများ လှူဒါန်းပေးအပ်မှု အခမ်းအနားကို ယနေ့ညနေပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**မိတ်ဆွေကောင်းပီသစွာကူညီခဲ့**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်ရာတွင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများဖြစ်ပွားစဉ်က မြန်မာနိုင်ငံမှ မိတ်ဆွေကောင်းပီသစွာ ပံ့ပိုးကူညီခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားချိန်တွင်လည်း တရုတ်နိုင်ငံမှ အပြန်အလှန်ပံ့ပိုးခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံ ဗဟိုအစိုးရ၊ ဒေသဆိုင်ရာအစိုးရ၊ ကုမ္ပဏီနှင့် လူမှုအဖွဲ့အစည်းများက ဆေးနှင့်ဆေးပစ္စည်းကိရိယာများပံ့ပိုးခဲ့ပြီး ဆေးဘက်ဆိုင်ရာ ပညာရှင်အဖွဲ့များလည်း သုံးကြိမ်လာရောက်ခဲ့ကာ အတွေ့အကြုံများ မျှဝေပေးခဲ့ပါကြောင်း၊ ယခုအခမ်းအနားတွင် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံပြည့် ၂၄၀၀၀၀ ကို ပေးအပ်လှူဒါန်းသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းအား ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေမှုအား တွေ့မြင်နေရပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံသွေးစည်းညီညွတ်မှုဖြင့် ဆက်လက်ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးပစ္စည်းကိရိယာများ လှူဒါန်းပွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ တရုတ်နိုင်ငံမှ နှစ်နိုင်ငံရင်းနှီးချစ်ကြည်စွာဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအတွက် ပံ့ပိုးဆောင်ရွက်နေမှုများအပေါ် ဝန်ကြီးဌာန၏ ဆေးရုံများမှ ဝန်ထမ်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် ပြည်သူများအားလုံးကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၄ သန်းကျော်နှင့် ကုမ္ပဏီနှင့် လူမှုအဖွဲ့အစည်းများက မတ် ၁၇ ရက်မှ ယနေ့အထိ အမေရိကန်ဒေါ်လာ ၈ သိန်း ၉ သောင်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်းကျော် တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ပံ့ပိုးပေးအပ်ခဲ့သည့်အပြင် ဆေးဘက်ဆိုင်ရာ ပညာရှင်အဖွဲ့များစေလွှတ်ပြီး ရောဂါကာကွယ်ထိန်းချုပ်မှု အတွေ့အကြုံများဝေမျှခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ပံ့ပိုးမှုများကြောင့် မြန်မာနိုင်ငံပြည်သူများ၏ အသက်များကို ကယ်တင်ကုသခြင်း၊ ပြည်သူများအကြား ရောဂါကူးစက်မှုကို ကာကွယ်ခြင်းနှင့် ရောဂါကူးစက်မှုလမ်းကြောင်းကို ဖြတ်တောက်ခြင်းလုပ်ငန်းများအတွက် များစွာအထောက်အကူပြုရုံသာမက ပံ့ပိုးသည့်ပစ္စည်းများအသုံးပြုကာ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသူများထံသို့ ရောဂါကူးစက်နိုင်မှု အလားအလာနည်းပါးစေခြင်းတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိပါကြောင်း။

**များစွာအကျိုးရှိမည်**

တရုတ်နိုင်ငံ၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန(Myanmar Center for Disease Control) ကို အမြန်ဆုံး စတင်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နေသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါဌာနပြီးစီးပါက ကူးစက်ရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေး စွမ်းဆောင်ရည်မြှင့်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ သုတေသနလေ့လာမှုများဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ခြင်း၊ ခေတ်ခွဲလုပ်ငန်းများ ပိုမိုအဆင့်မြင့်မားစွာ ဆောင်ရွက်ခြင်းစသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါဌာနကြီးသည် မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု သင်္ကေတအဖြစ် နှစ်ပေါင်းများစွာ တည်တံ့သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်နိုင်ငံမှ လှူဒါန်းသည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံပြည့် ၂၄၀၀၀၀ ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံ၊ ကျိုက်ထိုနှင့် ဘီးလင်းတို့၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၆**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ သထုံ၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်တို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ခင်းလမ်း လေးမိုင်၊ ကတ္တရာလမ်းတစ်မိုင်၊ ကွန်ကရစ်လမ်းတစ်မိုင်၊ ပေ ၂၀ အာရ်စီတံတားတစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်ရေပြွန်နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နှစ်ခု၊ မြေထိန်းနံရံတစ်ခု၊ အုတ်စီရေမြောင်းတစ်ခုတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၉၃၀ ဒသမ ၄၅၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးညဏ်မျိုးနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ငွေကြယ်**

# ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်ကို ဤသို့ရေးခြယ်ခဲ့ကြသည်

မမိုးမြေ

**"လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှား နေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင် ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ"** ဟု စာရေးဆရာ ဗန်းမော်တင်အောင်က ဆိုမိန့်ခဲ့ပါသည်။



ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ

ဓာတ်ပုံ-မြင့်မောင်မောင်

**လှိုင်းဂယက်ဒဏ်ကို အမျိုးမျိုးခံစားခဲ့ရ**

ရန်ကုန်တက္ကသိုလ်သည် နှစ်(၁၀၀) ပြည့်ပါတော့မည်။ ရန်ကုန်တက္ကသိုလ် မမွေးဖွားမီ ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံကောလိပ်သိပ္ပံကျောင်း ဘဝမှ ရုန်းထွက်၍ မြန်မာနိုင်ငံသားတို့အတွက် မမေ့စရာ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာခဲ့သည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။ ထိုမှတစ်ဆင့် ရန်ကုန်တက္ကသိုလ် မွေးဖွားသန့်စင်လာခဲ့သည်။ နယ်ချဲ့လက်အောက်တွင် ရုန်းကန်ရှင်သန်ခဲ့ရသော ရန်ကုန်တက္ကသိုလ်၏ ရာပြည့်သက်တမ်း ခရီးစဉ်သည် အဆင်းလှခဲ့သော်လည်း အနာကင်းခဲ့သည် မဟုတ်ပါ။ စိန်ပန်းပွင့်ရာ၊ ငုဝါပွင့်ရာ၊ ကံ့ကော်ပွင့်ရာ မြကျွန်းညိုသည် လှပပါပေသည်၊ ဘွဲ့နှင်းသဘင်သည် ခမ်းနားပါပေသည်၊ အဓိပတိလမ်းသည် ဣန္ဒြေရှိလှပါပေသည်၊ သို့ရာတွင် တက္ကသိုလ်၏ ဘဝခရီးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးလှိုင်းဂယက်ဒဏ်ကို အမျိုးမျိုးခံစားခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်၏ အရိပ်ကို ခိုလှုံကြကုန်သော ကျောင်းသားကျောင်းသူတို့သည်လည်း ဒဏ်ရာဒဏ်ချက်များ ရခဲ့ကြသည်။ ပညာရင့်လေ အသိဉာဏ်ရင့်လေဖြစ်သည့်အလျောက် နိုင်ငံ့တာဝန်ကို ထမ်းကြ၊ ပိုးကြ၊ ရုန်းကြ၊ ကန်ကြ၊ တော်လှန်ကြနှင့် ပင်ပန်းခဲ့ကြရသည်။ ပညာတတ် တက္ကသိုလ်ကျောင်းသားလူငယ်များသည်ပင် သမိုင်းပေးတာဝန်ကို ကျေကျေပွန်ပွန် ထက်ထက်မြက်မြက်ထမ်းဆောင်ခဲ့ကြသည်၊ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ တာဝန်ကျေသကဲ့သို့ စာရေးဆရာများသည်လည်း တာဝန်ကျေကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားတို့ သမိုင်းပေးတာဝန်ထမ်းဆောင်ပုံများကို ပါးစပ်ရာဇဝင်မျှနှင့် မကျေနပ်နိုင်ကြပါ။ စာပေဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။ စာပေသည် ခေတ်နှင့်မကင်းကွာပါ။ ခေတ်၏ ပုံရိပ်များကို ရေးခြယ်ပြကြရပါသည်။

**အရှေ့ကနေဝန်းထွက်သည့်ပမာ**

စာရေးဆရာ သိန်းဖေမြင့်သည် ရန်ကုန်တက္ကသိုလ်၏ ဆယ်ကျော်သက်အရွယ် အချိန်ကာလ၏ ပုံရိပ်များကို **"အရှေ့ကနေဝန်းထွက်သည့်ပမာ"** ဝတ္ထုတွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ **"အရှေ့က နေဝန်းထွက်သည့်ပမာ"** ဝတ္ထုကို ၁၉၅၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၅၈ ခုနှစ် စာပေဗိမာန်စာမူဆုရရှိခဲ့သည်။ ဝတ္ထု၏ နောက်ခံကာလမှာ လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန် နိုးကြားနေသည့် ၁၉၃၆ ခုနှစ်မှ ၁၉၃၈ ခုနှစ်ခန့်အထိ ဖြစ်ပါသည်။ ဂျပန်တို့ဝင်ရောက်စိုးမိုးသည့်အချိန်သို့ တိုင်ပါသည်။ ဇာတ်လမ်းမှာ တောနယ်လေးတစ်နယ်မှ လယ်ဝန်၏ စာရေးဖြစ်သော ဖခင်သည် မျက်နှာဖြူလူမျိုး လယ်ဝန်တို့၏ လက်အောက်တွင် စာရေးဘဝနှင့် ရပ်တည်ရသည်မှာ မျက်နှာငယ်လွန်းသည့်အတွက် သားဖြစ်သူအား တက္ကသိုလ်သို့ ခက်ခက်ခဲခဲ ပို့ခဲ့သည်။ လယ်ဝန်ကဲ့သို့ အရာရှိ၊ အရာခံဖြစ်ရန် ရည်ရွယ်ချက်နှင့် တက္ကသိုလ်တက်ခဲ့သော ဇာတ်ဆောင် တင်ထွန်းသည် တက္ကသိုလ်၌ အမျိုးသားရေးလှုပ်ရှားမှုများကို ကြုံတွေ့ရရာမှ ရည်ရွယ်ချက် လုံးဝပြောင်းသွားခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဝင် သခင်တင်ထွန်း ဖြစ်လာခဲ့သည်။ အမျိုးသားရေးလှုပ်ရှားမှုများတွင် ပါဝင်လာသည်။ ဇာတ်ဆောင်၏ စိတ်ထားပြောင်းပြီး ဇာတ်လမ်းလည်း ပြောင်းသွားသည်။ လွတ်လပ်ရေးတိုက်ပွဲဝင်သည့် တက္ကသိုလ်ကျောင်းသားတစ်ယောက်၏ ဇာတ်လမ်းဖြစ်သွားသည်။

ထိုသို့အားဖြင့် အဓိကဇာတ်ဆောင်၏ စရိုက်ကိုပြောင်းစေသည့် ရန်ကုန်တက္ကသိုလ်ဝန်းကျင်၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို **"ထိုနှစ်တွင် နိုင်ငံရေးဆွေးနွေးပွဲများမှာလည်း ပို၍များလာ၏။ တက္ကသိုလ်သမဂ္ဂခန်းမကြီးထဲတွင် လူစည်ကားသော နိုင်ငံရေးတရားပွဲများ သာမက သမဂ္ဂအတွင်းရေးမှူးအခန်း၊ ဥက္ကဋ္ဌအခန်း၊ ဒရဝမ်ကြီး ဦးကံသိန်း၏အခန်း၊ တိုလီမိုလီ ကိုထွန်းတင်၏ ဆံပင်ညှပ်ဆိုင်အခန်း၊ ကျောင်းဆောင်များရှိ သခင်ကျောင်းသားများအခန်း စသည်တို့တွင်လည်း နိုင်ငံရေးတရားပွဲများရှိတတ်လေသည်။ ထို့ပြင်သာမကသေး ညအချိန်အခါ ကျောင်းအုပ် ကြီး၏အခန်းနှင့် စာသင်ခန်းများအကြား မှောင်ရိပ်တွင် လည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် အင်းလျားကန်ကြားရှိ မှောင်ရိပ်တွင်လည်းကောင်း တိတ်တိတ်စုဝေးကာ နိုင်ငံရေး ဆွေးနွေးခြင်းများလည်း ပြုကြသေး၏"**ဟု ရေးသားတင်ပြခဲ့ပါသည်။

**အမျိုးသားရေးအသိ အစွမ်းကုန်နိုးကြား**

ဆယ်ကျော်သက်အရွယ် ရန်ကုန်တက္ကသိုလ်သည် သူ့အရိပ်တွင် ပညာသင်နေကြသော ကျောင်းသားတို့၏ အင်အားဖြင့် အမျိုးသားရေးအသိ အစွမ်းကုန်နိုးကြားနေသည်။ တက္ကသိုလ်ကျောင်းသားများသည် နိုင်ငံ၏ ခရီးလမ်းသစ်ကို ထွင်နေကြသည်မှာ အားတက်ဖွယ်ကောင်းပါဘိခြင်း။ ထိုသို့သော တက္ကသိုလ်၏ အမျိုးသားရေးလှုပ်ရှားမှု အငွေ့အသက်များကြောင့် တင်ထွန်း၏ စိတ်ပြောင်းလဲလာပုံကို **"ကျွန်တော်သည် တက္ကသိုလ်ပိဋကတ်တိုက်သို့ အရောက်နည်းသည်ထက် နည်းလာသည်။ တက္ကသိုလ်ပိဋကတ်တိုက်စာကြည့်ခန်းသည် ကျွန်တော့်အဖို့ အသက်ရှူကျပ်သလိုလို၊ စွတ်စိုထိုင်းမှိုင်းသလိုလို၊ မှောင်သလိုလို ထင်မိတော့သည်။ ကျွန်တော်သည် ကျောင်းသားသမဂ္ဂစာကြည့်တိုက်သို့သာ အရောက်များသည်ထက် များလာပါတော့သည်။ တက္ကသိုလ်သမဂ္ဂစာကြည့်ခန်းသည် ကျွန်တော့်အဖို့ အသက်ရှူချောင်သည်။ နှလုံးမွေ့လျော်ဖွယ်ရှိသည်။ အလင်းရောင်ထွန်းသည်။ ကျွန်တော်သည် ကျယ်ပြန့်၍ သားနားသော စာသင်ခန်းထက် ကျဉ်းကျပ်၍ နံ့ချာသော နိုင်ငံရေးဆွေးနွေးခန်းများကို ပိုလို့မြတ်နိုးနေပေပြီ။ နည်းပြဆရာ၏ သင်တန်းတွင် စာစီစာကုံးရေးရသည်ထက် အိုးဝေမဂ္ဂဇင်း၊ ဒဂုံမဂ္ဂဇင်း၊ တက္ကသိုလ်ကဏ္ဍနှင့် သတင်းစာများတွင် ဆောင်းပါးရေးရသည်ကို ပိုလို့နှစ်သက်စိတ်ဝင်စားနေပြီ"**ဟု တင်ပြခဲ့ပါသည်။

**စာမျက်နှာ ၇ သို့** ✶



## စာရေးသူ၏ အတ္ထုပ္ပတ္တိ

- ❖ အမည်ရင်းမှာ ဒေါက်တာခင်သန်းဦး၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) မြန်မာစာဌာန၊ ပုသိမ် တက္ကသိုလ် ဖြစ်သည်။ ဇာတိမှာ ဟင်္သာတဖြစ်သည်။
- ❖ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရသည်။ ၁၉၇၁ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရသည်။ ၂၀၀၆ ခုနှစ် (အသက် ၆၂ နှစ်) တွင် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ကို **"ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ"**ကျမ်းဖြင့် ရရှိခဲ့သည်။
- ❖ ၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နှစ် ၄၀ တိတိ မြန်မာစာဌာနတွင် နည်းပြမှ ပါမောက္ခအထိ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားယူပြီး ၂၀၀၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူအကြိုတန်းကို အချိန်ပိုင်းပို့ချခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်ထားသော စာပေဖန်တီးမှုနှင့် တည်းဖြတ်မှု ဒီပလိုမာသင်တန်း၌လည်း ပို့ချနေသည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၌လည်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။
- ❖ ၁၉၆၃ ခုနှစ်မှစ၍ တိုင်းရင်းမေဂျာနယ်တွင် တက္ကသိုလ် မခင်သူအမည်ဖြင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် မမိုးမြေအမည်နှင့် လုံးချင်းဝတ္ထုရှည်များစ၍ ရေးသားခဲ့ရာ ပထမဆုံး လုံးချင်းဝတ္ထုမှာ **"မလွမ်းချင်တော့ဘူးကွယ်"** ဖြစ်သည်။ ဝတ္ထုရှည် အပုဒ် ၇၀ ကျော်နှင့် ဝတ္ထုတို အပုဒ် ၁၀၀ ကျော် ရေးသားခဲ့သည်။ အငြိမ်းစားယူပြီးနောက် စာပေသဘောတရား စာအုပ်များကို ရေးသားခဲ့သည်။



ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ မှီငြမ်းကိုးကားရာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်။

ဓာတ်ပုံ-မြင့်မောင်မောင်

✶ စာမျက်နှာ ၆ မှ

**"အရှေ့ကနေဝန်းထွက်သည့်ပမာ"** ဝတ္ထုတွင် သမိုင်းမှာ အမှန်ရှိခဲ့သော ဇာတ်ဆောင်များ ပါဝင်သကဲ့သို့ စိတ်ကူးနှင့် ဖန်တီးထားသော ဇာတ်ဆောင်များလည်း ပါရှိသည်။ သမိုင်းဇာတ်ဆောင်များအဖြစ် ထိုခေတ်နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ဖဆပလအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သူများ ပါဝင်သည်။ စိတ်ကူးဇာတ်ဆောင်မှာ သခင်တင်ထွန်းနှင့် အမျိုးသမီး ဇာတ်ဆောင်များဖြစ်သော စီးပွားရေးသမား မမြမှီ၊ နိုင်ငံရေးကို စိတ်မဝင်စားသော ဂုဏ်ထူးတန်းကျောင်းသူ မမြင့်ဦးနှင့် ငယ်ရွယ်သူဖြစ်ပါလျက် အမျိုးသားရေးစိတ်ဓာတ်ထက်သန်သော မခင်သစ်တို့ ဖြစ်သည်။

ဒုတိယတက္ကသိုလ်ကျောင်းသားသပိတ်တွင် ကျဆုံးခဲ့ရသော ဗိုလ်အောင်ကျော်ကို **"ကျွန်တော်တို့အထဲတွင် ကိုအောင်ကျော်၏ မျက်နှာမှာ အထူးခြားဆုံးဖြစ်ပေသည်။ မာတောက်တောက် ကြွပ်ဆတ်ဆတ်နိုင်လှသော မျက်နှာနှင့် ကတုံးဘိုကေကို တစ်ခါမြင်ပြီးလျှင် မမေ့နိုင်ပေ"**ဟု သမိုင်း ဇာတ်ဆောင်အဖြစ် မှတ်တမ်းတင်ထားသည်။

### အဆုံးစွန် ထမ်းဆောင်ခဲ့ကြ

ထိုအချိန်ကဖြစ်ပွားခဲ့သော လူမျိုးရေးအဓိကရုဏ်းတွင် သွေးဆူနေသော ကျောင်းသားတပ်ကြီးနှင့် ကျောင်းသားခေါင်းဆောင်များ ပါဝင်လှုပ်ရှားကြပုံကို **"ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုဗဟိန်းတို့လည်း ရောက်ရှိလာကြသည်။ နည်းပြဆရာ ကိုကျော်ငြိမ်းနှင့် ကိုသာလှတို့လည်း လာရောက်ကြသည်။ အခြားကျောင်းသားခေါင်းဆောင်များကိုလည်း တွေ့ရလေသည်"**ဟု ရေးသားခဲ့သည်။ ဆယ်ကျော်သက်အရွယ် ရန်ကုန်တက္ကသိုလ်သည် အမျိုးသားရေး လှုပ်ရှားမှုများနှင့် သက်ဝင်လှုပ်ရှားနေသည်။ ရန်ကုန်တက္ကသိုလ်၏ ရင်သွေးရင်နှစ်များသည် မိမိပခုံးပေါ်ကျလာသည့် သမိုင်းပေးတာဝန်ကို အဆုံးစွန် ထမ်းဆောင်ခဲ့ကြသည်။

လွတ်လပ်ရေးရပြီးနောက် ဖဆပလအဖွဲ့အာဏာရစဉ်တွင် ဝန်ကြီးတစ်ဦးဖြစ်လာခဲ့သော ဦးကျော်ငြိမ်း၏ ရန်ကုန်တက္ကသိုလ်၌ ဆရာအဖြစ်နှင့် ရှိနေဟန်ကို သိန်းဖေမြင့်က **"သူ့မှာပိန်လှသည့်အပြင် ပြုံလဲတော့မည့်ကိုယ်အနေမျိုးရှိလေသည်။ ဝတ်ထားသောအပေါ်အင်္ကျီမှာ သူပိုင်မှဟုတ်ပါလေသလားဟု သံသယဖြစ်လောက်အောင် ချောင်၍တွဲကျနေလေသည်။ လေယာဉ်ပျံကွင်းထိုးဖိနပ်ကိုလည်း အားရှိပါးရှိစီးနင်းမထား။ တွေ့ရုံတွေ့ထားဟန်ရှိသည်"** ဟု သရုပ်ဖော် ခြယ်မှုန်းပြထားသည်။ ထိုစဉ်က ဦးကျော်ငြိမ်းသည် ဘီအေအောင်ပြီး အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာလုပ်နေသည်ဟု ဖော်ပြထားသည်။

စာရေးဆရာ သိန်းဖေမြင့်သည် မိမိကိုယ်ကို အရန်ဇာတ်ဆောင်၊ သမိုင်းဇာတ်ဆောင်အဖြစ် ထည့်သွင်းလှုပ်ရှားစေပြန်သည်။ ဇာတ်ဆောင်သခင်တင်ထွန်း၏ အမြင်ဖြင့် **"သူကား ဆရာ ကိုကျော်ငြိမ်းတို့ အရွယ်မှာရှိပြီး ချည်လုံချည်နှင့် ပင်နီအင်္ကျီကို ဝတ်ဆင်ထားသဖြင့် သခင်တစ်ယောက် ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ သူ့မှာ အရပ်မတိုမရှည်နှင့် ပိန်ပိန်ပါးပါးဖြစ်သည်။ သို့သော် ကြီးမားသော ရှေ့သွားနှစ်ချောင်းပေါ်နေအောင် သွားဖြဲကြီးနှင့် ဖြစ်သည်။ သူ့မျက်ခုံးများသည် အဘယ်မျှ ထူပါသနည်းဆိုသော် မျက်မှန်၏ ထူသော ကျွဲကော်ကိုင်းကိုပင် လွှမ်းမိုးနိုင်ပေသည်။ သူကား တက်ဘုန်းကြီး ကိုသိန်းဖေ ဖြစ်သည်ဟု သိရ၏"**ဟု ဖော်ပြခဲ့သည်။



ရန်ကုန်တက္ကသိုလ် ပြတိုက်အဆောက်အအုံကို ဤသို့တွေ့ရစဉ်။ ဓာတ်ပုံ-မြင့်မောင်မောင်

မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့်ကဏ္ဍများတွင် ရန်ကုန်တက္ကသိုလ်သည် ပါဝင်နေသည်။ ထိုပုံရိပ်များကို စာရေးဆရာသည် ရာပြည့်ခရီးတိုင် အရိပ်ထင်နေအောင် ဆောင်ကြဉ်းလာခဲ့ပါသည်။

### ရုပ်ပုံလွှာအဖွဲ့များဖြင့် မှတ်တမ်းတင်ခဲ့ပြန်

ဒဂုန်တာရာသည်လည်း ရန်ကုန်တက္ကသိုလ်၏ ပျို့ရွယ်နုနယ်သည်နှင့်အမျှ ပင်ပန်းလှသော ပုံရိပ်များကို ရုပ်ပုံလွှာအဖွဲ့များဖြင့် မှတ်တမ်းတင်ခဲ့ပြန်သည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းသားများအဖြစ်နှင့် နိုင်ငံရေးကို ဆောင်ရွက်ရင်းနိုင်ငံ့ခေါင်းဆောင်များ ဖြစ်လာကြသည့်ပုံရိပ်များ ပါဝင်သည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် သခင်ဗဟိန်း၊ သခင်ဗဆွေ၊ ကိုကျော်ငြိမ်း၊ သခင်သန်းထွန်း၊ သခင်နုတို့ ပါဝင်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝပုံရိပ်ကို ဒဂုန်တာရာက သူ့ရှုထောင့်မှနေ၍ **"သိသောသူများအနက် ကိုအောင်ဆန်းမှာ ထူးခြားသောဟန်ဖြင့် ပေါ်လွင်နေ၏။ ထူးခြားခြင်းကား ချစ်စဖွယ်ပြုံးပြသော သခင်ဗဟိန်းကဲ့သို့ ခင်မင်စရာ လူတစ်ယောက်ကဲ့သို့ မဟုတ်။ ကိုကြီးနုလို မှုန်ငေးရီဝေသောအကြည့်ဖြင့် လူတစ်ဖက်သားကို ညို့ယူသော စိတ်ညို့အိပ်ငွေ့ချသမားဆန်ဆန်လူမျိုးလည်း မဟုတ်၊ ချစ်ခင်စွဲငြိဖွယ်ရာမျိုးကား လုံးဝမဟုတ်၊ မှုန်ကုပ်ကုပ် ကြောင်စင်းစင်းနှင့် ...။ မှုန်ကုပ်ကုပ် တစ်စုံတစ်ရာကို အာရုံစိုက်၍ တွေးတောကြံဆနေသဖြင့် အတွင်းမှ လေးနက်ထက်သန်စွာ တွေးတောခြင်းမှ အပြင်မျက်နှာ အမူအရာ၌ မျက်မှောင်ကုပ်ဟန်ဖြင့် ထင်ရှားစွာ ဖော်ပြလျက်ရှိနေသည်"**ဟု သရုပ်ဖော်ရေးဖွဲ့သည်။

သခင်အောင်ဆန်းသည် ပဲခူးဆောင်ကျောင်းသားဖြစ်သည်။ အခန်းထဲ၌လည်း စာအုပ်များ ပြန့်ကျဲနေတတ်သည်။ သူသည် ဘာကိုမျှ ဂရုမစိုက်။ ပြည်သူကို နှုတ်ဖြင့် စကားများများ မပြောအားပါ။ နယ်ချဲ့လက်အောက်တွင် နာတာရှည်လူမမာကြီး ဖြစ်နေရသော မြန်မာနိုင်ငံကို ကယ်တင်ရန် တစ်ခုတည်းသာ သူ့အာရုံမှာရှိသည်။ ပြည်သူ့ဘဝတွေကိုသာ ခံစားသည်။ ထိုသို့သော သခင်အောင်ဆန်း၏ ပုံရိပ်ကို ဒဂုန်တာရာက **"ရှေ့ကိုမျက်လုံးကြီးစိုက်ကာ ဗမာပြည်ကြီး လွတ်လပ်ရေးရအောင်ဟု ဒလဟောစီးကျသော စမ်းရေအဟုန်ဖြင့် သွန်ချလျက်ရှိတတ်သည်"**ဟုလည်းကောင်း၊ **"ထိုအခါများတွင် ဘယ်သူမှ ကြားဖြတ်ဝင်ပြော၍မရ၊ နေဦး--- ကျုပ်ပြောဦးမယ် ဟူ၍ပင် လက်ဖြင့်ကာလျက် စိတ်ပါလက်ပါပြောလျက်ရှိနေ၏။ ကျွန်တော်တို့မှာ ပြုံး၍သာနေကြရသည်။ ဤမျှနိုင်ငံရေးစိတ်ဓာတ်ပြင်းထန်သည်"**ဟု လည်းကောင်း ဒဂုန်တာရာက မှတ်တမ်းတင်ခဲ့ပါသည်။ ဒဂုန်တာရာကပင် နိုင်ငံရေးသမားပီသပုံကို **"သူ့တွင် နိုင်ငံရေးရည်ရွယ်ချက်ကလွဲ၍ အခြားကိုယ်ရေးကြီးပွားမှု၊ ကိုယ်ရေးအာသာဆန္ဒ၊ ကိလေသာရမ္မက်ဖြည့်မှုတို့နှင့် ရောထွေးကပ်ငြိခြင်းမရှိ၊ နိုင်ငံရေးသမားအဖြစ် ပြည့်ဝကုံလုံခြင်းရှိသည်။ စာပေနှင့်မကင်းကွာ"**ဟု မှတ်ချက်ချခဲ့ပါသည်။

### အောင်ဆန်း သို့မဟုတ် အရိုင်းဆိုသည့် ရသ စာတမ်း

ကျောင်းသားဘဝက လူမှုရေးကို အလေးမထားနိုင်သော်လည်း နှလုံးသားမှာမူ ဖြူစင်နူးညံ့လှသည်။ ဒဂုန်တာရာက အောင်ဆန်း သို့မဟုတ် အရိုင်းဆိုသည့် ရသ စာတမ်းရေးခဲ့ရာတွင် သခင်အောင်ဆန်းက **"တာရာကတော့ ငါ့ကိုအရိုင်းတဲ့ကွာ၊ ငါဟာ စင်စစ်တော့ ရိုင်းသလောက် ရိုင်းပါတယ်၊ ဒါပေမယ့် မရိုင်းတဲ့အချက်ကလေးတွေလည်း ရှိပါသေးတယ်ကွာ"** ဆိုသောအပြောက သက်သေခံနေပါသည်။

သခင်အောင်ဆန်းတွင် ကံ့ကော်တော၌ ဘဝပေး၍၊ အသည်းပေး၍ ချစ်ရမည့်သူလည်း မရှိခဲ့ပါ။ ရှိမည်ဆိုလျှင် သူချစ်သောအမိမြန်မာနိုင်ငံသာဖြစ်ပါလိမ့်မည်။ သခင်အောင်ဆန်းအတွက်တော့ ရေလှိုင်းခတ်သံ၊ သစ်ရွက်ကြွေသံ၊ ကျေးငှက်မြည်သံတို့ကို ကြားမိမည်မထင်ပါ။ တက္ကသိုလ်ကျောင်းက ငွေလဝန်းကိုလည်း ကြည့်အားမည်မထင်ပါ။ သို့ရာတွင် သူသည် အမိရန်ကုန်တက္ကသိုလ်၏ ကျောင်းတော်သားတစ်ယောက် ဖြစ်ခဲ့ပါသည်။

### ထိုခေတ်တက္ကသိုလ်တွင် ရှိနေခဲ့ကြသော သူတို့၏ ပုံရိပ်အမျိုးမျိုး

၁၉၈၅ ခုနှစ်ခန့်တွင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ဆရာဦးခင်မောင်တင့်သည် တက္ကသိုလ်ဘုန်းနိုင် အမည်ဖြင့် **"ညီမလေးရယ် စိုးရိမ်မိတယ်"** ဝတ္ထုကို ရေးခဲ့ပါသည်။ တက္ကသိုလ် ဆရာလေး ဦးမြင့်သူသည် တက္ကသိုလ် ကျောင်းသူ မေဘယ်လ်နှင့် ချစ်ခဲ့ကြသည်။ မေဘယ်လ်သည် ကိုမြင့်သူကို စွန့်ပစ်ပြီး နိုင်ငံခြားသို့ ထွက်သွားခဲ့သည်။ တစ်ချိန်တွင် မေဘယ်လ်၏ ညီမ မေရီနှင့် ဆရာ ကိုမြင့်သူတို့ တွေ့ဆုံကြပြီး ချစ်ခဲ့မိကြသည့် ဇာတ်လမ်း ဖြစ်သည်။ ထိုဝတ္ထုသည် အလွန်နာမည်ကျော်ကြားခဲ့သည်။ လူငယ်များအား တက္ကသိုလ်သို့ ရောက်လိုဇော ထက်သန်စေခဲ့သည်။ ဝတ္ထု၏ ဖမ်းစားမှုကြောင့် ရန်ကုန်တက္ကသိုလ်သက်တမ်း အနှစ် ၄၀ ခန့်တွင် တက္ကသိုလ်သို့ ရောက်ကြသော ကျောင်းသား ကျောင်းသူများကို လွှမ်းမိုးနိုင်ခဲ့သည်။ ဝတ္ထုနောက်ခံဖြစ်သည့် ဝိဇ္ဇာမဟာဌာနရှိ စိတ်ပညာဌာန၊ ဒဿနိကဌာနများသို့ သွား၍ ကြည့်ကြသည်။ ဆရာ ဦးမြင့်သူနှင့် မေရီတို့ ဆုံတွေ့ရာနေရာများအဖြစ် ကြည့်ကြခြင်းပါ။ ဆရာဦးမြင့်သူသည် မည်သူဖြစ်မည်နည်းဟု ရှာကြသည်။ မေရီကိုလည်း ရှာကြသည်။ ထိုမျှ လွှမ်းမိုးနိုင်ခဲ့သော တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထု၌ ထိုခေတ်တက္ကသိုလ်တွင် ရှိနေခဲ့ကြသောသူတို့၏ ပုံရိပ်အမျိုးမျိုးကို တွေ့ရသည်။

လွတ်လပ်ရေးရပြီး ဆယ်နှစ်ကျော်ကာလဖြစ်၍ နိုင်ငံရေးမတည်ငြိမ်မှုများသည် တက္ကသိုလ်လောက၌ ဂယက်ရိုက်လျက်ရှိသည်။ ထိုခေတ်က တက္ကသိုလ်တွင် ကိုလှဝေကဲ့သို့ နိုင်ငံရေးမှိုင်းမိကာ ချစ်သူကိုစွန့်ခွာ၍ လေလွင့်ပျက်စီးနေသူများရှိသည်။ ငြိမ်းကဲ့သို့ မျက်မှန်ထူထူတပ်ကာ စာပေ၌ မွေ့လျော်သူများရှိသည်။ တက္ကသိုလ်တွင် နှစ်ရှည်လများ မအောင်မချင်း ပျော်ပျော်ကြီးနေသူများလည်းရှိသည်။ ထိုသို့အားဖြင့် တက္ကသိုလ်ရှိ အလှအမျိုးမျိုး၊ ဘဝအမျိုးမျိုးကိုလည်း အနုစိတ်ခြယ်မှုန်းပြထားပါသည်။ တက္ကသိုလ်နှင့်ပတ်သက်သော အဖွဲ့အနွဲ့များသည် တိမ်းညွတ်ဖွယ်ဖြစ်၍ စာဖတ်သူတို့၏ စိတ်ကို အချိန်ရှည်ကြာစွာ လွှမ်းမိုးစေခဲ့သော အနုပညာလက်ရာများဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်၏ အရိပ်ခိုခဲ့သူများသည် ကျရာနေရာမှနေ၍ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြပါလိမ့်မည်။ စာပေရေးဖွဲ့သူတို့ကလည်း သူ့ဘဝပေးတာဝန်အရ တက္ကသိုလ်ကို မှတ်တမ်းတင်၍ မဆုံးနိုင်တော့ပါ။

ရန်ကုန်တက္ကသိုလ် ကမ္ဘာတည်သရွေ့ အသက်ရှည်ပါစေ။ ကျန်းမာချမ်းသာပါစေ။ ။


ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဗိုလ်အောင်ကျော်အထိမ်းအမှတ် ကျောက်တိုင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မြင့်မောင်မောင်

**သခင်အောင်ဆန်းတွင် ကံ့ကော်တော၌ ဘဝပေး၍၊ အသည်းပေး၍ ချစ်ရမည့်သူလည်း မရှိခဲ့ပါ။ ရှိမည်ဆိုလျှင် သူချစ်သော အမိမြန်မာနိုင်ငံသာဖြစ်ပါလိမ့်မည်။ သခင်အောင်ဆန်းအတွက်တော့ ရေလှိုင်းခတ်သံ၊ သစ်ရွက်ကြွေသံ၊ ကျေးငှက်မြည်သံတို့ကို ကြားမိမည်မထင်ပါ။ တက္ကသိုလ်ကျောင်းက ငွေလဝန်းကိုလည်း ကြည့်အားမည်မထင်ပါ။ သို့ရာတွင် သူသည် အမိရန်ကုန်တက္ကသိုလ်၏ ကျောင်းတော်သားတစ်ယောက် ဖြစ်ခဲ့။**

# နိုင်ငံအတွက်အရေးကြီးတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ မဲပေးခွင့်ရှိသူအားလုံး မဲလာရောက်ပေးကြပါလို့ ပြောချင်ပါတယ်

**ဦးကျော်မိုးကြည်**

ရန်ကုန် နိုဝင်ဘာ ၆

**နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်တော့မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် မဲရုံပေါင်း ၅၈၀၉ ရုံ ပြင်ဆင်ဆောင်ရွက်ထားပြီး မဲရုံများတွင် မဲရုံမှူး၊ ဒုမဲရုံမှူးအပါအဝင် အဖွဲ့ဝင် တစ်သောင်းကျော် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။**

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၆၁ သိန်းကျော်ရှိပြီး ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၇ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၁)လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၅၂ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၂)လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃၃ ဦး၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးနှင့် တစ်သီးပုဂ္ဂလမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုများကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ရွေးကောက်ပွဲနေ့မှာ မဲဆန္ဒရှင်ပြည်သူတွေ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို သိပါရစေ။**

ဖြေ ။ ။ အခုဆိုရင် ရွေးကောက်ပွဲကျင်းပဖို့ ၂ ရက်ပဲ လိုပါတော့တယ်။ ရွေးကောက်ပွဲနေ့မှာ မဲလာပေးကြမယ့် မဲဆန္ဒရှင်တွေ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေဖို့အတွက် မဲရုံမှာ တာဝန်ထမ်းဆောင်မယ့် မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေကို သင်တန်းပေးစဉ်ကတည်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လက်တွေ့ရော၊ စာတွေ့ရော ကိုဗစ်-၁၉ ကာကွယ်နည်းတွေကို ပို့ချခဲ့တာဖြစ်ပါတယ်။

မြေပြင်မှာ မဲလာပေးတဲ့နေ့မှာလည်း မဲဆန္ဒရှင်တွေကို မဲရုံထဲဝင်တာနဲ့ ကိုယ်အပူချိန်တိုင်းပါမယ်၊ လက်သန့်ဆေးရည်တွေနဲ့ လက်ကိုသန့်စင်စေပါမယ်၊ Mask 95 တွေ အခမဲ့ပေးပြီး တပ်ဆင်စေပါမယ်၊ မဲရုံထဲရောက်တာနဲ့ သက်သေခံ လက်မှတ်တွေကို တိုက်ဆိုင်စစ်ဆေးပြီးတော့ မဲလက်မှတ်တွေ ထုတ်ပေးမှာဖြစ်ပါတယ်။ မဲဆန္ဒပြုပြီး ပြန်ထွက်လာရင် လက်သန်း မင်တို့ခါနီးရင်လည်း လက်ကို ရေမလိုလက်သန့်ဆေးရည်နဲ့ သန့်စင်ပြီး လက်သန်းမင်တို့ပြီးမှ မဲရုံက ထွက်ခွာရမှာဖြစ်ပါတယ်။ မဲရုံအတွင်းမှာရော၊ မဲရုံပြင်ပမှာရော တစ်ဦးနဲ့တစ်ဦး ခြောက်ပေ အကွာနဲ့ တန်းစီပြီးတော့ ဆောင်ရွက်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒါတွေကတော့ ရွေးကောက်ပွဲနေ့မှာ ကိုဗစ်-၁၉ရောဂါ မကူးစက်အောင် ပြင်ဆင်ထားတာဖြစ်ပါတယ်။

**မေး ။ ။ မဲသွားပေးကြမယ့် မဲဆန္ဒရှင်တွေအနေနဲ့ နေအိမ်ကနေ မထွက်ခွာခင် ဘာတွေပြင်ဆင်ဆောင်ရွက်သွားသင့်သလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ မဲရုံကို မဲသွားပေးကြတော့မယ်ဆိုရင် မှတ်ပုံတင် သက်သေခံကတ်ပြားကို မဖြစ်မနေယူဆောင်သွားရမယ်။ ကိုယ်မဲသွားပေးရမယ့် မဲရုံကို သိဖို့လိုတယ်။ မဲရုံဘယ်နေရာမှာ ရှိတယ်ဆိုတာ လည်း သိဖို့လိုပါတယ်။ ကိုယ့်ရဲ့မဲစာရင်း အမှတ်စဉ်မသိရင် ဟိုရောက်ရင် ရှာရမယ်။ မဲစာရင်း အမှတ်စဉ်သိပြီးလို့ မဲရုံထဲရောက်သွားရင် မဲစာရင်းစစ်ဆေး သူကို သက်သေခံကတ်ပြားလည်းပြလိုက်မယ်၊ မဲစာရင်းအမှတ်ကိုလည်း ပြောလိုက်ရင် မဲလက်မှတ်မြန်မြန်ဆန်ဆန်ရရှိမှာဖြစ်ပါတယ်။ ဆန္ဒပြုတဲ့အခါမှာလည်း မဲလက်မှတ်တွေကို သေသေချာချာ စိစစ်ပါ။ မဲလက်မှတ်မှာ အစွန်းအထင်း ရှိသလား၊ မဲလက်မှတ်စုတ်ပြဲနေသလားဆိုတာ စိစစ်ပြီး မဲလက်မှတ်မှာ တစ်ခုခု ဖြစ်နေရင် အချိန်မီ ပြန်လဲခိုင်းလို့ရပါတယ်။ အဲဒီနေရာမှာ သတိထားရမှာက ကိုယ်ကအမှန်ခြစ်ပြီး တံဆိပ်တုံးထုပြီးရင် ပြန်လဲခွင့်မရှိတော့ဘူး။ ဥပမာ ကိုယ်က A ပါတီပေးချင်တယ်။ မှားပြီး B ပါတီထုပြီးရင် ဆန္ဒပြုပြီးတာဖြစ်တဲ့ အတွက် ပြန်လဲခွင့်မရှိပါဘူး။ ငါတို့ဘယ်ဟာ လုပ်လိုက်ရင် ပယ်မဲဖြစ်မယ်ဆိုတာ ရှောင်လိုက်ရင် ခိုင်လုံမဲဖြစ်သွားပြီ။ ခိုင်လုံမဲ၊ ပယ်မဲနှစ်ခုလုံး မှတ်စရာမလိုဘူး။ ပယ်မဲဘယ်လိုဖြစ်တယ်ဆိုတာ မှတ်သားရှောင်ကြဉ်ရင် အဆင်ပြေမှာဖြစ်ပါတယ်။ ကိုယ်ဆန္ဒပြုထားတဲ့ မဲလက်မှတ်တွေကိုလည်း ပုံးထဲကို သေသေချာချာ စိစစ်ပြီး ထည့်ပေးပါ၊ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ မဲပေးတဲ့လုပ်ငန်းစဉ်တွေ မြန်မြန်ဆန်ဆန်လေးလုပ်ပေးကြပါလို့ ပြောချင်ပါတယ်။ ဒါမှ တခြားသူတွေလည်း အချိန်မီမဲပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ မဲရုံတွေပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ မဲရုံတွေကို အကျယ်အဝန်းနေရာရတဲ့ စာသင်ကျောင်းတွေမှာ ပြင်ဆင် ဆောင်ရွက်ထားပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းတွေကို Quarantine Centre အဖြစ် အသုံးပြုခဲ့တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ မြေပြင်မှာ ဆင်းစစ်ပြီးတော့ မဲပေးရမယ့်ရက်ကလည်း နီးလာတော့ Quarantine Centre အဖြစ် အသုံးပြုခဲ့တဲ့ စာသင်ကျောင်းတွေက မဲရုံအဖြစ် အသုံးပြုလို့မရတော့ဘူး။ မရတော့တဲ့အတွက် ယာယီမဲရုံတွေ တည်ဆောက်ခဲ့ပါတယ်။ ရန်ကုန်တိုင်း ခရိုင် လေးခရိုင်မှာ ယာယီမဲရုံ ၂၃၀ ကျော်တည် ဆောက်ခဲ့ပါတယ်။ ယာယီမဲရုံတွေကိုလည်း လေဝင်လေထွက် ကောင်းတဲ့နေရာတွေမှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။

**မေး ။ ။ မဲရုံတွေမှာ မဲရုံစောင့်ကြည့်ရေးအဖွဲ့တွေကို ဘယ်နှဖွဲ့လောက် ခွင့်ပြုထားသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားတာလည်းရှိတယ်၊ တိုင်း၊ ခရိုင်တွေမှာ လျှောက်ထားတာလည်း ရှိပါတယ်။ စောင့်ကြည့် အဖွဲ့တွေကို သတ်မှတ်ထားတဲ့ လည်ဆွဲတွေပါရင် ခွင့်ပြုသွားမှာဖြစ်ပါတယ်။ တချို့ဆိုလည်း မြို့နယ်တစ်မြို့နယ်ထဲ စောင့်ကြည့်ဖို့ လျှောက်ထားတာရှိတယ်။ စောင့်ကြည့်အဖွဲ့တွေမှာ လိုက်နာရမယ့် စည်းကမ်းတွေရှိတယ်။ စောင့်ကြည့်အဖွဲ့ တွေအနေနဲ့ မဲရုံမှူးက စီစဉ်သတ်မှတ်တဲ့နေရာကနေ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဘယ်အချိန်ကနေစပြီး မဲပေးလို့ရပါသလဲခင်ဗျာ။**

ဖြေ ။ ။ မဲပေးတာနဲ့ပတ်သက်လို့ နံနက် ၆ နာရီထိုးပြီဆိုတာနဲ့ မဲရုံးမှူးက မဲပေးလို့ရပြီဆိုတာ ကြေညာမယ်။ မဲရုံမှူး ကြေညာပြီဆိုတာနဲ့ ကျန်တဲ့ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေကလည်း မြန်မာစံတော်ချိန်နဲ့ နာရီကို အချိန်ကိုက်ဖြစ်အောင် လုပ်ထားရမှာ ဖြစ်ပါတယ်။ ညနေ ၄ နာရီထိုးလို့ မဲရုံပိတ်ရင် အချိန်မတူမှာစိုးလို့ အချိန်ကိုက်ဖြစ်အောင် လုပ်ထားရမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ ညနေ ၄ နာရီ ထိုးသွားရင်လည်း သတ်မှတ်ထားတဲ့ မဲရုံပရဝဏ်ထဲမှာ ရှိနေရင် မဲပေးလို့ရပါတယ်။ သတိထားရမှာက မဲရုံထဲမှာ လူတွေအများကြီး ကိုယ့်အလှည့်မရောက်တော့ဘူးဆိုပြီး မထင်လိုက်ပါနဲ့။ မဲရုံပရဝဏ်ထဲ ဝင်ရောက်ထားရင် မဲပေးလို့ရပါတယ်။



ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်

**မေး ။ ။ အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူတွေကို ရန်ကုန်တိုင်းဒေသကြီး အတွင်း ကြိုတင်ဆန္ဒမဲကောက်ယူထားရှိမှုကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ် ကြီးရင့်သူဦးရေ ရှစ်သိန်းခန့်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေဖို့ အတွက် ကြိုတင်ဆန္ဒမဲ အိမ်တိုင်ရာရောက် ကောက်ယူတာ ဆန္ဒမဲပေးသူဦးရေ ခုနစ်သိန်းကျော် ရှိပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ ဒီအချိန်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှာကြောက်ပြီး မဲလာမပေး ရဲတဲ့သူတွေလည်းရှိပါတယ်။ သို့သော်ငြားလည်း နိုင်ငံအတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ မဲပေးခွင့်ရှိသူအားလုံး မဲလာရောက်ပေးကြပါလို့ ပြောချင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိအောင်လည်း အစွမ်းကုန်ကြိုးစား ဆောင်ရွက်ထားပါတယ်။

ယခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**

## သဃ်န်းကျွန်းမြို့နယ်၌ မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ ခွဲဝေထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၆

သဃ်န်းကျွန်းမြို့နယ် ရပ်ကွက်များရှိ မဲရုံ ၁၃၉ ရုံမှ မဲရုံမှူးများအား မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ ခွဲဝေထုတ်ပေးခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက သဃ်န်းကျွန်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြုလုပ်ခဲ့သည်။

ထိုသို့ မိမိနေထိုင်ရာရပ်ကွက်မဲရုံတို့၌ မဲထည့်ရန် စာရင်းသွင်းထားသော မဲဆန္ဒရှင်များ လုံခြုံအေးချမ်းစွာ စနစ်တကျ တစ်ယောက်မကျန် ဆန္ဒမဲပေးနိုင်ရန် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မဲရုံ ၁၃၉ ရုံမှ မဲရုံမှူးများအား ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများကို လုံခြုံစွာထုပ်ပိုး၍ ခွဲဝေထုတ်ပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း တာဝန်ထမ်းဆောင်မည့် မဲရုံတာဝန်ရှိသူများနှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့များ၊ မဲဆန္ဒရှင်များအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက နှာခေါင်းစည်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ကြိုတင်၍ လုံလောက်စွာထုတ်ပေးထားကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



## ခေါင်လန်ဖူးမြို့နယ်အတွက် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန်ပစ္စည်းများ တပ်မတော်ရဟတ်ယာဉ်ဖြင့်ပို့ဆောင်

ခေါင်လန်ဖူး နိုဝင်ဘာ ၆

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ မဲရုံများတွင်အသုံးပြုရန် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အသုံးပြုရန်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းက ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့သို့ တပ်မတော်ရဟတ်ယာဉ်အသုံးပြုကာ ပို့ဆောင်ပေးခဲ့သည်။

ခေါင်လန်ဖူးမြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ မဲရုံပေါင်း ၃၆ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၈၉၀၉ ဦးတို့ ကိုဗစ်-၁၉ ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေး အချိန်မီဖြန့်ဝေပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၇၈၅၆ ခု၊ PPE Cover All ၁၈၀၊ Goggle ၁၈၀၊ မျက်နှာအကာများ၊ Boot ၁၈၀၊ Surgical Gloves ၁၈၀ ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## မဲဆန္ဒရှင်များ အောင်မြင်စွာမဲပေးနိုင်ရေး မဲရုံများ ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ဖျာပုံ နိုဝင်ဘာ ၆

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ကောင်းမွန်လုံခြုံဘေးကင်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဖျာပုံမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အမှတ်(၉)ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မော်ဘီကျေးရွာရှိ အမှတ်(၁)ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ တာဝန်ရှိသူများက စနစ်တကျပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ် အမှတ် ၉ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၇၀၀ ကျော်၊ မော်ဘီကျေးရွာ အမှတ်(၁)ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၃၀၀ ကျော်ရှိပြီး ဖျာပုံမြို့နယ်အနေဖြင့် မဲရုံ ၂၄၉ ရုံနှင့် ဆန္ဒမဲပေးခွင့်ရှိသူ နှစ်သိန်းတစ်သောင်းကျော်ရှိကြောင်း သိရသည်။

**သပြေထွန်း**

စာပေမြင့်မှ လူမျိုးတင့်မည် ❘ စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်ချက်ဓာတ်ပုံမှတ်တမ်း (၂၀၁၆ - ၂၀၂၀) စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ခဲ့သည့် (၂၀၁၆-၂၀၂၀)ခုနှစ်ကာလအတွင်း တိုင်းပြည်နှင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ တွေ့မြင်သိရှိနိုင်စေရန်နှင့် မှတ်တမ်းတင်ကျန်ရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆-၂၀၂၀) စာအုပ်ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၅ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။

**ကဏ္ဍစုံလင်စွာ ဖော်ပြထား**

စာအုပ်တွင် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးကဏ္ဍဆောင်ရွက်ချက်များ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များ၊ စီးပွားရေးကဏ္ဍဆောင်ရွက်ချက်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍဆောင်ရွက်ချက်များ၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ပညာရေးကဏ္ဍဆောင်ရွက်ချက်များ၊ ကျန်းမာရေးကဏ္ဍဆောင်ရွက်ချက်များ၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေး ဆောင်ရွက်ချက်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကို ဓာတ်ပုံပေါင်း ၉၉၅ ပုံ၊ စာမျက်နှာ ၄၀၀ ဖြင့် ခန့်ထည်သပ်ရပ်စွာ စီစဉ်ထုတ်ဝေထားသည်။

**ဝယ်ယူရရှိနိုင်**

အဆိုပါ **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေးဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း** (၂၀၁၆ - ၂၀၂၀) စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ရုံးအမှတ် (၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော် ဖုန်း-၀၆၇-၃၄၁၂၃၇၁၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်) အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၈၃၇၁၃၄၀၊ ၀၁-၈၂၀၁၀၉၃၆၊ အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (နေပြည်တော်) ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (ရန်ကုန်) ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်အရောင်းဆိုင် (မန္တလေး) ဖုန်း-၀၂-၄၀၃၀၁၈၆၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် ဖုန်း-၀၁-၂၄၈၁၀၂ တို့မှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ကန်ပက်လက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၆၄၆ ဒသမ ၁၅၈ သန်းဖြင့် ဆောင်ရွက်သည့်လမ်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၆၄၆ ဒသမ ၁၅၈ သန်းဖြင့် ဆောင်ရွက်သည့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ ကန်ပက်လက်-ခိတော်-ကံကြီးလမ်း ခုနစ်မိုင်တွင် ချင်းလက်မွန်-အောက်လက်မွန်အထိ နှစ်မိုင် ကျောက်လမ်းခင်းခြင်းနှင့် ကျန် ငါးမိုင်အား ကျောက်ချောလမ်းမျက်နှာပြင် အကျယ် ၁၂ ပေခင်းခြင်း လုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မင်းတပ်)မှ သိရသည်။



ကန်ပက်လက်မြို့နယ် ဖွံ့ဖြိုးရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည့် လမ်းများအား Asia Golden Bridge နှင့် My Star ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် သွားလာရေးခက်ခဲသော ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်အတွင်းရှိ ကျေးရွာ ၂၇ ရွာ၊ အိမ်ခြေ ၁၀၂၅ အိမ်၊ လူဦးရေ ၄၈၂၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်းထွန်း(သတင်းစဉ်)**

# တပ်ကုန်းမြို့နယ်ရှိ ကျေးရွာ ၅၀ ၏ သောက်သုံးရေအရည်အသွေး စမ်းသပ်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ မှ ကျေးလက်နေပြည်သူများ နေ့စဉ်သောက်သုံးလျက်ရှိသည့် ရေနမူနာများရယူကာ နိုဝင်ဘာ ၅ ရက်မှစတင်၍ ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း ယင်းဦးစီးဌာနမှ သိရသည်။

ထိုသို့ စစ်ဆေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးနေမျိုးလွင်နှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ၏ နေ့စဉ်သောက်သုံးလျက်ရှိသော ရေထွက်ပင်ရင်းမှ ရေနမူနာကိုရယူပြီး ရေများတွင် အီးကိုလိုင်ဗက်တီးရီးယားပိုးနှင့် လူနှင့် တိရစ္ဆာန်များ၏ အညစ်အကြေးများ ပါဝင်မှု ရှိ၊ မရှိကို ၂၄ နာရီအတွင်းစစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ အဆိုပါအီးကိုလိုင်ပိုးနှင့် အညစ်အကြေးများပါဝင်မှုရှိပါက ဝမ်းပျက်၊ ဝမ်းလျှောနှင့် အခြားသောရောဂါများဖြစ်ပွားနိုင်သည့်အတွက် သောက်သုံးရန်သင့်၊ မသင့် သိရှိနိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ စစ်ဆေးရခြင်းဖြစ်ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ပြောသည်။

တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၉ အုပ်စုရှိ ကျေးရွာ ၅၀ မှ အသုံးပြုလျက်ရှိသည့် ရေထွက်ပင်ရင်းများ၏ ရေများကို စမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# သဖန်းဆိပ်ရေလှောင်တမံဧရိယာတွင်ပါဝင်သော မိုးစပါးလျာထားကေများ အောင်ရေရရှိသည်အထိ ဆည်ရေများပေးဝေလျက်ရှိ

**ရွှေဘို နိုဝင်ဘာ ၆**

သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်စနစ်ဧရိယာတွင် ပါဝင်သော ကင်းတပ်လက်ယာတူးမြောင်း၊ ကင်းတပ်လက်ဝဲတူးမြောင်း၊ ကာဘိုးရေလွှဲဆည်၊ ရွှေဦးတူးမြောင်း၊ ရွှေဘိုတူးမြောင်း ဧရိယာများတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် မိုးစပါး လျာထားကေ ၄၂၀၀၀၀ လျာထားခဲ့ပြီး ဆည်ရေဖြင့် ကေ ၄၄၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ အောင်ရေရရှိသည်အထိ ဆည်ရေများပေးဝေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပူးပေါင်းလက်တွဲ**

ယခုနှစ် မိုးရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ပြီး မိုးရွာသွန်းမှုနည်းပါးသဖြင့် မူးမြစ်အနောက်ဘက်ခြမ်းရှိ ရွှေဘိုခရိုင် ရွှေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တန့်ဆည်မြို့နယ်များတွင် မိုးစပါးစိုက်ပျိုးထားသော လယ်မြေဧရိယာများ အောင်ရေပြည့်မီစွာရရှိရေးနှင့် မြောင်းဖျားပိုင်းအထိ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ရေအလေအလွင့်မရှိအောင် အလှည့်ကျစနစ်ဖြင့် ရေပေးသည့်အပြင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးဆောင်ပြီး ဒေသခံတောင်သူများ၊ WUG အဖွဲ့များနှင့်ပူးပေါင်းလက်တွဲကာ ဆည်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**မုံရွာကိုယ်ပွား**



# ကောလင်းမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကောလင်း နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မန်ကျည်းပင်စုကျေးရွာတို့တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို ယမန်နေ့က မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအဖွဲ့တို့က ပြုစုထားရှိသော ငွေစာရင်းထိန်းသိမ်းမှုပုံစံများ၊ စီမံကိန်းစာရင်းဇယားပုံစံများကို စစ်ဆေးတည့်မတ်ပေးပြီး စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၅၅ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၂၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းဝင် ၈၅ ဦးတို့၏ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

CERP အစီအစဉ်၏ စီမံကိန်းအရ မန်ကျည်းပင်စုကျေးရွာတွင် အိမ်ခြေ ၁၀၈ အိမ်ရှိပြီး အိမ်ခြေ ၁၀၁ အိမ်နှင့်အထက်ရှိ၍ Type- 1 အမျိုးအစားဖြစ်သောကြောင့် စီမံကိန်းမတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောလင်းမြို့တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် စုစုပေါင်းကျေးရွာ ခြောက်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းမတည်ရန်ပုံငွေမှ ထုတ်ချေးသူစုစုပေါင်း ၅၁၁ ဦးရှိပြီး ထုတ်ချေးငွေ ကျပ်သန်း ၁၆၈ ဒသမ ၇၀ အား ထုတ်ချေးပေးထားကြောင်း၊ အဆိုပါစီမံကိန်းကျေးရွာများတွင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နွယ်ဦးက ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# သွေးရည်ကြည်လှူဒါန်းနိုင်သောစက်၌ ထည့်သွင်းအသုံးပြုရသည့် သွေးခံအိတ်နှင့် တစ်ခါသုံးပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

သွေးရည်ကြည် လှူဒါန်းနိုင်သည့်စက်၌ ထည့်သွင်းအသုံးပြုရသည့် သွေးခံအိတ်အပါအဝင် လိုအပ်သော တစ်ခါသုံးပစ္စည်း အစုံ ၁၅၉ စုံ(တန်ဖိုးငွေကျပ် ၄၄၅၂၀၀၀၀)ကို ယမန်နေ့က အလှူရှင်များစုပေါင်း၍ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးရည်ကြည်လှူဒါန်းမှုသည် ကိုဗစ်-၁၉ ရောဂါ ခံစားနေရသော လူနာများအတွက် ရောဂါကုသရာတွင် အသုံးပြုနိုင်ရန် ကိုဗစ်ရောဂါ ဖြစ်ပွားပြီး ပြန်လည်ကောင်းမွန်လာသူများက ၎င်းတို့၏ သွေးရည်ကြည်များကို ပြန်လည်လှူဒါန်းခြင်းဖြစ်သည်။



သွေးရည်ကြည် လှူဒါန်းမှုနဲ့ ပတ်သက်ပြီး အမျိုးသားသွေးဌာန (ရန်ကုန်) တာဝန်ခံ ဒေါက်တာ သီတာအောင်က "ကိုယ်ထဲကသွေးတွေကို စက်ထဲကိုယူ၊ ယူပြီးရင်လှည့်၊ လှည့်ပြီးရင် သွေးနီဥတွေ ခန္ဓာကိုယ်ထဲပြန်ထည့်၊ ပြန်ထည့်ပြီး သွေးရည်ကြည်ကိုယူ ခန္ဓာကိုယ်ထဲကို သွင်းရ၊ ထုတ်ရတော့ သွေးမခဲတဲ့ အရည်ပေါ်မှာ တင်ထားပြီး သွေးမခဲတဲ့အရည်က ခန္ဓာကိုယ်ထဲကို ပြန်ဝင်၊ ပြန်ဆွဲနဲ့ အနည်းဆုံး ၄၅ မိနစ်ကနေ တစ်နာရီကြာလောက် လှူဒါန်းရပါတယ်"ဟု ရှင်းပြသည်။

ထိုသို့လှူဒါန်းရာတွင် တစ်ခါလှူဒါန်းပြီးသည့် သွေးလှူရှင်များ အနေဖြင့် အနည်းဆုံး နှစ်ပတ်တစ်ခါ သို့မဟုတ် တစ်လတစ်ခါ ပြန်လည်လာရောက် လှူဒါန်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီး ပြန်လည်ကောင်းမွန်လာသည့်သူများထံမှ သွေးရည်ကြည်အလှူခံသည့် စင်တာကို လက်ရှိတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ဖွင့်လှစ်ထားပြီး ယခင်က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီဆေးရုံ၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

ထိုသို့ဖွင့်လှစ်ရာတွင် သွေးရည်ကြည် အလှူရှင်များ လှူဒါန်းမှုအနေဖြင့် ဝေဘာဂီဆေးရုံ၌ မေ ၁၄ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ သွေးလှူရှင် ၃၅ ဦးနှင့် ဆေးသုတေသနဦးစီးဌာန၌ စက်တင်ဘာ ၁၅ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သွေးလှူရှင် ၁၅၈ ဦး စုစုပေါင်း ၁၉၃ ဦးရှိကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှ သိရသည်။

ရရှိလာသည့် သွေးရည်ကြည်များကို ဝေဘာဂီဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဧရာဝတီစင်တာနှင့် ဖောင်ကြီးကုသရေးစင်တာများသို့ လိုအပ်ချက်အရ ပို့ဆောင်ပေးရပြီး မေ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ လူနာ ၁၉၄ ဦးအတွက် သွေးရည်ကြည်အိတ် စုစုပေါင်း ၃၃၈ အိတ်ကို ပေးသွင်းနိုင်ခဲ့ကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှ သိရသည်။

**သတင်း – အေးမင်းသူ**
**ဓာတ်ပုံ – NBC**

# လေရှီးမြို့နယ် ကျေးရွာ ၁၀ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

**လေရှီး နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၀ ရွာတွင် အချိုးကျ ပြည်သူ ထည့်ဝင်ငွေဖြင့် တစ်အိမ်သုံးဆိုလာဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး ကျေးရွာပေါင်း ၁၀ ရွာအတွက် တစ်အိမ်သုံးဆိုလာ ၄၉၃ စုံ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကျေးရွာများရှိ လမ်းမီးတိုင်များ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများကို အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာများမှာ အောင်မြင်သာကျေးရွာ၊ ဆုံကင်းကျေးရွာ၊ လှန်းလှိုင်လှကျေးရွာ၊ ရှာရိုန်းကျေးရွာ၊ ချယ်ရာကျေးရွာ၊ ဂျီလာကျေးရွာ၊ မြေနီကုန်းကျေးရွာ၊ ကူကီးစံပြကျေးရွာ၊ ကူကီးရွာမကျေးရွာနှင့် ကုံကိုင်လုံရွာမကျေးရွာတို့မှ အိမ်ထောင်စု ၄၉၃ စု၊ လူဦးရေ ၃၈၈၃ ဦးတို့အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **မွှေးကြူဇင်(မုံရွာကိုယ်ပွား)**

# ချင်းတွင်းမြစ်ကြောင်းသွားလာမှုကောင်းမွန်ရေး ငွေကျပ်သန်း ၈၅၀ သုံးစွဲမည်

**မုံရွာ နိုဝင်ဘာ ၆**

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် နွေရာသီမြစ်ရေနည်းပါးချိန်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်း ၈၅၀ ကို အကုန်အကျခံပြီး ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဇော်ဦးက ပြောကြားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ချင်းတွင်းမြစ်ရေနည်းပါးချိန်တွင် မြစ်ကြောင်းတစ်လျှောက် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို နှစ်စဉ်မြစ်ရေနည်းပါးချိန်များတွင် ရေကြောင်းကျပ်တည်းမှုအများဆုံးဖြစ်လေ့ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ခရိုင်သုံးခုအတွင်းတွင်ရှိသည့် နေရာငါးခုတွင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် မြစ်ရေနည်းပါးချိန်မှာ ရေယာဉ်တွေ ရေကြောင်းကျပ်တည်းမှုမဖြစ်စေဖို့ ရေကြောင်းကျပ်တည်းမှုအများဆုံးဖြစ်နေတဲ့ နေရာငါးနေရာကို ရေလမ်းကြောင်းကောင်းမွန်ရေး လုပ်ဆောင်ပေးမှာဖြစ်ပါတယ်၊ လုပ်ငန်းအားလုံးကို တင်ဒါစနစ်နဲ့ ခေါ်ယူလုပ်ဆောင်မှာဖြစ်တယ်၊ တင်ဒါခေါ်ယူဖို့အတွက် နိုင်ငံပိုင်သတင်းစာကနေ ကြော်ငြာပေးထားပြီးဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဇော်ဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို မုံရွာခရိုင်အတွင်း နှစ်နေရာ၊ မော်လိုက်ခရိုင်အတွင်း နှစ်နေရာနှင့် ခန္တီးခရိုင်အတွင်း တစ်နေရာအား ယခုဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေနည်းပါးချိန်တွင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# ကလေး-ဖလမ်း-ဟားခါးကားလမ်းအား ဂျပန်ချေးငွေဖြင့် ပြုပြင်

**ရန်ကုန် နိုဝင်ဘာ ၆**

ကလေး-ဖလမ်း-ဟားခါးလမ်းသည် ချင်းပြည်နယ်အတွက် အဓိကအရေးပါသောလမ်းမကြီးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် ဟားခါးမြို့အထိ ၁၂၄ မိုင်ရှိသည်။ ၂၀၁၆ ခုနှစ်မှစ၍ လမ်း/တံတားအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် ဖလမ်း-ဟားခါး မြို့တွင်းလမ်းများတွင် AC Road ၇/၄မိုင် အတက်အဆင်းနေရာများတွင် ကွန်ကရစ်လမ်း ၃/၆ မိုင် ကတ္တရာလမ်းအဆင့် ၁၀၃/၇ မိုင်အထိ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းက JICA ODA Loan ဂျပန်နိုင်ငံမှ ချေးငွေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း (ကလေး- သိုင်းငင်းအပိုင်း)တွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မဏိပူရ်မြစ်ကူးအမှတ်(၂)ဗားရီတံတားသစ် တစ်စင်းကိုလည်း တည်ဆောက်သည်ဟု သိရသည်။ ကလေး-ဖလမ်း -ဟားခါး လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ်၊ ဟားခါး၊ ဖလမ်းခရိုင်လမ်းဦးစီးများ၊ လမ်း တံတားအထူးအဖွဲ့များနှင့် နိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့များက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်ဟု သိရသည်။



ကလေး-ဖလမ်း-ဟားခါးလမ်းမှ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့သို့ ခရီးလမ်းလုံခြုံချောမွေ့စွာ ရာသီမရွေးသွားလာနိုင်ကြပြီဖြစ်သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။ **ခရမ်းစိုးမြင့်**

# ရထားလမ်းနှင့် ကားလမ်းဆုံနေရာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် မြို့ပတ်ရထားလမ်းပိုင်းတစ်လျှောက်ရှိ ရထားလမ်းနှင့် ကားလမ်းဆုံနေရာ ၂၅ နေရာအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၂ နေရာ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ကျန်သုံးနေရာ၏ လုပ်ငန်းများ ဆောင်ရွက်နေမှုမှာလည်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများအားကားလမ်းများ ယာယီပိတ်၍လည်းကောင်း၊ ကားလမ်းတစ်ခြမ်း ပိတ်/တစ်ခြမ်းဖွင့် စနစ်ဖြင့်လည်းကောင်း အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါကာလ လုပ်ငန်းဆောင်ရွက်နေမှု ဖြစ်သောကြောင့် မြန်မာ့မီးရထားမှ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကော်မတီသို့တင်ပြ၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားလမ်းနဲ့ ကားလမ်းဆုံနေရာတွေမှာ ခဏခဏပြုပြင်ဆောင်ရွက်ရတာတွေများတဲ့အတွက်ကြောင့် မြန်မာ့မီးရထားအနေနဲ့ ယခင်ပြုပြင်မှုများအတိုင်း ဆက်လက်မဆောင်ရွက်တော့ဘဲ JICA ရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ နိုင်ငံတကာမှာအသုံးပြုနေတဲ့ ပုံစံများအတိုင်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ပြုပြင်ပြီးတဲ့အခါ အချက်ပြစနစ်တွေပါဝင်လာတာမို့ အတွင်းဘက် သံလမ်းနဲ့ အပြင်ဘက်သံလမ်းမီးမကူးရမယ့်ကိစ္စ၊ ရထားလာတဲ့အချိန် ဂိတ်တံခါးပိတ်ရမယ့်ကိစ္စတွေ အပါအဝင် ရထားဖြတ်သန်းပြီးချိန် ဂိတ်တံခါးပြန်ဖွင့်ရမယ့်ကိစ္စတွေကို အလိုအလျောက်ဆောင်ရွက်နိုင်မယ့်စနစ် တပ်ဆင်သွားနိုင်တဲ့အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေကို ဒီဇင်ဘာလကုန်မှာ ပြီးစီးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာလ လုပ်သားအင်အားလျှော့ချထားရှိမှုကြားကနေ မြန်မာ့မီးရထားအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု မြန်မာ့မီးရထား ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်း အင်ဂျင်နီယာ ဦးမင်းအောင်က ရှင်းပြသည်။

ယခုအခါ ရေကူးဘူတာအနီးရှိ ဂန္ဓမာလမ်းနေရာအပါအဝင် ကျန်ရှိသုံးနေရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်ကော်မတီခွင့်ပြုချက်ဖြင့် ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် ရထားလမ်းကျောက်ချခြင်းလုပ်ငန်းနှင့် တံတားပြုပြင်ခြင်းလုပ်ငန်းများ စသည့်မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများကို လုပ်သားအင်အားအနည်းဆုံးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



# ရုရှားသမ္မတ ပူတင် ကျန်းမာရေးအခြေအနေကြောင့် လာမည့်နှစ်အစောပိုင်းတွင် ရာထူးမှနုတ်ထွက်ရန် စီစဉ်



**မော်စကို နိုဝင်ဘာ ၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ကျန်းမာရေးအခြေအနေကြောင့် လာမည့်နှစ်အစောပိုင်းတွင် ရာထူးမှ နုတ်ထွက်ရန် စီစဉ်နေကြောင်း မော်စကိုမြို့ရှိ သတင်းရင်းမြစ်များက ပြောသည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ရုပ်သံဖိုင်များအရ အသက် ၆၈ နှစ်အရွယ် သမ္မတ ဗလာဒီမာပူတင်၌ ပါကင်ဆန်ရောဂါလက္ခဏာများ ရှိနေဖွယ်ရှိကြောင်း စောင့်ကြည့်သူများနှင့် နိုင်ငံရေးသိပ္ပံပါမောက္ခ ဗယ်လာရီဆိုလိုဗီတို့က ပြောသည်။ ဗလာဒီမာပူတင်၏ချစ်သူဟောင်း အသက် ၃၇ နှစ်အရွယ် ကျွမ်းဘားမယ်ဟောင်း အလီနာ ကာဘေဗာက ရာထူးမှ နုတ်ထွက်ရန် ပူတင်အားတောင်းဆိုနေကြောင်း သိရသည်။ ပူတင်၏ ခြေထောက်များက စဉ်ဆက်မပြတ် ရွေ့လျားနေသည်ဟုထင်ရပြီး ကုလားထိုင်ကိုကိုင်ထားစဉ် နာကျင်နေပုံရကြောင်း မကြာသေးမီက ပူတင်၏ ရုပ်သံဖိုင်များကို လေ့လာခဲ့သည့် စောင့်ကြည့်သူများက ပြောသည်။

အလီနာနှင့်အတူ ပူတင်၏ယခင်ဇနီးဟောင်း လျှိုင်မီယာနှင့် ထွန်းကားခဲ့သော သမီးများဖြစ်သည့် အသက် ၃၅ နှစ်အရွယ် မာရီယာဗိုရွန်ဆိုဗာ နှင့် အသက် ၃၄ နှစ်အရွယ် ကတ်ထရီနာတီခိုနိုဗာတို့က ပူတင်အား ရာထူးမှနုတ်ထွက်ရန် ဖိအားပေးနေသည်ဟု နိုင်ငံရေးသိပ္ပံပါမောက္ခက ဆိုသည်။ ပူတင်က ၎င်း၏နေရာ ဆက်ခံသူဖြစ်လာနိုင်သည့် ဝန်ကြီးချုပ်သစ်တစ်ဦး မကြာမီ ခန့်အပ်မည်ဟု ဗယ်လာရီက ခန့်မှန်းလိုက်သည်။

ပူတင်ကိုယ်တိုင်က ကျန်းမာကြောင်း ပြသလိုသောကြောင့် အမဲလိုက်ခြင်း၊ သေနတ်ပစ်ခတ်ခြင်း၊ မြင်းစီးခြင်းနှင့် ရေခဲပြင် ဟော်ကီကစားခြင်း အစရှိသည့် လှုပ်ရှားမှုဓာတ်ပုံများ ပုံမှန်ထုတ်ပြန်လေ့ရှိသည်။

**ကိုးကား - သည်ဆန်း၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ချူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် ကိုရီးယားကျွန်းဆွယ် ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းမည်ဟု သမ္မတ မွန်ဂျေအင်း ပြောကြား

**ဆိုးလ် နိုဝင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံက ကိုရီးယား ကျွန်းဆွယ်၌ နျူကလီးယားလက်နက် ဖျက်သိမ်းရေးနှင့် ဒေသတွင်း တာရှည်ခံသော ငြိမ်းချမ်းရေးရရှိစေမည့် ကြိုးပမ်းမှုများအတွက် မည်သည့်အခါမျှ လက်လျှော့မည်မဟုတ်ကြောင်း သမ္မတ မွန်ဂျေအင်းက ယနေ့ ပြောကြား လိုက်သည်။

"ယာယီစစ်ပြေငြိမ်းရေး သဘောတူညီချက် လက်မှတ်ထိုးထားပေမယ့် ငြိမ်းငြိမ်းချမ်းချမ်း စာချုပ်တစ်ခုမရှိရင် ကိုရီးယားစစ်ပွဲပြီးဆုံးမှာမဟုတ်ပါဘူး" ဟု ကိုရီးယားနိုင်ငံတောင်ပိုင်း အပန်းဖြေကျွန်း ဂျယ်ဂျူး၌ ကျင်းပသည့် နှစ်စဉ်ပြုလုပ်နေကျ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဖိုရမ်တစ်ခုဖြစ်သော ဂျယ်ဂျူးငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဖိုရမ်၌ မွန်ဂျေအင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံက လူသားများကောင်းကျိုးအတွက် စစ်ပွဲအဆုံးသတ်စေရန်၊ နျူကလီးယားလက်နက်ဖျက်သိမ်းရန်နှင့် ကိုရီးယားကျွန်းဆွယ်၌ ထာဝရငြိမ်းချမ်းရေးရရှိစေမည့် ကြိုးပမ်းမှုများ ရပ်တန့်မည်မဟုတ်ဟု ၎င်းက ပြောသည်။

စက်တင်ဘာလအတွင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ အဆိုပြုခဲ့သည့် အရှေ့မြောက်အာရှဒေသ၌ ကူးစက်ရောဂါတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မည့် ဒေသဆိုင်ရာ ကနဦးအစီအစဉ်တစ်ခုစတင်ရန် မွန်ဂျေအင်းက ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ် အဆိုပါအစီအစဉ်က လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပြီး ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက်အာရှဒေသအလွန်အထိ ငြိမ်းချမ်းရေးရရှိစေရန် အထောက်အကူပြုမည်ဟုသူက ဆိုသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိမ်းရောင် သဘောတူညီချက်သစ်တွင် ဒေါ်လာ ၆၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခြင်းဖြင့် တောင်ကိုရီးယားနိုင်ငံက ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု သုညရာခိုင်နှုန်းအထိ လျှော့ချမည့်ရည်မှန်းချက် အောင်မြင်မှုရရှိမည်ဟု သူက ဆိုသည်။

ဖွံ့ဖြိုးဆဲတိုင်းပြည်များသို့ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး ဖြန့်ဖြူးရာတွင် ငွေကြေးထောက်ပံ့မည့် နိုင်ငံစုံ အဖွဲ့အစည်းတစ်ခုဖြစ်သော ကိုဗစ်-၁၉ ကာကွယ်ဆေး ဈေးကွက်ဆိုင်ရာ ကတိကဝတ်အဖွဲ့သို့ တောင်ကိုရီးယားနိုင်ငံက ဒေါ်လာ ၁၀ သန်း ထည့်ဝင်မည်ဟု ၎င်းက ပြောသည်။

**ကိုးကား - ယွန်ဟပ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# ရုရှားတပ်ဖွဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ပါကစ္စတန်သို့ ရောက်ရှိ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၆**

ရုရှားပြည်ထောင်စုအထူးတပ်ဖွဲ့မှ တပ်ဖွဲ့တစ်ဖွဲ့သည် ပါကစ္စတန်တပ်ဖွဲ့နှင့် သီတင်းပတ်နှစ်ပတ်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်အတွက် နိုဝင်ဘာ ၅ ရက်က ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ပါကစ္စတန်တပ်မတော်က အတည်ပြုသည်။

**အတွေ့အကြုံဖလှယ်ရန်**

"Druzhba 5" ဟုအမည်ပေးထားသော အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်မှာ တန်ပြန်အကြမ်းဖက်တိုက်ခိုက်မှုနယ်ပယ်၌ နှစ်နိုင်ငံတပ်မတော်အကြား အတွေ့အကြုံ ချင်းဖလှယ်ရန်ဖြစ်သည်။

နှစ်နိုင်ငံတပ်ဖွဲ့သည် စစ်ရေးလေ့ကျင့်မှုကာလအတွင်း လေထီးခုန်နည်းနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခံရသူများအား ကယ်တင်ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများကို အဓိကထား လေ့ကျင့်သွားမည်ဖြစ်သည်။

ရုရှားနှင့် ပါကစ္စတန်တပ်ဖွဲ့သည် "Druzhb 5" ဟုအမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်ပြုလုပ်လျက်ရှိပြီး ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် တန်ပြန်အကြမ်းဖက်တိုက်ခိုက်ရေးနှင့် အထူးစစ်ဆင်ရေးဆိုင်ရာ လေ့ကျင့်မှုများ ပါဝင်ကြောင်းသိရသည်။

ပါကစ္စတန်တပ်မတော်မှ တပ်ဖွဲ့တစ်ဖွဲ့သည် ယခုနှစ် စက်တင်ဘာလ အစောပိုင်းက ရုရှားနိုင်ငံတောင်ဘက် အက်ထရာခန်းမြို့၌ ပြုလုပ်သော Kavkaz-2020 ဟု အမည်ပေးထားသော နိုင်ငံစုံစစ်ရေးလေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မော်လ်ဒိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆက်လက်ထိန်းချုပ်ရန် ကျန်းမာရေးအရေးပေါ်အခြေအနေ သက်တမ်းထပ်တိုး

**မေးလ် နိုဝင်ဘာ ၆**

မော်လ်ဒိုက်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆက်လက်ထိန်းချုပ်ရန် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေကို ဒီဇင်ဘာ ၅ ရက်အထိ ထပ်မံသက်တမ်းတိုးလိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာက ယနေ့ဖော်ပြထားသည်။

**သက်တမ်းထပ်တိုးမည်**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဆက်လက်ဖြစ်ပွားနေသည့်အတွက် ယခုနှစ် မတ် ၁၂ ရက်က ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ချမှတ်ထားသည့် ကျန်းမာရေးအရေးပေါ်အခြေအနေကို ဒီဇင်ဘာ ၅ ရက်အထိ သက်တမ်းထပ်တိုးမည်ဖြစ်ကြောင်း နိုင်ငံပိုင် ပီအက်စ်အမ်အသံလွှင့်ဌာနက ကျန်းမာရေးဝန်ကြီး အာမက်နာဆိမ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့်စာစောင်ကို ကိုးကားဖော်ပြထားသည်။

အဆိုပါ ဒေသန္တရဥပဒေများအရ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေသည် ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်အား လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို သီးခြားခွဲထုတ်၍နေရန် အထူးလုပ်ပိုင်ခွင့်အာဏာ ပေးထားကြောင်းသိရသည်။

**ကူးစက်ခံရသူ ၇၁ ဦး ထပ်မံတွေ့ရှိ**

နိုဝင်ဘာ ၅ ရက်က မော်လ်ဒိုက်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၈၉၃ ဦးရှိလာကာ ၃၈ ဦး သေဆုံးခဲ့ကြောင်း မော်လ်ဒိုက်ကျန်းမာရေး ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီ၏ ပြောကြားချက်အရ သိရသည်။

သို့သော် မော်လ်ဒိုက်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသောလူနာများအနက် ၁၁၀၁၀ သည် ရောဂါမှ ပြန်လည်သက်သာသွားခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံ၌ AstraZeneca ဗိုင်းရပ်စ်ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများ စတင်တော့မည်

**ရှန်ဟိုင်း နိုဝင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရန်ပြင်ဆင်နေသည့် AstraZeneca ကုမ္ပဏီက ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ဆေး ကနဦးနှင့် အလယ်အလတ်အဆင့် လက်တွေ့စမ်းသပ်မှုများ စတင်ရန် စီစဉ်နေသည်။

AstraZeneca ကုမ္ပဏီထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးကို အခြားနိုင်ငံများ၌ အပြီးသတ်အဆင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေပြီး ယခုနှစ်အတွင်း စမ်းသပ်မှုများမှ အချက်အလက်များရရှိရန် AstraZeneca နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့က မျှော်လင့်နေသည်။ လက်တွေ့စမ်းသပ်မှုများ အောင်မြင်ပါက အခြားနိုင်ငံများကဲ့သို့ အရေးပေါ်အခြေအနေ အသုံးပြုရန် ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်မည်ဟု AstraZeneca ကုမ္ပဏီ အမှုဆောင်ချုပ် ပါစကယ်ဆိုရီယော့က ပြောကြားခဲ့သည်။

AstraZeneca ကုမ္ပဏီက တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရန် Shenzhen Kangtai Biological Products နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်အရ တရုတ်နိုင်ငံ၏ ထိပ်တန်းကာကွယ်ဆေးကုမ္ပဏီတစ်ခုဖြစ်သည့် Shenzhen Kangtai က ယခုနှစ်အကုန်တွင် AZD1222 ထိုးဆေးအလုံးရေ သန်း ၁၀၀ ထက်မနည်း ထုတ်လုပ်ရမည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများ၌ လုပ်ဆောင်နေသည့် လက်တွေ့စမ်းသပ်မှုများမှ အန္တရာယ်ကင်းမှုနှင့် ထိရောက်မှုအချက်အလက်များရရှိလျှင် ၂၀၂၁ ခုနှစ် နှစ်လယ်မတိုင်မီ တရုတ်နိုင်ငံ၌ အသုံးပြုရန် ဗိုင်းရပ်စ်ကာကွယ်ဆေးကို အတည်ပြုဖွယ်ရှိကြောင်း AstraZeneca ကုမ္ပဏီ၏ တရုတ်ဗျူရိုအကြီးအကဲ လီယွန်ဝေါင်က ပြောသည်။

**ကိုးကား - သည်စထရိတ်တိုင်းမ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**



# လစ်ဗျားနိုင်ငံရှိကလေးများ ကာကွယ်ဆေးပြတ်လပ်မှုအပေါ် စိုးရိမ်ကြောင်း ယူနီဆက်နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်ဖော်ပြောကြား

**ထရီပိုလီ နိုဝင်ဘာ ၆**

လစ်ဗျားနိုင်ငံရှိ ကလေးများအတွက် ကာကွယ်ဆေးများပြတ်လပ်မှုအပေါ် စိုးရိမ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က နိုဝင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံတွင် အရေးကြီးသည့် ကာကွယ်ဆေးများပြတ်လပ်ခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်လျက်ရှိကြောင်းနှင့် ကာကွယ်ဆေးပြတ်လပ်မှုက ကလေးငယ်များ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် ခုနစ်လကျော်ကာလအတွင်း လစ်ဗျားနိုင်ငံ၌ မမျှော်လင့်ဘဲ ကာကွယ်ဆေးများ ပြတ်တောက်ခဲ့ခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို ဖြစ်စေခဲ့ကြောင်း ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လစ်ဗျားနိုင်ငံ၌ အသက်ကယ်ကာကွယ်ဆေးများထိုးထားသော ကလေးအရေအတွက် ကျဆင်းခြင်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် နိုင်ငံ၏ ကာကွယ်ဆေးထောက်ပံ့မှုကို ဖြည့်ဆည်းပေးရန်အတွက် ရန်ပုံငွေအလျင်အမြန်ထုတ်ပေးရန်လည်း လစ်ဗျားနိုင်ငံ အာဏာပိုင်များအား ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က တိုက်တွန်းခဲ့သည်။

ကျန်းမာသောကလေးဘဝနှင့် သာယာဝပြောသည့်အနာဂတ်ကို ပိုင်ဆိုင်နိုင်ရန် လစ်ဗျားနိုင်ငံတစ်ဝန်းရှိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံဆောင်ရွက်မည့် မည်သည့်ကြိုးပမ်းမှုကိုမဆို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းလည်း လစ်ဗျားနိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် အဲလိဇဘတ်ဟော့ဖ်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# ဂရိနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်နေခြင်းကို ထိန်းချုပ်ရန် သုံးပတ်ကြာ နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်မှု စတင်

**အေသင် နိုဝင်ဘာ ၆**

ဂရိနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေခြင်းကို ထိန်းချုပ်မည့် အစီအမံများ၏ တစ်စိတ်တစ်ဒေသအဖြစ် သီတင်းသုံးပတ်ကြာ နိုင်ငံတစ်ဝန်းခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်မှုကို စတင်လိုက်ကြောင်း ဂရိဝန်ကြီးချုပ် မစ်ဆိုတာကစ်က နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂရိနိုင်ငံ၌ ပြီးခဲ့သည့်တစ်ပတ်အတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လာခြင်းကြောင့် အထက်ပါအတိုင်း သီတင်းသုံးပတ်ကြာ နိုင်ငံတစ်ဝန်းခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်မှုကို စတင်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် မစ်ဆိုတာကစ်က ပုဂ္ဂလိကရုပ်သံလွှင့်ဌာန အီးအာရ်တီမှ ထုတ်လွှင့်သည့် မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဂရိနိုင်ငံတွင် ငါးရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၀၀ နီးပါးရှိခဲ့ကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း ဒုတိယအကြိမ် နိုင်ငံတစ်ဝန်းခရီးသွားလာခွင့် ကန့်သတ်မှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဂရိအစိုးရအနေဖြင့် ခရီးသွားလာခွင့် ကန့်သတ်မှုဒဏ်ခံရမည့် နိုင်ငံသားများကို အထောက်အပံ့ပေးရန်လည်း လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ် မစ်ဆိုတာကစ်က ပြောကြားခဲ့သည်။

ထို့ပြင် ဂရိနိုင်ငံ၌ အလယ်တန်းကျောင်းများကို ပိတ်ထားစဉ်တွင် သူငယ်တန်းနှင့် မူလတန်းကျောင်းများကို ဆက်လက်ဖွင့်ထားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-အလင်းသစ်**



## ၂၀၂၀ ပြည့်နှစ် နောက်ဆုံးသုံးလပတ်တွင် ဥရောပနိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ဖွယ်ရှိ

**ဘာလင် နိုဝင်ဘာ ၆**

၂၀၂၀ ပြည့်နှစ် နောက်ဆုံးသုံးလပတ်တွင် ဥရောပနိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း ဥရောပသမဂ္ဂက ခန့်မှန်းချက်ထုတ်လိုက်သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ဥရောပနိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေမှာ ၁၂ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်မှုများရှိခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်မှုကြောင့် ၂၀၂၀ ပြည့်နှစ်၏ တစ်နှစ်ပတ်လုံး ဝင်ငွေတွင်မူ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် လက်လီအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ ပိတ်သိမ်းရခြင်းတို့အပြင် အသွားအလာကန့်သတ်ထားမှုများကြောင့် အောက်တိုဘာလမှ ဒီဇင်ဘာလကြား နောက်ဆုံးသုံးလပတ်အတွင်း တစ်ဦးချင်းဝင်ငွေမှာ ၁၀ ရာခိုင်နှုန်း အထိ ကျဆင်းနိုင်ဖွယ်ရှိသည်။ ဥရောပစီးပွားရေးကော်မရှင်နာ ပါဘလိုဂျန်တီလိုနီက ၂၀၂၀ ပြည့်နှစ် နောက်ဆုံးသုံးလပတ်တွင် ကန့်သတ်မှုများ တင်းတင်းကျပ်ကျပ် ချမှတ်ထားဦးမည်ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်အရောက်တွင် ကန့်သတ်ချက်များကို တဖြည်းဖြည်းဖြေလျှော့သွားမည်ဖြစ်သဖြင့် စီးပွားရေးပြန်လည်ဦးမော့လာမှုများကို မြင်တွေ့ရမည်ဟု ပြောကြားထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလဲ့သင်း**

---

## လာမည့်နှစ်တွင် မလေးရှားနိုင်ငံ၏ စီးပွားရေး ၇ ဒသမ ၅ ရာခိုင်နှုန်း ပြန်လည်တိုးတက်နိုင်ဟု ပြောကြား

**ကွာလာလမ်ပူ နိုဝင်ဘာ ၆**

ကိုဗစ်-၁၉ အလွန် ကာလဖြစ်မည့် ၂၀၂၁ ခုနှစ်တွင် မလေးရှားနိုင်ငံစီးပွားရေး ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ရန် ခန့်မှန်းထားပြီး စီးပွားရေးတိုးတက်မှုအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း ယနေ့တွင် မလေးရှားအစိုးရက ပြောကြားလိုက်သည်။

စီးပွားရေးပြန်လည် နာလန်ထူလာစေရေးအတွက် မလေးရှားအစိုးရသည် တစ်နိုင်ငံလုံး တစ်ဦးချင်းဝင်ငွေ၏ ၂၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် ညီမျှသည့် ရင်းဂစ် ၃၂၂ ဒသမ ၅၄ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ ရင်းဂစ် ၂၃၆ ဒသမ ၅ ဘီလီယံကို ပြည်သူ့အသုံးစရိတ်တက်လာရေးစီမံချက်တွင် အသုံးပြုမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးအသုံးစရိတ်အတွက် ရင်းဂစ် ၆၉ ဘီလီယံနှင့် ကိုဗစ်-၁၉ရောဂါပြန်လည်ထူထောင်ရေးအတွက် ၁၇ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်သည်။ ၂၀၂၁ခုနှစ်အတွင်း ပြည်ပတင်ပို့မှု ၂ ဒသမ ၇ရာခိုင်နှုန်းတိုးတက်လာရန် ရည်မှန်းထားပြီး ပြည်တွင်းသုံးစွဲမှုစရိတ်ကိုလည်း တိုးတက်လာစေရန် ခန့်မှန်းထားသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလဲ့သင်း**

# အင်ဒိုနီးရှားနိုင်ငံရှိ မာရာပီမီးတောင် ပေါက်ကွဲနိုင်သဖြင့် ဒေသခံ ၃၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် သတိပေး

**ယော့ယာကာတာ နိုဝင်ဘာ ၆**

အင်ဒိုနီးရှားအာဏာပိုင်များက မာရာပီမီးတောင်၏ လှုပ်ရှားမှုမြင့်တက်လာပြီး အချိန်မရွေးပေါက်ကွဲနိုင်သဖြင့် မီးတောင်အနီး တောင်စောင်းဒေသများတွင် နေထိုင်သူ ဒေသခံများကို ဘေးလွတ်ရာသို့ စတင်ပြောင်းရွှေ့ရန် ယနေ့တွင် သတိပေးလိုက်ပြီဖြစ်သည်။

အင်ဒိုနီးရှား၏ မီးတောင်ရှင်တစ်ခုဖြစ်သည့် မာရာပီမှာ အချိန်မရွေးပေါက်ကွဲနိုင်ပြီး ချော်ရည်ပူများမှာ တောင်စောင်း ငါးကီလိုမီတာအထိ ရောက်ရှိနိုင်ကြောင်း မီးတောင်နှင့် ဘူမိဗေဒအန္တရာယ်ဆိုင်ရာ ရွှေ့ပြောင်းရေးဌာန အကြီးအကဲ ဟူမိုင်းဒါကက ခန့်မှန်းထားသည်။ ယမန်နေ့တွင် အင်ဒိုနီးရှား ဘူမိဗေဒအေဂျင်စီက မာရာပီမီးတောင် ပေါက်ကွဲနိုင်ခြေမှာ ဒုတိယအမြင့်ဆုံးအဆင့်အထိ တိုးလာပြီဖြစ်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။ တောင်စောင်းဒေသနေ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် ကလေးငယ်များ စုစုပေါင်း ဒေသခံ ၃၀၀ တို့ကို အလယ်ဂျာဗားရှိ အရေးပေါ်ကယ်ဆယ်ရေးအဆောက်အအုံများသို့ ပြောင်းရွှေ့နေထိုင်ကြရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။



မီးတောင် တောင်စောင်းဒေသ ၁၀ ကီလိုမီတာအကွာအထိ လူဦးရေ ၁၀ သန်းနေထိုင်ပြီး ပြီးခဲ့သည့် ဇွန်လအတွင်း ပေါက်ကွဲမှုတစ်ကြိမ်ဖြစ်ခဲ့သေးရာ ချော်ရည်များမှာ ကောင်းကင်အမြင့် ခြောက်ကီလိုမီတာအထိ လွင့်စင်ပေါက်ကွဲခဲ့သော်လည်း ထိခိုက်သူအရေအတွက်ကို ဖော်ပြခြင်းမရှိခဲ့ပေ။ ၂၀၁၀ ပြည့်နှစ် ပေါက်ကွဲမှုတွင် ၃၄၇ ဦး သေဆုံးခဲ့ပြီး လူဦးရေနှစ်သောင်းကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံသား သန်း ၂၇၀ တို့သည် ပစိဖိတ်ဒေသ၏ မီးကွင်းဟု ခေါ်တွင်သည့် မီးတောင်များနှင့် ငလျင်ကြောရှိရာ နေရာများတွင်နေထိုင်ပြီး ထိုဒေသများရှိ မီးတောင် ၁၂၀ မှာ လှုပ်ရှားနေသည့် မီးတောင်ရှင်အမျိုးအစားများဖြစ်သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်-မေလဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၉၁၇၁၂၈၁ | ဦး |
| သေဆုံးသူ | ၁၂၄၁၈၇၈ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၅၀၇၃၄၃၁ | ဦး |

## ပြင်ဆင်သိမှတ်ပေးပါရန်

နိုဝင်ဘာ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြပါရှိခဲ့သည့် "တရုတ်နိုင်ငံက လာမည့် ၁၀ စုနှစ်အတွင်း ကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ကုန်ပစ္စည်းများတင်သွင်းမည်ဟု သမ္မတ ရှီကျင့်ဖျင်ပြောကြား" သတင်းတွင် ကန်ဒေါ်လာ ၂၂ သန်း အစား ကန်ဒေါ်လာ ၂၂ ထရီလီယံ ဟု ပြင်ဆင်သိမှတ်ပေးပါရန်။

(ဘာသာပြန်စာတည်း)

## ခိုင်မာမှုမရှိသည့် အချက်အလက်များ ထည့်သွင်းပြောကြားမှုကြောင့် သမ္မတထရမ့်၏ မိန့်ခွန်းတိုက်ရိုက်ထုတ်လွှင့်ပြသမှုကို ရုပ်သံလွှင့်သုံးခုက ဖြတ်ချ

**ဝါရှင်တန် နိုဝင်ဘာ ၆**

ယမန်နေ့ညနေအချိန် သမ္မတထရမ့်က အိမ်ဖြူတော်မှ မိန့်ခွန်းပြောကြားရာ၌ ခိုင်လုံမှုမရှိသည့် အချက်အလက်များစွာကို ထည့်သွင်းပြောကြားခဲ့သဖြင့် နာမည်ကျော်ရုပ်သံဌာနသုံးခုဖြစ်သည့် ABC၊ CBS နှင့် NBC တို့မှ အဆိုပါ မိန့်ခွန်းတိုက်ရိုက်ထုတ်လွှင့်ပြသမှုကို ဖြတ်ချခဲ့သည်။

**အကျိုးမဲ့သည့်ပြောချက်များပါဝင်**

ထရမ့်၏ မိန့်ခွန်းတွင် သူ့ထံမှ မဲများခိုးယူခံလိုက်ရကြောင်း၊ တရားဝင်မဲများကိုသာ ရေတွက်ပါက ပြိုင်ဘက်သမ္မတလောင်းကို အလွယ်တကူပင် အနိုင်ရရှိမှာဖြစ်ကြောင်း ပါဝင်ခဲ့သည်။ သို့ရာတွင် Fox News နှင့် CNN ရုပ်သံနှစ်ခုကမူ သမ္မတမိန့်ခွန်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို ပြီးဆုံးသည်အထိ ထုတ်လွှင့်ပေးခဲ့သည်။

NBC ၏ ညပိုင်းသတင်းအစီအစဉ် ကြီးကြပ်သူ လက်စတာဟော့ထ်က "သမ္မတအနေနဲ့ ခိုင်မာမှုမရှိတဲ့ အချက်အလက်တွေများစွာကို ထည့်သွင်းပြောကြားနေတာကြောင့် ကျွန်တော်တို့အနေနဲ့ မိန့်ခွန်းပြောကြားမှု တိုက်ရိုက်ထုတ်လွှင့်ပြသတာကို ရပ်လိုက်တာ ဖြစ်ပါတယ်။ ဒီလိုပြောတဲ့အထဲမှာ မဲလိမ်တယ်၊ မဲခိုးတယ် ဆိုတာမျိုးတွေ ပါဝင်နေတာပါ" ဟု ပြောကြားသည်။

အလားတူ ABC ရုပ်သံမှ သတင်းကြီးကြပ်ရေးမှူး ဒေးဗစ်မူရာက ယင်းမိန့်ခွန်းအတွင်း စစ်ဆေးမှု ပြုလုပ်ထားခြင်းမရှိသော သတင်းအချက်အလက်များစွာကို ပြောကြားနေခြင်းကြောင့် ထုတ်လွှင့်မှုကို ဖြတ်ချလိုက်ရခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ CBS ရုပ်သံ သတင်းထောက် နန်စီက သမ္မတအနေဖြင့် အခြေအမြစ်မရှိသည့် ဖော်ပြချက်တွေကို ပြောကြားခြင်းကြောင့် ကြည့်ရှုနေသည့် ပရိသတ်များအနေဖြင့် အကျိုးကျေးဇူးမရှိနိုင်ဟု ယူဆသဖြင့် အစီအစဉ်ကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ရှင်းလင်းချက်ပေးထားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အဆိုပါရုပ်သံလိုင်းသုံးခုကို ကြည့်ရှုသူ ၁၁ သန်းကျော် ရှိခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုနောက်ပိုင်း သမ္မတထရမ့်၏ မိန့်ခွန်းတိုက်ရိုက်ထုတ်လွှင့်မှုကိစ္စရပ်နှင့်ပတ်သက်၍ မကြာခဏဆိုသလို အငြင်းပွားမှုများရှိနေကာ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ရုပ်သံလုပ်ငန်းအမှုဆောင်အရာရှိချုပ်များအနေဖြင့် မည်သို့သော စိုးရိမ်မှုကြောင့် ကိုဗစ်-၁၉ ရောဂါ ပြဿနာတွင် အယူအဆအမှားများဖြစ်စေနိုင်သည့် သမ္မတထရမ့်၏ မိန့်ခွန်းများကို အကျယ်တဝင့်ဖော်ပြပေးနေသလဲဟူ၍ ဝေဖန်ခဲ့ကြသည်။

**ကိုးကား - နယူးယောက်တိုင်းမ်စ်**
**ဘာသာပြန် - မေလွဲ့သင်း**



နိုဝင်ဘာ ၅ ရက် ညနေပိုင်းက သမ္မတ ထရမ့် အိမ်ဖြူတော်မှ မိန့်ခွန်းပြောကြားစဉ်။



ပြင်သစ်သမ္မတ မက်ခရွန် (ဝဲ) နှင့် ကနေဒါဝန်ကြီးချုပ် ထရူးဒေါ (ယာ) တို့ ၂၀၁၇ ခုနှစ် မေ ၂၆ ရက်က G-7 ထိပ်သီးအစည်းအဝေးကာလအတွင်း တွေ့ရစဉ်။

## ကနေဒါဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လွတ်လပ်စွာဖော်ထုတ်ခွင့်အရေး ဆွေးနွေး

**ပါရီ နိုဝင်ဘာ ၆**

ကနေဒါဝန်ကြီးချုပ် ထရူးဒေါသည် ပြင်သစ်သမ္မတ မက်ခရွန်ထံသို့ ယမန်နေ့တွင် ဖုန်းခေါ်ဆို၍ အကြမ်းဖက်တိုက်ခိုက်မှုကာကွယ်ရေးနှင့် လွတ်လပ်စွာဖော်ထုတ်ပြောကြားခွင့်အရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုအတွင်း ကနေဒါဝန်ကြီးချုပ်က ကနေဒါနိုင်ငံဘက်က ပြင်သစ်ပြည်သူများနှင့်အတူ ရပ်တည်ပါကြောင်း ဖော်ပြခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လူ့အခွင့်အရေးတို့အပေါ် ကာကွယ်ပေးရေးနှင့် နှစ်နိုင်ငံအကြမ်းဖက် တိုက်ခိုက်မှုများကို ဆန့်ကျင်သွားရေးကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ထရူးဒေါက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်ပြီး မှတ်ချက်ပြုခဲ့ပြန်ရာ ကနေဒါနှင့် ပြင်သစ် နှစ်နိုင်ငံစလုံးတွင် အဆိုပါမှတ်ချက်စကားအတွက် ဝေဖန်မှုများစွာ ထွက်ပေါ်ခဲ့သည်။ ထရူးဒေါက "လွတ်လပ်စွာ ဖော်ထုတ်ခွင့် ဆိုတာ အကန့်အသတ်မရှိတဲ့ အရာမျိုးမဟုတ်ပါဘူး။ ကမ္ဘာကြီးမှာ မျှဝေနေထိုင်ကြတာ ဖြစ်တဲ့အတွက် အခြားသူတွေ အလေးထားတဲ့အရာကို ကျွန်တော်တို့ လေးစားမှုရှိရပါမယ်။ ဥပမာအားဖြင့် ရုပ်ရှင်ရုံထဲမှာ မီးလောင်နေပြီလို့ တစ်စုံတစ်ဦးက အော်လိုက်ရင် အထဲကသူတွေ အလုအယက် ထွက်ဖို့ကြိုးစားတဲ့အခါ မလိုအပ်တဲ့ ဆုံးရှုံးမှုဖြစ်လာနိုင်တာမျိုးနဲ့ အလားသဏ္ဌာန်တူပါတယ်။ လွတ်လပ်ခွင့်ဆိုတာ တစ်ပါးသူအကျိုးကို မထိခိုက်တာမျိုးပါ" ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ထရူးဒေါက အနုပညာရှင်များ၏ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ဖော်ထုတ်ခွင့်ကို အကာအကွယ်ပေးရေးသည် အရေးကြီးကြောင်း မှတ်ချက်ပြုခဲ့သည်။

မက်ခရွန်နှင့်ထရူးဒေါတို့နှစ်ဦးစလုံးမှာ မူဝါဒချမှတ်မှု၊ ကမ္ဘာ့အရေးရှုမြင်မှုတို့တွင် အခြေခံအားဖြင့် တူညီကြသော်လည်း ယခုတစ်ကြိမ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ရှုမြင်သုံးသပ်ပုံ အနည်းငယ်ကွဲပြားခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း**

## ထရမ့်အစိုးရက ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ နောက်ဆုံးပေါ် ဒရုန်းများကို ယူအေအီးသို့ ရောင်းချရန် ပြင်ဆင်

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်နိုင်ငံသည် ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိ လက်နက်တပ်ဆင်ပြီးသား နောက်ဆုံးပေါ် ဒရုန်းများကို ယူအေအီးနိုင်ငံသို့ ရောင်းချရန် သဘောတူထားပြီး အဆိုပါကိစ္စရပ်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်လွှတ်တော်သို့ တင်ပြထားပြီးဖြစ်သည်။

F-35 တိုက်လေယာဉ်များ ရောင်းချရေးဆွေးနွေးရာမှ ဒရုန်းများ ဝယ်ယူရေးကိစ္စကိုပါ သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခု ရောင်းချမှုကိုသာ အောက်လွှတ်တော်မှ သဘောတူညီခဲ့ပါက ထရမ့်အစိုးရလက်ထက်အတွင်း လက်နက်တပ်ဆင်ပြီးသား ဒရုန်းများကို ပြည်ပနိုင်ငံများသို့ ပထမဆုံးရောင်းဝယ်မှုလည်း ဖြစ်လာမည်ဖြစ်သလို ယခုနှစ်နွေရာသီအတွင်း အမေရိကန် ပြည်ပတင်ပို့မှု မူဝါဒပြောင်းလဲပြီးနောက် ပထမဦးဆုံးလက်နက်ရောင်းချမှုလည်း ဖြစ်လာမည်ဖြစ်သည်။ ယူအေအီးသည် အမေရိကန်ထုတ် လက်နက်များ၊ စစ်ပစ္စည်းများကို ဝယ်ယူရန် ယခင်ကတည်းကပင် စိတ်ဝင်စားနေခဲ့ပြီး သာမန်ဒရုန်းများထက် ခေတ်မီလက်နက် တပ်ဆင်ပြီးသား နောက်ဆုံးပေါ်ဒရုန်းများကိုသာ ရောင်းချပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အောက်လွှတ်တော်က လက်နက်မဲ့ ဒရုန်းများကို တရုတ်(တိုင်ပေ)သို့ ရောင်းချရေးကိစ္စ ဆုံးဖြတ်ပြီးမှသာ ယူအေအီး၏ ကိစ္စရပ်ကို ဆက်လက်ဆုံးဖြတ်သွားမည် ဖြစ်သည်။

အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးဌာနမှ အရာရှိများကမူ ယီမင်ပြည်တွင်းစစ်တွင် ယူအေအီးနိုင်ငံ၏ ပါဝင်ပတ်သက်ခဲ့မှုကို နှစ်သက်ခြင်းမရှိသောကြောင့် ယခု ရောင်းချရေးအစီအစဉ်ကို ကန့်ကွက်နိုင်ခြေရှိကြောင်း သိရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေပြီး သဘောမတူခဲ့ပါက အစီရင်ခံစာတင်ပြီးရက် ၃၀ အတွင်း အောက်လွှတ်တော်မှ ပယ်ချသွားနိုင်သည့် အခွင့်အာဏာရှိသည်။

**ကိုးကား - စီအင်န်အင်န်**
**ဘာသာပြန် - မေလွဲ့သင်း**

## ကိုဗစ်-၁၉ ကပ်ရောဂါ အာရှ-ပစိဖိတ်နိုင်ငံများသို့ ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူအသစ် ၄၀၆၅ ဦး ရှိခဲ့ချိန်တွင် အိန္ဒိယနိုင်ငံတွင်လည်း နိုဝင်ဘာ ၅ ရက်အထိ ကူးစက်ခံရသူပေါင်း ၈၄၁၁၇၂၄ ဦး ရှိလာခဲ့ကာ ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှ-ပစိဖိတ်နိုင်ငံများသို့ ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၂၁၀ ရှိခဲ့ကြောင်းနှင့် သေဆုံးသူ စုစုပေါင်း ၁၂၅၀၂၉ ဦးရှိခဲ့ကြောင်းလည်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၇၆၅၉ ဦးရှိခဲ့ပြီး ပိုးတွေ့လူနာ ၅၂၇၉၆၂ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအသစ် ၄၀၆၅ ဦးရှိခဲ့သဖြင့် ကူးစက်ခံရသူပေါင်း ၄၂၉၅၇၄ ဦးနှင့် သေဆုံးသူ ၈၉ ဦး ရှိခဲ့သဖြင့် သေဆုံးသူပေါင်း ၁၄၄၄၂ ဦးအထိ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရသူ ၃၈၆၀ ရှိခဲ့ခြင်းကြောင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၃၆၀၇၀၅ ဦးအထိ ရှိလာခဲ့ကြောင်းလည်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၃၃၄၄၀ အထိရှိလာ

**မော်စကို နိုဝင်ဘာ ၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၄၀၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၃၃၄၄၀ အထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်အများဆုံးခံရသည့်ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၅၅ ဦးရှိခဲ့ကာ ကူးစက်ခံရသူပေါင်း ၄၅၀၄၃၆ ဦးအထိရှိခဲ့ကြောင်း အဆိုပါစင်တာက ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်ရက်များအတွင်းက နေ့စဉ်သေဆုံးသူအရေအတွက် သိသိသာသာလျော့နည်းခဲ့သော်လည်း လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်းကမူ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉၂ ဦးအထိရှိခဲ့ကာ နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၂၉၈၈၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၂၉၆၁၂၄ ဦး အထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

ပြည်တွင်းရေးရာ၊ မှုခင်း

# ဇမ္ဗူသီရိ၊ ရွှေကူ၊ မြောက်ဥက္ကလာပ၊ တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


အောင်ပြည့်ဖြိုးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီက ဇမ္ဗူသီရိမြို့၊ (၃) မိုင်မြို့ရှောင်လမ်းခွဲအနီး၊ ဇမ္ဗူသီရိ-မိုးမောက်သွား ကားလမ်းတွင် လန်တားမောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်၊ ဈ-ရပ်ကွက်၊ ဘုမ္မာ(၁)လမ်းတွင် အောင်ပြည့်ဖြိုးကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ သုည ဒသမ ၀၀၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ပူးပေါင်းအဖွဲ့သည် ၎င်းနေထိုင်သည့် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလို၊ အိုက်စ် သုည ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၀ နှင့် စိတ်ကြွဆေးပြားအကြေ သုည ဒသမ ၀၁၂ ကီလို တို့ကိုလည်းကောင်း၊ ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ်၊ ဆ-ရပ်ကွက်၊ မဓာဝီလမ်းမကြီးဘေးရှိချုံအတွင်း၌ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ တို့ကိုလည်းကောင်း။

အလားတူ နိုဝင်ဘာ ၅ ရက် ညနေ ၆နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ်၊ နောင်လတ်ကြီးကျေးရွာ၊ ရွာသစ်ကုန်းလမ်းတွင် မော်တော်ဆိုင်ကယ်နှင့်အတူတွေ့ရှိသူ မလှလှအေးနှင့် ဇော်လင်းထွန်းတို့အား စစ်ဆေးရှာဖွေရာ မလှလှအေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆နာရီခွဲတွင် နောင်လတ်ကြီးကျေးရွာရှိ မလှလှအေး ၏နေအိမ်သို့ ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ ကိုလည်းကောင်း။

နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ ဝမ်လုံကျေးရွာအုပ်စု၊ လွယ်စတုံ(အောက်)ကျေးရွာအနီးတွင် ဇော်ဝင်းကို(ခ)သားကြီး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၇ ကီလိုနှင့် ထိုင်းနိုင်ငံသုံးဘတ်ငွေ ၃၂၈၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား





ပြစ်မှုကျူးလွန်သူ တိုးဝေဝင်း(ခ) နေသူရိန်(ခ) မြသိန်းအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# စမ်းချောင်းမြို့နယ်၌ ဆရာဝန်အားသတ်သည့် အမှုမှ ပြစ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၆**

စမ်းချောင်းမြို့နယ် စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်းနေ ဒေါက်တာ စောခိုင်သည် နိုဝင်ဘာ ၃ ရက်က ဆေးခန်းသွားရန် နေအိမ်ရှေ့ လမ်းမပေါ်၌ ရပ်ထားသော ၎င်းပိုင်ယာဉ်အား တံခါးဖွင့်စဉ် အမျိုးသားတစ်ဦးက ဓားဖြင့်ထိုး၍ ထွက်ပြေးသွားရာ ဒေါက်တာစောခိုင် သေဆုံးခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ယနေ့ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာနှင့် မျက်မြင်သက်သေများအား စစ်မေးခြင်းနှင့် ပြစ်မှုကျူးလွန်သူ၏ ပုံပန်းသဏ္ဌာန်အား ရေးဆွဲဖော်ထုတ်ရှာဖွေခြင်း၊ CCTV မှတ်တမ်းများ စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူ တိုးဝေဝင်း(ခ)နေသူရိန်(ခ) မြသိန်းကို ၎င်းပုန်းအောင်းနေသည့် မရမ်းကုန်းမြို့နယ် မုဒိတာအိမ်ရာမှ ယနေ့ နံနက် ၉ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်ပွားစဉ် ယူဆောင်ထားသော လက်ဆွဲအိတ်၊ သက်သေခံဓား၊ အဝတ်အစားတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ တိုးဝေဝင်း(ခ)နေသူရိန်(ခ)မြသိန်း ကို အမှုဖြင့်တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် သေဆုံးသူမိသားစုနှင့် လူမှုရေးအရှုပ်အထွေးများကြောင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး ၎င်းအား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# မန္တလေး-မိုးကုတ်ကားလမ်း၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုကြောင့် တစ်ဦးသေဆုံး

**မတ္တရာ နိုဝင်ဘာ ၆**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းတွင် နိုဝင်ဘာ ၅ရက် ည ၇နာရီခွဲခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ရေနံ့သာနယ်မြေစခန်းမှ တာဝန်ရှိသူများသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၇/၂)နှင့်(၂၇/၃)ကြား စကျင်လမ်းခွဲအနီးတွင် ဦးကျော်တင့် ကျွဲကျကျေးရွာ၊ မတ္တရာမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့် ရှိုင်းဝေထက်အောင်(ခ)ဂျိုကာ ဆင်ရွာ ကျေးရွာ၊ မတ္တရာမြို့နယ်နေသူ မောင်းနှင်လာသောဆိုင်ကယ်တို့မှာ မျက်နှာချင်းဆိုင်တိုက်မိရာ ဦးကျော်တင့်မှာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားပြီး၊ ရှိုင်းဝေထက်အောင်(ခ)ဂျိုကာမှာ(စိုးရိမ်ရ) ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူများအား ရေနံ့သာနယ်မြေစခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(ပြန်/ဆက်)

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၃၅ စီး၊ သွင်းကုန် ၂၀၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်သွင်းကုန် ၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၂၅ သန်း )တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် အိတ်မျိုးစုံ (Used) (1x 15 Kg) (10 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်ခရိုင်ရဲမှုထမ်းဟောင်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာထောက်ပံ့

**ပုသိမ် နိုဝင်ဘာ ၆**

ပုသိမ်ခရိုင် ရဲမှုထမ်းဟောင်း ၁၀၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာများ စတုတ္ထအကြိမ်ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်အောင်အောင်က နှုတ်ခွန်းဆက်အားပေးစကားပြောကြားပြီး ရဲမှုထမ်းဟောင်း ၁၀၀ အတွက် ၁၄ ရက်စာ တစ်ဦးလျှင် ဆန်လေးပြည် ခုနစ်ဘူး၊ ဆီ ၂၈ ကျပ်သား၊ ဆား ၂၄ ကျပ်သား၊ ပဲ ၄၂ ကျပ်သားဖြင့် စုစုပေါင်း ဆန် ၁၆ အိတ် လေးပြည်၊ ဆီ ၂၈ ပိဿာ၊ ဆား ၂၄ ပိဿာ၊ ပဲ ၄၂ ပိဿာ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုသိမ် (လှကြည်)



# သထုံခရိုင်၌ ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သထုံ နိုဝင်ဘာ ၆။** ။ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ယမန်နေ့က သထုံခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့်ဝန်ထမ်းများသည် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ ငါး/ပုစွန်ဒိုင်များသို့ ကွင်းဆင်း၍ ရေထွက်ကုန်ပစ္စည်းများ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံစေရေးအတွက် ဂရုပြုရန်နှင့် ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရန်၊ ကိုဗစ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် မရမ်းကုန်းချောင်းသို့ သွားရောက်၍ ငါးသယံဇာတထိန်းသိမ်းရေး၊ ချောင်းငါး မဖမ်းဆီးရေးတို့အား စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၁

ရက်သာ

လိုတော့သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၃၉ ( ဆ ) အရ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူများသည် မဲရုံကို ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအမည်ယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ၊ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့
မဲရုံသွားကာ မဲပေးစို့ . . .

## တီးတိန်၌မဲရုံများ ကြိုတင်ပြင်ဆင်မှု ကြည့်ရှုစစ်ဆေး



**တီးတိန်  နိုဝင်ဘာ  ၆**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲရုံများကြိုတင်ပြင်ဆင်မှုများကို ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအွန်းခန့်ကပ်နှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့က ယနေ့ နံနက် ၈ နာရီတွင် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် လေးလုမ်းရပ်ကွက် အမှတ်(၆) မူလွန်ကျောင်းတွင်ပြင်ဆင်ထားသည့် အမှတ် -၁ မဲရုံ၊ လွယ်ဘွာလ်းရပ်ကွက် အထက-၂ တွင်ပြင်ဆင်ထားသည့် အမှတ် - ၁ မဲရုံနှင့် လိုင်လိုးကျေးရွာ အလကတွင် ပြင်ဆင်ထားရှိသည့် အမှတ်- ၁ မဲရုံတို့ကို သွားရောက်စစ် ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)

# နိုဝင်ဘာ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၃၄၂ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄၄၄၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၁၃၄၂)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၀၅) ခု | (၃၀၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၉၀၁) ခု | (၈၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၀၈) ခု | (၆၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၇၁) ခု | (၁၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၃၃) ခု | (၈) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၆) ခု | (၄၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | |
| စစ်တွေမြို့ အမှတ် (၁၅) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၈) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၅၉) ခု | (၃၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၆၄၈) ခု | (၄၅၁) ဦး |
| စုစုပေါင်း | (၁၄,၄၄၉) ခု | (၁,၃၄၂) ဦး |

• Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၄၄၉) ဦး | (၇၆၅,၃၉၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၄၂) ဦး | (၅၈,၂၇၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၉၉) ဦး | (၄၃,၂၇၇) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၁,၃၇၆) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦးအနက် ရောဂါအခံရှိသူ (၂၀) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၉၉) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၂၅၃) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၈၄၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၀၅၃)ဦးတွင်-
  - Hotel Quarantine - (၁၇၄) ဦး
  - Facility Quarantine - (၁၃၈) ဦး
  - Community Based Facility Quarantine - (၆၇၄) ဦး
  - Anosmia Center - (၆၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၂၆၆၃၇ | ၆၃၄၁၆၀၄ | ၂၄၁၀၂၆ |
| ၂။ | အိန္ဒိယ | ၈၄၁၁၇၂၄ | ၇၇၆၅၉၆၆ | ၁၂၅၀၂၉ |
| ၃။ | ဘရာဇီး | ၅၆၁၄၂၅၈ | ၅၀၆၄၃၄၄ | ၁၆၁၇၇၉ |
| ၄။ | ရုရှား | ၁၇၃၃၄၄၀ | ၁၂၉၆၁၂၄ | ၂၉၈၈၇ |
| ၅။ | ပြင်သစ် | ၁၆၀၁၃၆၇ | ၁၂၄၂၇၈ | ၃၉၀၃၇ |
| ၆။ | စပိန် | ၁၃၆၅၈၉၅ | စိစစ်ဆဲ | ၃၈၄၈၆ |
| ၇။ | အာဂျင်တီးနား | ၁၂၁၇၀၂၈ | ၁၀၃၀၁၃၇ | ၃၂၇၆၆ |
| ၈။ | ဗြိတိန် | ၁၁၂၃၁၉၇ | စိစစ်ဆဲ | ၄၈၁၂၀ |
| ၉။ | ကိုလံဘီယာ | ၁၁၁၇၉၇၇ | ၁၀၁၁၁၆၆ | ၃၂၂၀၉ |
| ၁၀။ | မက္ကဆီကို | ၉၄၉၁၉၇ | ၇၀၁၈၃၇ | ၉၃၇၇၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၉၅၇၄ | ၃၆၀၇၀၅ | ၁၄၄၄၂ |
| ၂။ | ဖိလစ်ပိုင် | ၃၉၁၈၀၉ | ၃၄၉၉၇၄ | ၇၄၆၁ |
| ၃။ | မြန်မာ | ၅၈၂၇၇ | ၄၃၂၇၇ | ၁၃၇၆ |
| ၄။ | စင်ကာပူ | ၅၈၀၄၇ | ၅၇၉၄၉ | ၂၈ |
| ၅။ | မလေးရှား | ၃၈၁၈၉ | ၂၆၃၈၀ | ၂၇၉ |
| ၆။ | ထိုင်း | ၃၈၁၈ | ၃၆၃၉ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၁၂ | ၁၀၇၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၉၂ | ၂၈၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |

## နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး ညှိနှိုင်းခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ခေတ္တဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

လှူဒါန်းပွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ အင်ဂျင်နီယာများအဖွဲ့(နေပြည်တော်)မှ အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်နေ ဦးလှဌေးမိသားစုမှ အလှူငွေကျပ် တစ်သိန်း ကိုလည်းကောင်း လှူဒါန်းကြရာ နေပြည်တော်ကောင်စီ ခေတ္တဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



# Druk International Film Festival ရုပ်ရှင်ပွဲတော်တွင် "နို့ဘီလူး" မြန်မာရုပ်ရှင်ဇာတ်ကား ထူးချွန်ဆု လေးဆု ဆွတ်ခူးရရှိ




**ရန်ကုန် နိုဝင်ဘာ ၆**
၂၀၂၀ပြည့်နှစ် စက်တင်ဘာလတွင် ဘူတန်နိုင်ငံ၌ ကျင်းပသော Druk International Film Festival (DIFF) ရုပ်ရှင်ပွဲတော်တွင် အောင်သီရိရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာရုပ်ရှင် ဇာတ်ကားတစ်ကားဖြစ်သည့် "နို့ဘီလူး" ရုပ်ရှင် ဇာတ်ကားသည် ထူးချွန်ဆု လေးဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်မှ ချီးမြှင့်သည့် 16th Season (2020) Competition တွင် အမေရိကန်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယ စသည့်နိုင်ငံ အသီးသီးမှ ဇာတ်ကားများစွာနှင့်အတူ မြန်မာနိုင်ငံမှ "နို့ဘီလူး" ရုပ်ရှင်ဇာတ်ကားအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုအမျိုးအစားပေါင်းများစွာအနက် ထူးချွန်ဆု လေးခုဖြစ်သော Best Director Outstanding Achievement Award Winner (ဒါရိုက်တာဆု) ကို ဒါရိုက်တာ လူမင်း ကလည်းကောင်း၊ Best Actor Outstanding Achievement Award Winner (အမျိုးသားဇာတ်ဆောင်ဆု) ကို သရုပ်ဆောင်လူမင်းက လည်းကောင်း၊ Best Supporting Actress Outstanding Achievement Award Winner (အမျိုးသမီး ဇာတ်ပို့ဆု)ကို သရုပ်ဆောင်ရွှေမှုံရတီကလည်းကောင်း ဆွတ်ခူးရရှိသည့်အပြင် Best Narrative Feature Film Outstanding Achievement Award Winner (ဇာတ်ကားဆု) ကိုပါ ဆွတ်ခူးရရှိခဲ့သည်။

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးကျော်ကျော်ဦးက "ဒီပြိုင်ပွဲကို Druk International Film Festival (DIFF) ရုပ်ရှင်ပွဲတော်ရဲ့ Website ကနေတစ်ဆင့် သိပြီးတော့ ဒီဇာတ်ကားကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ အခုလိုထူးချွန်ဆု ရရှိခဲ့တာ မြန်မာရုပ်ရှင်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ဒါ့အပြင် ၂၀၂၁ခုနှစ်မှာ ဘူတန်နိုင်ငံမှာ ဆက်လက်ကျင်းပမယ့် Golden Dragon Awards ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာလည်း ဆန်ခါတင် Nominees အဖြစ် ဆက်လက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ နိုင်ငံစုံ လူမျိုးပေါင်းစုံတို့ရှေ့မှာ မြန်မာရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားအဖြစ် ချပြတင်ဆက်ခွင့်ရခဲ့တဲ့အပြင် ထူးချွန်ဆုတွေပါ ရရှိခဲ့တဲ့အတွက် လွန်စွာကျေနပ်ပီတိဖြစ်မိပါတယ်။ မြန်မာရုပ်ရှင်ကို နိုင်ငံတကာမှရုပ်ရှင်ဇာတ်ကားတွေနဲ့အတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

"အခု ကိုဗစ်-၁၉ ဖြစ်ပွားနေတော့ ရုပ်ရှင်ရိုက်ကူးရေးရပ်နားထားရချိန်မှာ ကျွန်တော် ရိုက်ကူးခဲ့တဲ့ ဒီ "နို့ဘီလူး" ရုပ်ရှင်ဇာတ်ကားက နိုင်ငံတကာဆုတွေ ရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်" ဟု "နို့ဘီလူး" ရုပ်ရှင်ဇာတ်ကား ဒါရိုက်တာ/ သရုပ်ဆောင် အကယ်ဒမီလူမင်းက ပြောသည်။

ဒါရိုက်တာအကယ်ဒမီလူမင်း ရိုက်ကူးထုတ်လုပ်သော "နို့ဘီလူး"ရုပ်ရှင်ဇာတ်ကားသည် ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်ပြီး လူကြိုက်များခဲ့သော ဇာတ်ကား တစ်ကားလည်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတိုများ၊ မှတ်တမ်းတင်ရုပ်ရှင်ကားများသည် နိုင်ငံတကာတွင် ကျင်းပနေသော ရုပ်ရှင်ပွဲတော်များစွာ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ထူးချွန်ဆုများရရှိခဲ့ပြီး နိုင်ငံတကာ၏အသိအမှတ်ပြုခြင်းခံရကာ မြန်မာရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်သည်။

Druk International Film Festival (DIFF) ရုပ်ရှင်ပွဲတော်သည် သဘာဝပတ်ဝန်းကျင်၏ ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖန်တီးဖော်ဆောင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အမြင်အာရုံဆန်းသစ်စေသော ဇာတ်လမ်းများအား လွတ်လပ်စွာရိုက်ကူးခြင်းဖြင့် အနုပညာပတ်ဝန်းကျင်တွင် ခိုင်မာသော ရုပ်ရှင်အသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပွဲတော်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

# နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် ထုတ်ဝေ

**နေပြည်တော် နိုဝင်ဘာ ၆**
၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အတွဲ (၄၇)၊ အမှတ်(၁၁) ကို ထုတ်ဝေလိုက်ပြီ ဖြစ်ပါသည်။

လူငယ်များအတွက် အဓိကဦးတည်သော သုတပဒေသာစာစောင်၏ မျက်နှာဖုံးဆောင်းပါး ကဏ္ဍမှာ "အထွေထွေရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ" ဖြစ်သည်။ မျက်နှာဖုံးဆောင်းပါးကဏ္ဍတွင် ရွေးကောက်ပွဲနှင့် တရားမဲ့ပြုကျင့်မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ရွေးကောက်ပုံစနစ်များ၊ နိုင်ငံရေးဆိုင်ရာ နှိုင်းရနှုန်းစံအဆင့်များနှင့် ဒီမိုကရေစီ၊ ကဗျာကဏ္ဍတွင် အတုအယောင်၊ ပင်တိုင်စံမင်းသမီးလေး ရှုလေ့ (၇)၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာကဏ္ဍတွင် အမြင်ကျယ်လေ ပိုအောင်မြင်လေ၊ အဆိုးမြင်ခြင်း၊ နိုင်ငံတကာဆိုင်ရာကဏ္ဍတွင် တင်းမာနေသော နှစ်နိုင်ငံဆက်ဆံရေး၊ COVID-19 အမွေ၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာကဏ္ဍတွင် ပင်လယ်ပျော်ငှက်များ၊ သေသွားတဲ့ဆင်အတွက် ဆင်တို့ ပူဆွေးတတ်ကြသလား၊ မူးယစ်ဆေးဝါးဆိုင်ရာကဏ္ဍတွင် မူးယစ်ဆေးဝါး၏ ကျေးကျွန်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာကဏ္ဍတွင် အာကာသရောက် သက်ရှိသတ္တဝါများ၊ မိုဘိုင်းကွန်ရက်များ ပြောင်းလဲလာပုံအဆင့်ဆင့်၊ ကွန်ရက်သံသရာဝင်ပါ၊ ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် အယ်လ်ဇိုင်းမားရောဂါနှင့် ကာကွယ်ကုသရေး ကြိုးပမ်းချက်များ၊ ရေယုန်ရောဂါကို မပေါ့ဆသင့်ပါ၊ စိတ်ပူပန်မှုနှင့် စိတ်ဖိစီးမှု၊ ဆန်းသစ်ဖွေရှာ ဆေးပညာ (၂၂၇)၊ လမ်းလျှောက်ကုထုံး၊ ဖြစ်ရပ်မှန်ကဏ္ဍတွင် ဆင်ခြေဖုံးက ကလေး တစ်ယောက်၊ တိုက်ပွဲ၊ နှလုံးသားရဲ့ ဘာသာဗေဒ၊ ဝတ္ထုတိုကဏ္ဍတွင် သိုးကလေး ကလင်စီ၊ အချစ်ဆိုတာ မှားစရာ၊ ခံနိုင်စွမ်း၊ အထွေထွေကဏ္ဍတွင် အမုန်းစကားရပ်၊ နှလုံးသားကို နွေးထွေးစေမည့် စကားလုံးများ၊ သုတရသပီပြင်သော စီမံခန့်ခွဲသူ စသည်ဖြင့် ကဏ္ဍမျိုးစုံ ဆောင်းပါးများ ပါဝင်ပါသည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်ဆိုင်အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈၊ စာပေဗိမာန် စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

**သတင်းစဉ်**




# ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်း(တောင်)ကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူး

**ပြင်ဦးလွင် နိုဝင်ဘာ ၆**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိန္နဲကျေးရွာအုပ်စု ပိန္နဲကုန်း (တောင်) ကျေးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် အဆိုပါကျေးရွာရှိ ထရန်စဖော်မာအနီး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖတို့က လျှပ်စစ်မီးစတင်ဖြန့်ဖြူးခြင်းအထိမ်းအမှတ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။


**ဂျိုင်းလော(သတင်းစဉ်)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၇ ရက် စနေနေ့တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အသားဟင်းပါမှ ထမင်းစားမည်ဆိုသော ရွှေပိုးအကြောင်းကို ရေးဖွဲ့ထားသည့် "မေမေချက်တဲ့ဟင်း" မျက်နှာဖုံးကာတွန်း၊ ဝါးပင်ပေါက်နိုင်သော မြေအမျိုးအစားအကြောင်းနှင့် ဝါးပင်၏အသုံးဝင်ပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မြန်မာ့ဝါး" သုတဆောင်းပါး၊ ကလေးတို့အနေဖြင့် ဗုဒ္ဓဘုရားရှင်၏ ဘဝဇာတ်ကြောင်းကို သရုပ်ဖော်ပုံများနှင့်တကွ ဖတ်ရှုမှတ်သားနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ကို ရည်ညွှန်းဖော်ပြထားသည့် ရွှေသွေးတို့စာဖတ်စို့ကဏ္ဍ၊ ကျားဆိုးကြီးကို နှိမ်နင်းပေးမည်ဆိုသော ဉာဏ်ကြီးရှင်အာတူး အကြောင်းကို ရေးဖွဲ့ထားသည့် "အာတူး၏ နောက်တစ်သိန်းက" မျက်နှာဖုံးကာတွန်း၊ ဖခင်၏ ဉာဏ်အမြော်အမြင်ရှိမှုအကြောင်း ကျောင်းသင်ခန်းစာများကို သင်ကြားလေ့လာခွင့်ရသော မောင်နှမနှစ်ဦးအကြောင်းကို ရေးဖွဲ့ထားသည့် "ညီမီနဲ့အရုပ်လေး" ကလေးဝတ္ထု၊ တချို့သောကိစ္စများတွင် အကြံဉာဏ်ကောင်းတစ်ခုကို ပေးရမည်မှာ လွယ်ကူသော်လည်း တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်းကို တင်ဆက်ထားသည့် "ကြောင်ကိုဘယ်သူချူဆွဲပေးမလဲ" ပုံပြင်ကဏ္ဍတို့အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ၊ ကလေးကာတွန်း၊ ရွှေသွေးတို့စာဖတ်စို့ကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။




**သတင်းစဉ်**

# ရှေ့နေနှင့် ဥပဒေမူကြမ်းရေးဆွဲရေး

ဦးဟန်ညွန့် (ဥပဒေ)




**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့်ဥပဒေမူကြမ်းရေးဆွဲရေးပါတဲ့ "

"ဘာကိုရေးချင်တာပါလဲဆရာ"

"ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေတဲ့ ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန် (Legislative Drafting Guidance) စာအုပ်အကြောင်း တင်ပြရေးသားချင်တာပါ"

"ဥပဒေရေးဆွဲရေးကို စိတ်ဝင်စားသူတိုင်း သိရှိသင့်ပါတယ် ဆရာ "

"ဒါဖြင့် .. ဖတ်ကြည့်ကြစို့ "

**မာတိကာ**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက " ဥပဒေရေးဆွဲခြင်းသည် အသိပညာ၊ အတတ်ပညာ နှံ့စပ်ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကြွယ်ဝမှုအပေါ် များစွာအခြေခံရသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ကြောင်း၊ ကောင်းမွန်မျှတသော ဥပဒေများဖြစ်စေရန်နှင့် ရေးထုံးရေးနည်း မှန်ကန်စွာရေးဆွဲနိုင်ရေးအတွက် ဤလမ်းညွှန်စာအုပ်က အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း" အမှာစာနှင့်အတူ နိဒါန်း၊ အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)၊ အပိုင်း(၄)နှင့် အပိုင်း(၅) တို့ကို ဖော်ပြထားသည်။ ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေသည်။

**အပိုင်း(၁)**

ဥပဒေမူကြမ်းများရေးဆွဲရာတွင် အဓိကအခြေခံရမည့် အချက်များအကြောင်း ဖော်ပြထားသည်။

**အပိုင်း(၂)**

ဥပဒေမူကြမ်း ရေးထုံးရေးနည်းများနှင့် လက်တွေ့ရေးဆွဲခြင်း အကြောင်း ဖော်ပြထားပြီး အခန်းပေါင်း(၂၀) ပါရှိသည်။

**အပိုင်း(၃)**

ပြင်ဆင်သည့် ဥပဒေရေးဆွဲနည်းအကြောင်း ဖော်ပြထားပြီး အခန်း(၄) ခန်း ဖော်ပြပါရှိသည်။

**အပိုင်း(၄)**

ဥပဒေကို ရုပ်သိမ်းခြင်းအကြောင်း ဖော်ပြထားသည်။ အခန်းပေါင်း (၅)ခန်း ပါဝင်သည်။

**အပိုင်း(၅)**

တစ်ဆင့်ခံဥပဒေများ ရေးဆွဲနည်းအကြောင်း ဖော်ပြထားသည်။ အခန်းပေါင်း(၅)ခန်း ဖော်ပြပါရှိသည်။

**ဥပဒေမူကြမ်းရေးထုံးရေးနည်းများနှင့် လက်တွေ့ရေးဆွဲခြင်း**

ဤအပိုင်းတွင်-

ဥပဒေမူကြမ်းရေးဆွဲရာတွင်အခြေခံရမည့် ရေးထုံးရေးနည်းများ၊ ဥပဒေမူကြမ်းတွင် အပိုင်းနှင့်အခန်းများ ခေါင်းစဉ်ခွဲများ၊ ဘေးခေါင်းစဉ်များခွဲခြားခြင်း၊ စာသား၊ ဝေါဟာရ၊ ဝါကျနှင့်သဒ္ဒါ အသုံးအနှုန်းရှင်းလင်းပြီး မှန်ကန်ရန်လိုအပ်ခြင်း၊ မာတိကာရေးသားခြင်း၊ ဥပဒေခေါင်းစည်း၊ ဥပဒေမူကြမ်းတွင် အပိုင်းနှင့် အခန်းများခွဲခြားခြင်း၊ ဥပဒေအမည်၊ ဥပဒေစတင်အာဏာတည်သည့်နေ့ရက် သက်ဆိုင်ခြင်းနှင့်စီရင်ပိုင်ခွင့်၊ အဓိပ္ပာယ်ဖော်ပြချက်များ၊ ရည်ရွယ်ချက်များ၊ ကော်မတီနှင့် ကော်မရှင်စသည့် ဗဟိုအဆင့်အဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းကော်မတီများ ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းလိုင်စင်၊ ခွင့်ပြုမိန့်၊ မှတ်ပုံတင်ခြင်း စသည့်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲရေးအမိန့် သို့မဟုတ် ပြစ်ဒဏ်၊ အယူခံခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ် သို့မဟုတ် တားမြစ်ချက်နှင့်ပြစ်ဒဏ်၊ ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ၊ အထွေထွေ၊ နိုင်ငံတော်က လက်ခံထားသော ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များအရ ဥပဒေများရေးဆွဲခြင်းတို့ ပါဝင်သည်။

**ပြင်ဆင်သည့်ဥပဒေရေးဆွဲနည်း**

ဤအပိုင်းတွင်-

တည်ဆဲဥပဒေကို ပြင်ဆင်ခြင်း၊ ဥပဒေ၏အမည်ကို ပြင်ဆင်ခြင်း၊ စကားရပ်အများအပြားကို ပြင်ဆင်ခြင်းမပြုဘဲ ပုဒ်မနှင့်ပုဒ်မခွဲတစ်ခုလုံးကိုပြင်ဆင်ခြင်း၊ မူရင်းမြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေကို ပြင်ဆင်သည့်ဥပဒေရေးဆွဲနည်း၊ ဥပဒေခေါင်းစည်း၊ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ပြင်ဆင်သည့်ဥပဒေအမည်၊ ပုဒ်မနှင့် ပုဒ်မခွဲတို့ကို အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဖြည့်စွက်ခြင်း၊ စကားရပ်များအစားထိုးခြင်း၊ ပုဒ်မ အသစ်၊ ပုဒ်မခွဲအသစ် ဖြည့်စွက်ခြင်းတို့ပါဝင်သည်။ ဥပဒေရုပ်သိမ်းခြင်းနှင့် တစ်ဆင့်ခံဥပဒေများ ရေးဆွဲနည်းအကြောင်းများကိုလည်း လေ့လာဖတ်ရှုနိုင်သေးသည်။

**နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံး၍ အပြန်အလှန် ထိန်းကျောင်းခြင်းပြုရာတွင် ဥပဒေသည် အဓိကကျသော အခန်းကဏ္ဍ၌ ပါဝင် . . .**

**ခက်မသုံးဖြာ**

နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံး၍ အပြန်အလှန် ထိန်းကျောင်းခြင်းပြုရာတွင် ဥပဒေသည် အဓိကကျသော အခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရာ၌လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ကျင့်သုံးရာ၌ လည်းကောင်း၊ ဥပဒေပြုရေးအာဏာပိုင်က ပြဋ္ဌာန်းသော ဥပဒေနှင့်အညီ ကျင့်သုံးအကောင်အထည်ဖော်ရပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေတစ်ရပ်သည် ဥပဒေပုံစံကျနေခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန်လွယ်ကူခြင်း၊ ဥပဒေကို ကျင့်သုံးသော အဖွဲ့အစည်းများနှင့် ဥပဒေကို လိုက်နာရသူများအားလုံး လွယ်ကူစွာနားလည်သဘောပေါက်ခြင်း၊ ခုခံချေပခွင့်၊ အယူခံခွင့်ရှိခြင်းနှင့် တရားမျှတသောပြစ်မှုပြစ်ဒဏ်ပါဝင်ခြင်းဆိုသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ပြဋ္ဌာန်းသောဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည်လည်း ဥပဒေကိုကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ပဋိပက္ခဖြစ်ခြင်း မရှိစေရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

**ဥပဒေမူကြမ်းရေးဆွဲရာတွင် အဓိကအခြေခံရမည့်အချက်များ**

ဥပဒေမူကြမ်းများကို ရေးဆွဲရာတွင်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရမည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပါ နိုင်ငံတော်၏အခြေခံမူများနှင့် ကိုက်ညီရမည်ဖြစ်သည်။

(ခ) ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ ဇယား ၁၊ ဇယား ၂ နှင့် ဇယား ၃ တို့ပါ ဥပဒေပြုစာရင်းအရ ပြဋ္ဌာန်းပိုင်ခွင့်များကို ခွဲခြား၍ ဥပဒေများ စိစစ်ရေးဆွဲရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။ အကယ်၍ ဆန့်ကျင်ပါက နောက်ကျသည့် ဥပဒေသည် ရှေးဦးကျသောဥပဒေကို လွှမ်းမိုးမည်ဖြစ်၍ ထိုသို့ လွှမ်းမိုးရန် ဥပဒေအသစ်၏ အနှစ်သာရနှင့် ရည်ရွယ်ချက်ရှိရမည်။

( င) နိုင်ငံတော်က လက်ရှိချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်ရမည်။

( စ) ရေးဆွဲပြဋ္ဌာန်းရန် မူဝါဒချမှတ်ထားသည့် ဥပဒေ၏ အနှစ်သာရနှင့် ရည်ရွယ်ချက် ပေါ်လွင်စေရမည်။

(ဆ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရမည့်အပြင် ကာကွယ်စောင့်ရှောက်နိုင်ရမည်။ ထို့ပြင် အများပြည်သူက လက်ခံနိုင်သည့် ဥပဒေမျိုးလည်း ဖြစ်ရန်လိုသည်။

(ဇ) ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောဌာန၊ အဖွဲ့အစည်းများ၊ ယန္တရားများနှင့် လုပ်ငန်းတာဝန်များ ဖော်ပြပါရှိရမည်။

(ဈ) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့်အချက်များ ပါဝင်ခြင်းမရှိစေရန် သတိပြုရမည်။

(ည) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိရမည်။

( ဋ) အများပြည်သူ၏လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်စေနိုင်ခြင်းမရှိရန် သတိပြုရမည်။

( ဌ) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ထိခိုက်စေမည့်အချက်များကို ရှောင်ရှားရမည်။

( ဍ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အသုံးအနှုန်းများ ပါဝင်ခြင်းမရှိစေရန် ဂရုပြုရမည်။

( ဎ) တိုင်းရင်းသားလူမျိုးစုအလိုက် အခြေတည်ခိုင်မာလျက်ရှိသော ဘာသာဓလေ့ထုံးတမ်းဥပဒေများနှင့် ရိုးရာဓလေ့ထုံးစံများကို ထိခိုက်စေနိုင်ခြင်းမရှိစေရန် အလေးဂရုပြုရမည်။

(ဏ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတို့ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတို့ဖြစ်စေ၊ ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခုတို့ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုနှင့် တစ်ခုတို့ ဖြစ်စေ၊ ယင်းအဖွဲ့အစည်းများအကြားတွင် လုပ်ပိုင်ခွင့်များ ရောထွေးစေသောဖော်ပြချက်များနှင့် ဆန့်ကျင်နေမှုများကို ဖယ်ရှားရမည်။

(တ) နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေမူကြမ်းဖြစ်ပါက သဘောတူလက်ခံထားသောအချက်များနှင့် လိုက်လျောညီထွေမှုရှိစေရမည့်အပြင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးစေခြင်းမရှိစေရန် ဂရုပြုရမည်။ ထို့ပြင် နိုင်ငံတော်က လက်ခံစဉ် ခြွင်းချက်ပြုထားသောအချက်များနှင့် ကြေညာထားသော အချက်များရှိပါက ယင်းတို့ကိုလည်း အလေးထားရမည်။

(ထ) ခေတ်စနစ်၊ အုပ်ချုပ်ရေးစနစ် ပြောင်းလဲသွားသော်လည်း ပြောင်းလဲလာသည့် စနစ်နှင့်အညီ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် ဖြစ်နိုင်သမျှ ရည်ရွယ်၍ ရေးဆွဲရမည်။ ဆိုလိုသည်မှာ ပြဋ္ဌာန်းထားသည့်ဥပဒေကို နှစ်ကာလ တာရှည်စွာ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ရခြင်းဖြစ်သည်။

( ဒ) ဥပဒေမူကြမ်းရေးဆွဲသူတစ်ဦးသည် အတွေ့အကြုံမည်မျှပင်ရှိစေကာမူ ထိုသူတစ်ဦးတည်း၏ တွေးခေါ်စဉ်းစား စိစစ်ရေးဆွဲရုံမျှဖြင့် မည်သည့်အခါမျှ ပြည့်စုံနိုင်မည်မဟုတ်သဖြင့် ဥပဒေမူကြမ်းရေးဆွဲသူအစုအဖွဲ့ဖြင့် အခြေအတင် ငြင်းခုံ၊ ဆွေးနွေး၊ ညှိနှိုင်းရေးဆွဲမှသာလျှင် အတော်အသင့်ပြည့်စုံသည့် ဥပဒေမူကြမ်းတစ်ရပ်ဖြစ်သည်ကို သိနားလည်ထားရန် လိုအပ်ပါသည်။

**အင်္ဂလိပ်ဘာသာ**

ထို့ပြင် အင်္ဂလိပ်ဘာသာအားဖြင့် (LEGISLATIVE DRAFTING GUIDANCE ) အကြောင်းကို ပူးတွဲပုံနှိပ်ဖော်ပြထားသဖြင့် အင်္ဂလိပ်ဘာသာဖြင့်ပါ လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**နိဂုံး**

ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ဥပဒေရေးဆွဲရေးတာဝန်ကို (တစ်ချိန်တစ်ခါက) ထမ်းဆောင်ခွင့်ရခဲ့သည့် ကျေးဇူးတရားများကို ကျွန်တော်အောက်မေ့တမ်းတလျက် ယနေ့ချိန်ခါတွင် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများပို့သလိုက်ပါသည်။ ။

❍

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

(ယမန်နေ့မှအဆက်)

၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀%
ဆက်လက် ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၃၈၆ | 13008.313.4.2.67 | Shwe Ta Gu Co.,Ltd | ၄ | ၃၀၃,၂၀၀.၀၀ |
| ၃၈၇ | 13008.313.4.2.68 | Shwe Ka Hsoun Co.,Ltd | ၁၆ | ၁,၂၃၁,၂၀၀.၀၀ |
| ၃၈၈ | 13008.313.4.2.72 | Runningtex Co.,Ltd. | ၉၃၂ | ၅၄,၂၆၂,၀၈၀.၀၀ |
| ၃၈၉ | 13008.313.5.2.115 | Gold Yacht Co.,Ltd | ၂၁၁ | ၁၂,၄၉၀,၀၀၀.၀၀ |
| ၃၉၀ | 13008.313.6.2.22 | JJ-Pun Trading | ၁၃၁ | ၁၅,၆၈၈,၀၀၀.၀၀ |
| ၃၉၁ | 13008.313.6.2.109 | Myanmar Xin Wei Co.,Ltd | ၂၂၀ | ၁၂,၆၇၂,၀၀၀.၀၀ |
| ၃၉၂ | 13008.313.6.2.111 | Haw Mae Make Clothes Assist Material Co.,Ltd | ၅၆ | ၃,၃၀၂,၄၀၀.၀၀ |
| ၃၉၃ | 13008.313.7.2.9 | ကူဘိုတာရေဝတီ ကုမ္ပဏီလီမိတက် | ၃၉ | ၃,၁၀၄,၀၀၀.၀၀ |
| ၃၉၄ | 13008.313.7.2.38 | Myanmar Guotai Huasheng Glory Fashion Co.,Ltd | ၇၄၇ | ၃၈,၅၉၂,၉၆၀.၀၀ |
| ၃၉၅ | 13008.313.7.2.79 | Fast Point Co.,Ltd | ၂၃ | ၂,၀၅၃,၆၀၀.၀၀ |
| ၃၉၆ | 13008.313.7.2.206 | Swithcer Trading And Manufacturing LTD | ၁၆ | ၉၈၀,၀၀၀.၀၀ |
| ၃၉၇ | 13008.313.7.2.16 | YLX Company Limited | ၄၉၆ | ၂၅,၃၀၀,၆၅၀.၀၀ |
| ၃၉၈ | 13008.313.8.2.86 | Hua Tian Hong Hai Co.,Ltd | ၁၇ | ၉၇၇,၇၆၀.၀၀ |
| ၃၉၉ | 13009.34.1.2.129 | Myanmar Starlit International Ltd | ၄ | ၄၅၀,၀၀၀.၀၀ |
| ၄၀၀ | 13009.34.1.2.147 | MK Fashion Shop | ၃၀ | ၁,၈၃၈,၀၀၀.၀၀ |
| ၄၀၁ | 13009.34.1.2.214 | အားမာန်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် | ၁၀ | ၅၅၁,၆၀၀.၀၀ |
| ၄၀၂ | 13009.34.1.2.240 | ကောင်းကောင်း Rest | ၄ | ၉၆,၀၀၀.၀၀ |
| ၄၀၃ | 13009.34.1.2.362 | ဒေါ်ခင်ရွှေ သစ်စက် | ၇ | ၁၄၀,၀၀၀.၀၀ |
| ၄၀၄ | 13009.34.1.2.377 | ကမ္ဘာကျော် စားသောက်ဆိုင် | ၄ | ၈၀,၀၀၀.၀၀ |
| ၄၀၅ | 13009.34.2.2.106 | Ever Stand Carton Box | ၃၇ | ၁,၂၉၅,၄၀၀.၀၀ |
| ၄၀၆ | 13009.34.2.2.115 | National Engineering Planing Service(NEPS) | ၂၇ | ၁,၈၄၅,၂၀၀.၀၀ |
| ၄၀၇ | 13009.34.2.2.127 | ရှူဝံ မကျည်းတော်ဖီ | ၇ | ၁၄၀,၀၀၀.၀၀ |
| ၄၀၈ | 13009.34.1.2.212 | G.E.C(အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမ ရန်ကုန်အရှေ့ပိုင်းခရိုင်) | ၉ | ၃၇၆,၈၀၀.၀၀ |
| ၄၀၉ | 13009.34.2.2.201 | Fashion Euphoria | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၄၁၀ | 13009.34.3.2.139 | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက် | ၂၀ | ၁,၃၀၂,၀၀၀.၀၀ |
| ၄၁၁ | 13009.34.3.2.141 | LONG LIFE AGGREGATE MINING CO.,LTD | ၁၅ | ၁,၃၆၇,၆၀၀.၀၀ |
| ၄၁၂ | 13009.34.6.2.10 | MADP Distribution Network Co.,Ltd | ၁၇ | ၁,၁၄၄,၀၀၀.၀၀ |
| ၄၁၃ | 13009.34.6.2.126 | Oriental Leaf International Co.Ltd | ၁၇ | ၁,၄၆၃,၇၆၀.၀၀ |
| ၄၁၄ | 13018.31.4.2.147 | Alpha-ecc Myanmar Private Ltd | ၆၃ | ၆,၂၃၆,၈၀၀.၀၀ |
| ၄၁၅ | 13023.314.1.2.39 | ရွှေစကားအထည်ချုပ် | ၁,၄၉၄ | ၇၉,၃၇၇,၆၀၀.၀၀ |
| ၄၁၆ | 13023.314.1.2.58 | မြတ်မိဘကုမ္ပဏီလီမိတက်(စက္ကူထုတ်ပိုး) | ၁၀၄ | ၆,၃၈၂,၀၀၀.၀၀ |
| ၄၁၇ | 13023.314.1.2.74 | ဒေါ်ခင်မိုးသူအထည်ချုပ် | ၂၆ | ၁,၄၉၇,၆၀၀.၀၀ |
| ၄၁၈ | 13023.314.1.2.86 | မြရိပ်ခိုတည်းခိုခန်း | ၃ | ၆၀,၀၀၀.၀၀ |
| ၄၁၉ | 13023.314.1.2.114 | ထွန်းသစ်ခွဲစက် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၄၂၀ | 13023.314.2.2.127 | တင်တင်ဝင်းရှိန်မိသားစုစီးပွားရေးလုပ်ငန်း | ၄ | ၂၈၇,၂၀၀.၀၀ |
| ၄၂၁ | 13023.314.2.2.133 | ရတနာပုံ(မင်းနန္ဒာဟိုတယ်) | ၅ | ၂၈၈,၀၀၀.၀၀ |
| ၄၂၂ | 13023.314.4.2.17 | Marubeni Myanmar Fertilizer Co.Ltd | ၂၁၆ | ၂၄,၉၁၁,၆၀၀.၀၀ |
| ၄၂၃ | 13023.314.7.2.63 | Suzuki Auto City Co.,Ltd | ၁၂ | ၉၀၀,၀၀၀.၀၀ |
| ၄၂၄ | 13023.314.8.2.10 | Koryo Cable Myanmar Co.,td | ၅၀ | ၄,၅၁၂,၀၀၀.၀၀ |
| ၄၂၅ | 13033.35.1.2.62 | ဂမုန်းပွင့်ကုန်တိုက် | ၉၇ | ၅,၅၈၇,၂၀၀.၀၀ |
| ၄၂၆ | 13033.35.1.2.127 | အမွှာညီနောင်စတိုး | ၄ | ၁၆၀,၀၀၀.၀၀ |
| ၄၂၇ | 13033.35.1.2.263 | IEM Co., Ltd. | ၁၉၆ | ၁၄,၂၂၈,၈၀၀.၀၀ |
| ၄၂၈ | 13033.35.1.2.506 | Fame Hotel | ၅ | ၃၂၀,၀၀၀.၀၀ |
| ၄၂၉ | 13033.35.1.2.638 | ဟိန်းမြန်မာကုမ္ပဏီလီမိတက် | ၂၀ | ၁,၃၃၆,၄၀၀.၀၀ |
| ၄၃၀ | 13033.35.1.2.682 | တောင်ကြီးမောက်မယ် | ၁၅ | ၈၆၆,၄၀၀.၀၀ |
| ၄၃၁ | 13033.35.1.2.683 | Giordano | ၅ | ၄၂၀,၀၀၀.၀၀ |
| ၄၃၂ | 13033.35.2.2.132 | Fantasy World Co., Ltd. | ၁၁ | ၆၃၈,၄၀၀.၀၀ |
| ၄၃၃ | 13033.35.4.2.108 | GOLDEN POND GENERAL SERVICES COMPANY LIMITED | ၁၂ | ၁,၄၄၀,၀၀၀.၀၀ |
| ၄၃၄ | 13033.35.4.2.127 | KTZ Ruby Hill Seurities Company Limited | ၁၁ | ၁,၃၀၁,၆၀၀.၀၀ |
| ၄၃၅ | 13033.35.4.2.131 | Season One Co., Ltd. | ၁၉ | ၁,၁၀၈,၈၀၀.၀၀ |
| ၄၃၆ | 13033.35.4.2.143 | Future Glow အလှကုန် | ၇ | ၄၀၃,၂၀၀.၀၀ |
| ၄၃၇ | 13033.35.4.2.153 | Farmer Phoyarzar Co., Ltd. | ၁၅၀ | ၁၀,၀၀၈,၀၀၀.၀၀ |
| ၄၃၈ | 13033.35.5.2.38 | KMA Telemedia Holdings Limited | ၁၀၆ | ၁၁,၅၈၀,၀၀၀.၀၀ |
| ၄၃၉ | 13033.35.5.2.65 | AA Marketing Co.,Ltd(မင်္ဂလာတောင်ညွန့်) | ၁၀ | ၁,၁၄၀,၀၀၀.၀၀ |
| ၄၄၀ | 13033.35.6.2.6 | Acer Computer Co., Ltd. (Yangon Representative Office) | ၆ | ၇၂၀,၀၀၀.၀၀ |
| ၄၄၁ | 13033.35.6.2.49 | အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက် | ၇ | ၅၀၇,၂၀၀.၀၀ |
| ၄၄၂ | 13033.35.6.2.90 | EZY Infotech Co.,Ltd | ၁၃ | ၁,၄၉၂,၀၀၀.၀၀ |
| ၄၄၃ | 13033.35.7.2.71 | I CALL ELECTRONICS COMPANY LIMITED | ၆၃၉ | ၄၇,၂၃၉,၂၈၇.၃၀ |
| ၄၄၄ | 13033.35.8.2.6 | Alpha World Link Co., LTD. | ၁၀ | ၇၁၆,၀၀၀.၀၀ |
| ၄၄၅ | 13033.36.1.2.473 | TTAS Co.,Ltd | ၁၃၃ | ၁၅,၀၅၄,၇၂၀.၀၀ |
| ၄၄၆ | 13033.36.2.2.215 | Capital Diamond Star Group Ltd | ၃၇၈ | ၄၀,၈၁၉,၄၄၇.၂၀ |
| ၄၄၇ | 13033.36.4.2.30 | TODA Corporation | ၂၁ | ၂,၅၂၀,၀၀၀.၀၀ |
| ၄၄၈ | 13033.36.5.2.57 | APL Logistics(Global Multimodal Transport & Services) | ၇ | ၈၄၀,၀၀၀.၀၀ |
| ၄၄၉ | 13033.36.5.2.162 | Shwe Taung Property Management Co.,Ltd. | ၂၆၇ | ၁၆,၁၄၀,၀၈၀.၀၀ |
| ၄၅၀ | 13033.36.6.2.21 | Ashro Services (VE) | ၂၀ | ၂,၃၆၈,၀၀၀.၀၀ |
| ၄၅၁ | 13033.36.6.2.51 | NTS Myanmar Co,Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၄၅၂ | 13033.36.6.2.108 | Forever Gems by ရွှေနန်းတော် | ၁၂ | ၁,၁၂၀,၀၀၀.၀၀ |
| ၄၅၃ | 13033.36.6.2.121 | MK Fashion Shop | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၄၅၄ | 13033.36.6.2.144 | ACP Management | ၁၀ | ၁,၂၀၀,၀၀၀.၀၀ |
| ၄၅၅ | 13033.36.7.2.111 | RBS Myanmar Co.,Ltd | ၆ | ၃၉၄,၀၀၀.၀၀ |
| ၄၅၆ | 13033.36.7.2.127 | SCSK Myanmar Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၄၅၇ | 13033.310.1.2.428 | Technoland Computer Trading Co., Ltd | ၂၂၅ | ၁၆,၅၆၈,၀၀၀.၀၀ |
| ၄၅၈ | 13033.310.6.2.31 | Pullman Yangon Centrepoint | ၁၁၇ | ၉,၇၈၀,၀၀၀.၀၀ |
| ၄၅၉ | 13033.310.1.2.565 | Idea Link Computer | ၂ | ၈၆,၄၀၀.၀၀ |
| ၄၆၀ | 13033.310.3.2.117 | Tilleke & Gibbins Myanmar Ltd | ၁၇ | ၂,၀၄၀,၀၀၀.၀၀ |
| ၄၆၁ | 13033.310.6.2.30 | WHA Advisory Limited | ၇ | ၈၄၀,၀၀၀.၀၀ |
| ၄၆၂ | 13041.33.1.2.264 | Myanmar Prodigy | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၄၆၃ | 13041.33.1.2.364 | King Metal Trading Co,Ltd | ၁၂ | ၇၅၃,၆၀၀.၀၀ |
| ၄၆၄ | 13041.33.5.2.65 | Honda (Myanmar)Int CoLtd | ၃၃ | ၃,၁၉၆,၀၀၀.၀၀ |
| ၄၆၅ | 13041.33.7.2.60 | Bay of Bengal Resort | ၁၈ | ၁,၃၃၆,၀၀၀.၀၀ |
| ၄၆၆ | 13041.38.1.2.43 | Seagram MyanmarCo.,Ltd | ၁၉၉ | ၂၀,၃၈၉,၈၃၂.၀၀ |
| ၄၆၇ | 13041.38.1.2.99 | 119 Fashion Complex | ၁၃ | ၇၅၂,၀၀၀.၀၀ |
| ၄၆၈ | 13041.38.1.2.139 | ရွှေလင်းယုန်စက်မှု | ၃ | ၆၀,၀၀၀.၀၀ |
| ၄၆၉ | 13041.38.1.2.321 | ရွှေပင်လယ်ကုမ္ပဏီ | ၃ | ၄၈,၀၀၀.၀၀ |
| ၄၇၀ | 13041.38.1.2.433 | KK Plastic Factory | ၄ | ၈၀,၀၀၀.၀၀ |
| ၄၇၁ | 13041.38.1.2.480 | ဦးမြလှိုင်စွပ်ကျယ် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၄၇၂ | 13041.38.1.2.565 | ဒေါ်နုပစ္စည်းအငှားဆိုင် | ၁ | ၂၀,၀၀၀.၀၀ |
| ၄၇၃ | 13041.38.2.2.142 | Taw Wynn Industry | ၄ | ၈၀,၀၀၀.၀၀ |
| ၄၇၄ | 13041.38.3.2.150 | Exera Myanmar Ltd. | ၈၉၀ | ၆၄,၆၆၆,၇၆၉.၁၈ |
| ၄၇၅ | 13041.38.5.2.58 | Suntac Engineering & Construction Co.,Ltd | ၈၅ | ၉,၆၄၆,၀၀၀.၀၀ |
| ၄၇၆ | 13041.38.6.2.29 | Shin Watahan Co.Ltd | ၃၆ | ၄,၁၂၈,၀၀၀.၀၀ |
| ၄၇၇ | 13041.38.6.2.59 | Kanlan (119) | ၈ | ၄၁၇,၆၀၀.၀၀ |
| ၄၇၈ | 13041.38.7.2.62 | တိုင်းရင်းသားလူမျိုးရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း | ၁၆ | ၁,၉၂၀,၀၀၀.၀၀ |
| ၄၇၉ | 13041.38.7.2.71 | United General Inspection | ၂၁ | ၁,၅၀၀,၀၀၀.၀၀ |
| ၄၈၀ | 13041.38.7.2.136 | Burco Marine Myanmar Co.,Ltd | ၁၈ | ၂,၁၂၀,၀၀၀.၀၀ |
| ၄၈၁ | 13041.38.8.2.17 | မြန်မာ့ဗွဲမာန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် | ၁၁ | ၉၉၆,၀၀၀.၀၀ |
| ၄၈၂ | 13041.38.8.2.18 | မြန်မာဗွဲမာန်သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် | ၂ | ၁၇၆,၀၀၀.၀၀ |
| ၄၈၃ | 13041.38.8.2.19 | မြန်မာဗွဲမာန်ကုမ္ပဏီလီမိတက် | ၁၂ | ၁,၀၉၂,၀၀၀.၀၀ |
| ၄၈၄ | 13041.38.8.2.20 | Myanmar Zawe Man Construction | ၉ | ၉၂၈,၀၀၀.၀၀ |
| ၄၈၅ | 13001.37.1.2.75 | Shwe Myitta Building Materials Trading Co.,Ltd | ၉၃ | ၆,၂၂၀,၀၀၀.၀၀ |
| ၄၈၆ | 13001.37.2.2.139 | Sun Flower Lace Co.,Ltd | ၆၃၆ | ၃၆,၉၄၅,၆၀၀.၀၀ |
| ၄၈၇ | 13001.37.4.2.55 | Sun Flower Lace Co.,Ltd | ၄၅၄ | ၂၆,၂၉၈,၀၀၀.၀၀ |
| ၄၈၈ | 13001.37.4.2.57 | G&U Myanmar Fashion | ၇၉၄ | ၄၅,၇၃၄,၄၀၀.၀၀ |
| ၄၈၉ | 13001.37.5.2.36 | အားသစ်မာန်ကုမ္ပဏီ | ၁၅၄ | ၉,၀၀၈,၈၀၀.၀၀ |
| ၄၉၀ | 13001.37.6.2.16 | Pro (1)လမ်းသစ် | ၂၁၇ | ၁၃,၀၂၃,၂၀၀.၀၀ |

စာမျက်နှာ ၂၁ သို့ ❖

❖ စာမျက်နှာ ၂၀ မှ

| | | | | |
|---|---|---|---|---|
| ၄၉၁ | 13001.37.7.2.36 | HK ADELE (Myanmar) Accessories | ၂၀၉ | ၁၂,၁၅၄,၂၀၀.၀၀ |
| ၄၉၂ | 13001.37.8.2.6 | ပွင့်ဦး ပရိဘောဂအရောင်းဆိုင် | ၁၁ | ၈၄၈,၀၀၀.၀၀ |
| ၄၉၃ | 13001.37.8.2.26 | M–RMS Engineering | ၁၁ | ၁,၁၀၇,၂၀၀.၀၀ |
| ၄၉၄ | 13001.37.8.2.27 | Kaung Swann Htet Co.,Ltd | ၁၇ | ၁,၁၈၇,၂၀၀.၀၀ |
| ၄၉၅ | 13001.37.8.2.29 | All ID Myanmar | ၆ | ၆၈၈,၀၀၀.၀၀ |
| ၄၉၆ | 13001.37.8.2.57 | UD Group Co.,Ltd | ၁၂ | ၁,၀၆၄,၀၀၀.၀၀ |
| ၄၉၇ | 13001.37.8.2.59 | မက်စ်မြန်မာကူးသန်းရောင်းဝယ်ရေး ဌာန | ၂၃ | ၂,၆၄၀,၀၀၀.၀၀ |
| ၄၉၈ | 13003.311.6.2.22 | Myanmar Hua Yue Garment Limited | ၁,၂၂၂ | ၆၃,၆၁၂,၁၆၀.၀၀ |
| ၄၉၉ | 13003.311.6.2.38 | Myanmar Autumn & Champagne Garment & Textile Co.Ltd | ၁,၀၉၅ | ၅၉,၄၄၅,၈၈၈.၀၀ |
| ၅၀၀ | 13003.311.6.2.39 | TONG YING HK (MYANMAR) | ၇၄၆ | ၃၈,၂၂၇,၂၀၀.၀၀ |
| ၅၀၁ | 13003.311.7.2.18 | Myanmar Ta Kung Garment | ၄၆၄ | ၂၇,၁၉၂,၉၆၀.၀၀ |
| ၅၀၂ | 13003.311.7.2.25 | HENGDA (MYANMAR )APPAREL CO.,Ltd | ၆၁၁ | ၃၅,၂၁၀,၉၀၀.၀၀ |
| ၅၀၃ | 13007.312.1.2.135 | G S ဖယောင်းတိုင် | ၃၁ | ၁,၇၉၈,၄၀၀.၀၀ |
| ၅၀၄ | 13007.312.1.2.137 | မာကိုလီမိတက် | ၂၂ | ၁,၂၉၂,၈၀၀.၀၀ |
| ၅၀၅ | 13007.312.1.2.153 | Shwe Yit Wine Co.,Ltd. | ၇၈ | ၄,၉၀၀,၃၂၀.၀၀ |
| ၅၀၆ | 13007.312.1.2.191 | Excel Garment MFG Co.,Ltd. | ၄၅၈ | ၂၃,၉၉၇,၄၄၀.၀၀ |
| ၅၀၇ | 13007.312.1.2.301 | Green World | ၃၄၇ | ၁၉,၉၈၇,၂၀၀.၀၀ |
| ၅၀၈ | 13007.312.2.2.160 | Supreme Asia Factory Limited | ၁,၄၆၃ | ၇၁,၄၈၃,၆၈၀.၀၀ |
| ၅၀၉ | 13007.312.3.2.11 | Fidelity Garment | ၁၇၃ | ၉,၉၆၈,၆၄၀.၀၀ |
| ၅၁၀ | 13007.312.3.2.100 | Panko Coltd | ၉၃၀ | ၅၄,၇၁၇,၁၁၂.၀၀ |
| ၅၁၁ | 13007.312.3.2.140 | Myanmar Solamoda | ၁,၂၉၆ | ၇၄,၅၃၈,၆၄၀.၀၀ |
| ၅၁၂ | 13007.312.4.2.4 | Wartayar Veneer Industrial Co.,Ltd | ၁၈ | ၁,၀၈၄,၃၂၀.၀၀ |
| ၅၁၃ | 13007.312.5.2.2 | Dae Hung ငါးမျှားဖော့ | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၅၁၄ | 13007.312.5.2.20 | Kingsrich Myanmar | ၁,၇၃၃ | ၁၀၀,၈၁၉,၂၀၀.၀၀ |
| ၅၁၅ | 13007.312.6.2.1 | Supreme Asia Factory –II | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၅၁၆ | 13007.312.8.2.30 | အေးချမ်းသောအိမ်စီမံကိန်း | ၁၀ | ၁,၂၀၀,၀၀၀.၀၀ |
| ၅၁၇ | 13007.312.8.2.34 | MTF Myanmar Technological Force | ၄၈ | ၄,၃၂၇,၂၀၀.၀၀ |
| ၅၁၈ | 13007.312.8.2.36 | G & B Manufacturing (Myanmar) | ၇၆၅ | ၃၂,၂၈၆,၇၂၀.၀၀ |
| ၅၁၉ | 13008.313.4.2.49 | TRI WIN Garment | ၁,၀၇၃ | ၅၅,၂၆၇,၆၈၀.၀၀ |
| ၅၂၀ | 13008.313.4.2.52 | Jiu Sheng Myanmar | ၂,၇၀၈ | ၁၄၈,၄၉၀,၈၈၀.၀၀ |
| ၅၂၁ | 13008.313.7.2.8 | Min Thar Lay (Myanmar) Co.,Ltd | ၅၂၁ | ၃၀,၂၁၈,၈၈၀.၀၀ |
| ၅၂၂ | 13008.313.7.2.47 | Feng Teng Garment Co.Ltd | ၄၅၃ | ၂၀,၅၀၁,၉၂၀.၀၀ |
| ၅၂၃ | 13008.313.7.2.50 | Yoma Micro Power Myanmar Limited | ၁၈၁ | ၂၁,၆၀၀,၀၀၀.၀၀ |
| ၅၂၄ | 13008.313.7.2.52 | Myanmar Sinyoung Fashion Clothes Co.,Ltd | ၁၂၀ | ၅,၅၃၂,၄၈၀.၀၀ |
| ၅၂၅ | 13008.313.7.2.63 | San Xin Myanmar Garment Co.,Ltd | ၄၇၃ | ၂၄,၄၇၁,၈၄၀.၀၀ |
| ၅၂၆ | 13008.313.7.2.89 | Myanmar Kingtong Bags Co.,Ltd | ၃၆၇ | ၁၉,၄၃၀,၅၆၀.၀၀ |
| ၅၂၇ | 13008.313.8.2.67 | BAISHENG (MYANMAR) INDUSTRY CO.,LTD | ၄၅၅ | ၂၃,၁၇၁,၅၂၀.၀၀ |
| ၅၂၈ | 13009.34.2.2.162 | Super 7 Star | ၃၀၁ | ၃၁,၈၆၇,၈၀၀.၀၀ |
| ၅၂၉ | 13018.31.1.2.26 | ငါးဖမ်းပိုက်အပိုပစ္စည်း | ၅ | ၁၆၀,၀၀၀.၀၀ |
| ၅၃၀ | 13018.31.1.2.113 | ပတ္တမြားပန်းစက်မှု | ၄ | ၁၂၈,၀၀၀.၀၀ |
| ၅၃၁ | 13018.31.1.2.145 | ဖေယျာသုခစာအုပ်ချုပ် | ၇ | ၂၄၆,၄၀၀.၀၀ |
| ၅၃၂ | 13018.31.1.2.157 | ကံ့ကော်စက္ကူစက် | ၈ | ၃၈၄,၀၀၀.၀၀ |
| ၅၃၃ | 13018.31.1.2.162 | ကွန်ပျူတာယိုစုံ | ၃ | ၉၆,၀၀၀.၀၀ |
| ၅၃၄ | 13018.31.1.2.195 | မီးအားမြှင့်စက်အိတ်ခွံ သံပုံးလုပ်ငန်း | ၃ | ၇၂,၀၀၀.၀၀ |
| ၅၃၅ | 13018.31.1.2.225 | ဦးအောင်မင်းစက်မှု | ၇ | ၂၀၀,၀၀၀.၀၀ |
| ၅၃၆ | 13018.31.1.2.227 | Buddy Boy အထည်ချုပ် | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၅၃၇ | 13018.31.1.2.235 | တံမြက်စည်းလုပ်ငန်း | ၉ | ၂၈၈,၀၀၀.၀၀ |
| ၅၃၈ | 13018.31.1.2.242 | ဦးစိုးလွင်တွင်ခုံ | ၄ | ၉၆,၀၀၀.၀၀ |
| ၅၃၉ | 13018.31.1.2.249 | ဦးသိန်းဦး ပရိဘောဂ | ၄ | ၁၂၈,၀၀၀.၀၀ |
| ၅၄၀ | 13018.31.1.2.251 | စိန်မိသားစုသံရည်ကျို | ၄ | ၁၂၈,၀၀၀.၀၀ |
| ၅၄၁ | 13018.31.1.2.252 | မိဘဂုဏ်ရောင်စက်မှု | ၃ | ၈၄,၀၀၀.၀၀ |
| ၅၄၂ | 13018.31.1.2.258 | ရွှေမန်းသစ်စက် | ၃ | ၇၂,၀၀၀.၀၀ |
| ၅၄၃ | 13018.31.1.2.259 | ခေတ်ဦးဝပ်ရှော့ | ၄ | ၁၁၂,၀၀၀.၀၀ |
| ၅၄၄ | 13018.31.1.2.270 | ကြယ်အုန်းပင်ဆီစက် | ၂ | ၇၂,၀၀၀.၀၀ |
| ၅၄၅ | 13018.31.1.2.278 | New World Factory | ၆ | ၁၉၂,၀၀၀.၀၀ |
| ၅၄၆ | 13018.31.1.2.449 | Khin Maung Nyunt Manufacturing Co., Ltd. | ၁၅၆ | ၁၃,၄၉၆,၃၈၇.၁၀ |
| ၅၄၇ | 13018.31.3.2.11 | ဖုယွင်အထည်ချုပ် | ၁,၄၇၂ | ၈၄,၁၇၇,၆၀၀.၀၀ |
| ၅၄၈ | 13018.31.7.2.7 | Woorie  Mj Shirts Co.,Ltd | ၆၉၇ | ၃၈,၀၀၃,၅၅၅.၂၀ |
| ၅၄၉ | 13018.31.7.2.36 | Loadstar(Mynmar) Apparel Co,Ltd. | ၃၂၇ | ၁၄,၇၃၃,၁၂၀.၀၀ |
| ၅၅၀ | 13018.31.8.2.10 | Pinnacle Sporting Goods (Myanmar) Co.,Ltd | ၇၅ | ၃,၉၂၅,၄၄၀.၀၀ |
| ၅၅၁ | 13023.314.5.2.12 | MYARNAK Co Ltd | ၁၆၄ | ၈,၂၈၀,၀၀၀.၀၀ |
| ၅၅၂ | 13023.314.5.2.33 | Guston Amava Ltd | ၁,၂၁၉ | ၇၀,၀၈၈,၆၄၀.၀၀ |
| ၅၅၃ | 13023.314.7.2.13 | Myanmar Yangon Blumare Co Ltd | ၂၆၆ | ၁၄,၅၂၈,၈၈၀.၀၀ |
| ၅၅၄ | 13023.314.7.2.20 | CPP FERTILIZER | ၂၁၇ | ၂၃,၇၈၃,၁၆၀.၀၀ |
| ၅၅၅ | 13023.314.8.2.11 | Mizzima Media Co.,Ltd | ၅၂ | ၅,၇၆၈,၀၀၀.၀၀ |
| ၅၅၆ | 13033.35.1.2.82 | ဗမာရာဘာနှင့်အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | ၇ | ၅၆၄,၀၀၀.၀၀ |
| ၅၅၇ | 13033.35.1.2.117 | Kandawgyi Palace Hotel | ၅၉ | ၄,၈၅၃,၁၀၈.၀၀ |
| ၅၅၈ | 13033.35.1.2.149 | Soe & Brothers Co., Ltd. | ၃ | ၁၂၀,၀၀၀.၀၀ |
| ၅၅၉ | 13033.35.1.2.204 | ပိုင်စိုး Minimart | ၉ | ၅၁၈,၄၀၀.၀၀ |
| ၅၆၀ | 13033.35.1.2.288 | စိုးအင်ဘရားသား(စ်) ကုမ္ပဏီလီမိတက် | ၇ | ၃၆၀,၀၀၀.၀၀ |
| ၅၆၁ | 13033.35.1.2.377 | ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် | ၃၅ | ၃,၂၈၅,၆၀၀.၀၀ |
| ၅၆၂ | 13033.35.1.2.427 | Real Life Advertising | ၅ | ၂၈၈,၀၀၀.၀၀ |
| ၅၆၃ | 13033.35.1.2.625 | STEP FASHION II | ၈ | ၃၆၀,၀၀၀.၀၀ |
| ၅၆၄ | 13033.35.1.2.627 | STEP FASHION I | ၄ | ၁၆၀,၀၀၀.၀၀ |
| ၅၆၅ | 13033.35.2.2.115 | တကောင်ဘွားကုမ္ပဏီလီမိတက် | ၃၉ | ၂,၅၃၀,၄၀၀.၀၀ |
| ၅၆၆ | 13033.35.2.2.159 | Union Financial Centre | ၅၁ | ၃,၁၀၁,၀၀၀.၀၀ |
| ၅၆၇ | 13033.35.4.2.141 | Call 2 Clean Janitorial Services Co., Ltd. | ၁၀၆ | ၆,၆၇၃,၂၈၀.၀၀ |
| ၅၆၈ | 13033.35.5.2.86 | Hong Kong Shinning Star Investment Co., Ltd. | ၂ | ၁၉၁,၂၀၀.၀၀ |
| ၅၆၉ | 13033.35.6.2.12 | Pro–1 Global Co., Ltd. | ၂၂၉ | ၁၃,၆၁၆,၈၀၀.၀၀ |
| ၅၇၀ | 13033.35.6.2.21 | MGOU Myanmar Trading Co.,ltd | ၁၃ | ၉၃၆,၀၀၀.၀၀ |
| ၅၇၁ | 13033.35.6.2.62 | မြန်မာလိုင်စင်ရကန်ထရိုက်တာများ အမျိုးနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် | ၉ | ၉၇၂,၀၀၀.၀၀ |
| ၅၇၂ | 13033.35.7.2.31 | ETAG RFID Company Limited | ၆ | ၆၈၀,၀၀၀.၀၀ |
| ၅၇၃ | 13033.35.7.2.44 | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | ၆ | ၄၆၂,၀၀၀.၀၀ |
| ၅၇၄ | 13033.35.7.2.68 | THE INHAUS SERVICES COMPANY LIMITED | ၄ | ၄၈၀,၀၀၀.၀၀ |
| ၅၇၅ | 13033.35.7.2.94 | Visibility Design Limited | ၆ | ၇၂၀,၀၀၀.၀၀ |
| ၅၇၆ | 13033.35.8.2.23 | Digital Laboratory Myanmar Co., Ltd. | ၁၄ | ၁,၆၈၀,၀၀၀.၀၀ |
| ၅၇၇ | 13033.35.8.2.46 | Myanmar Survey Research Company Limited | ၈၀ | ၉,၁၇၆,၀၀၀.၀၀ |
| ၅၇၈ | 13033.36.1.2.280 | Libra Co,ltd | ၁၆ | ၁,၁၂၆,၄၀၀.၀၀ |
| ၅၇၉ | 13033.36.1.2.585 | 119  Fashion | ၅ | ၂၈၈,၀၀၀.၀၀ |
| ၅၈၀ | 13033.36.1.2.677 | She Shines Gems&Jewelry | ၂၆ | ၁,၇၂၁,၀၀၀.၀၀ |
| ၅၈၁ | 13033.36.1.2.975 | ရွှေနန်းတော် ရွှေဆိုင်(1) | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၅၈၂ | 13033.36.1.2.976 | ရွှေနန်းတော် ရွှေဆိုင်(2) | ၁၇ | ၉၇၉,၂၀၀.၀၀ |
| ၅၈၃ | 13033.36.2.2.137 | Myanmar V–Pile | ၁၃၆ | ၁၁,၈၉၆,၀၀၀.၀၀ |
| ၅၈၄ | 13033.36.2.2.141 | ဂမုန်းပွင့် ကုန်တိုက်(လသာ) | ၅၅ | ၃,၁၉၅,၂၀၀.၀၀ |
| ၅၈၅ | 13033.36.2.2.348 | King Metal | ၄၉ | ၃,၀၀၉,၆၀၀.၀၀ |
| ၅၈၆ | 13033.36.2.2.362 | First Green Hill Logistics | ၂ | ၂၄၀,၀၀၀.၀၀ |
| ၅၈၇ | 13033.36.3.2.104 | Sojitz Corporation | ၁၉ | ၂,၂၈၀,၀၀၀.၀၀ |
| ၅၈၈ | 13033.36.3.2.156 | Aventine  SCT | ၆၀ | ၆,၅၉၇,၂၀၀.၀၀ |
| ၅၈၉ | 13033.36.3.2.163 | Strand Square | ၈၅ | ၆,၄၁၈,၈၀၀.၀၀ |
| ၅၉၀ | 13033.36.5.2.111 | City Square Hotel Co., Ltd | ၂၈၀ | ၂၄,၂၅၆,၇၉၃.၅၉ |
| ၅၉၁ | 13033.36.6.2.36 | Hanwa Co,Ltd | ၈ | ၉၆၀,၀၀၀.၀၀ |
| ၅၉၂ | 13033.36.6.2.100 | Nexus Crossing Information | ၆ | ၆၈၀,၀၀၀.၀၀ |
| ၅၉၃ | 13033.310.1.2.35 | Mitsubishi Corporation | ၄၃ | ၅,၁၆၀,၀၀၀.၀၀ |
| ၅၉၄ | 13033.310.1.2.99 | သွင်အဆင့်မြင့်ရုပ်ရှင်ရုံ | ၁ | ၇၂,၀၀၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ပုဗ္ဗသီရိမြို့နယ်၌ ယာယီမဲရုံ တည်ဆောက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ယာယီမဲရုံတည်ဆောက်ထားရှိမှုကို ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီဝင် ဦးညီထွန်းနှင့် တာဝန်ရှိသူတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစန်းလွင်တို့က ပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**မှာကြား**

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် နေပြည်တော် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွေးတို့က ရွေးကောက်ပွဲကို စံငါးချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

**မဲရုံပေါင်း ၇၉ ရုံ ဖွင့်လှစ်သွားမည်**

ပုဗ္ဗသီရိမြို့နယ်တွင် ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၈၇၇၈၇ ဦးရှိပြီး မဲရုံပေါင်း ၇၉ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ်ရှိမဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ဝိုင်းမော် နိုဝင်ဘာ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဆွေတင့်လွင် (ကချင်ပြည်နယ်တာဝန်ခံ)နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့နယ်အတွင်းရှိ မဲရုံများအား မဲဆန္ဒရှင်ပြည်သူများ အခက်အခဲမရှိ အဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဆွေတင့်လွင်(ကချင်ပြည်နယ်တာဝန်ခံ)နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်းရှိ မိုင်းနား၊ နောင်တာလော၊ ရပ်ကွက် (၁)၊ (၂)၊ (၃)၊ (၄)၊ ခတ်ချို၊ မဒိန်၊ နန့်ဝါကျေးရွာတို့သို့ ရောက်ရှိပြီး အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများ ကြိုတင်မဲလာရောက်ပေးမှုအခြေအနေများနှင့် မဲရုံအမှတ် (၁)၊ (၂)၊ (၆)၊ (၁၀)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၃၆)၊ (၃၈) ရှိ မဲရုံပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝိုင်းမော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းဝေးခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးရာတွင် အခက်အခဲမရှိ အဆင်ပြေစွာမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားသည့်ကာလဖြစ်၍ မဲရုံများအလိုက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုများအတိုင်း စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်သက်မွန်(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကိစ္စရပ်များအား သတ်မှတ်ပေးထားသောလုပ်ငန်းတာဝန်များအတိုင်း ကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်နိုင်ရေးပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖီးလစ်သောင်းရွှေက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်သန်းသန်းစိုးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**(၁၇-၁၀-၂၀၂၀)ရက်စွဲပါ ဦးသိဒ္ဓိ၏ သတိပေး ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၇၃)၊ (ပထမထပ်)နေ အဖဦးသာဂဒိုး(ခ)ဦးတင်စိုး(ကွယ်လွန်) အမိ ဒေါ်တင်တင်အေး(ကွယ်လွန်)တို့မှ မွေးဖွားခဲ့သည့် အငယ်ဆုံးသားအရင်းအချာ ဦးအေးမင်း(ကွယ်လွန်)၏ဇနီး ဒေါ်တင်တင်ဦး[၁၂/ပဇတ(နိုင်)၀၀၃၀၀၀]၏ လွှဲအပ်ချက်အရ ဦးသိဒ္ဓိ၏ (၁၇-၁၀-၂၀၂၀)ရက်စွဲပါ သတိပေးကြေညာချက်အပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးလိုသည်မှာ-

၁။ လူကြီးမင်း ဦးသိဒ္ဓိနှင့် ဦးစံလူလူ(ကွယ်လွန်)တို့မှာ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်တင်တင်ဦး၏ ခဲအိုများဖြစ်ကြပြီး ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်ဦး၏ ခင်ပွန်း လူကြီးမင်း ဦးသိဒ္ဓိ၏ ညီအငယ်ဆုံး ဦးအေးမင်းမှာ (၁-၁၀-၂၀၂၀)ရက်က ကွယ်လွန်သွားခဲ့ပြီး လူကြီးမင်း၏ခယ်မဖြစ်သူ ဒေါ်တင်တင်ဦးမှာလည်း (၅-၁၀-၂၀၂၀)မှ (၁၈-၁၀-၂၀၂၀)ရက်ထိ ဆေးဝါးကုသမှုခံယူနေခြင်း၊ ဒေါ်တင်တင်ဦး၏ ရပ်ကွက်အတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြခြင်းတို့အား (မဟာဗန္ဓုလ)လမ်းတစ်လမ်းသာခြားနေ၍ သေချာစွာ သိရှိနေပါလျက် ကွယ်လွန်သူညီ ဦးအေးမင်းအတွက် သတင်းပင် မမေးသည့်အပြင် ဖခင်ရင်း၊ မိခင်ရင်းနှင့်မခြား (၃၇)နှစ်ကျော် အတူနေထိုင်ပြုစုလာပေးခဲ့သူ ခယ်မဖြစ်သူ ဒေါ်တင်တင်ဦး(ဆေးဝါးကုသမှု) ကာလမပြီးသေးမီ (၁၇-၁၀-၂၀၂၀)ကြေးမုံသတင်းစာတွင် ဖခင်စာရေးဆရာကြီး ဦးသာဂဒိုး(ခ)ဦးတင်စိုး၏ ကျန်ရစ်ပစ္စည်းများဟု စာရင်း(က)(ခ)(ဂ)တို့အား ဖော်ပြကာ ထိုပစ္စည်းများနှင့် စပ်လျဉ်းပြီး ညှိနှိုင်းဆောင်ရွက်မှု ပြေလည်ပြီးပြတ်မှုမရှိပါက ဖော်ပြပါပစ္စည်းများနှင့်စပ်လျဉ်း၍ ရာဇဝတ်ကြောင်းအရသာမက တရားမကြောင်းအရလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဟု အများပြည်သူသိစေရန် ကြေညာခဲ့ခြင်းအား ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်တင်တင်ဦးမှ များစွာဝမ်းနည်းနေမိပါသည်။

၂။ လူကြီးမင်း ဦးသိဒ္ဓိအား ရှင်းလင်းစွာ ပြောကြားလိုသည်မှာ ဦးအေးမင်း (မကွယ်လွန်မီ) ဒေါ်တင်တင်ဦးအပါအဝင် အားလုံးကြည်ညိုလေးစားရပါသော လူကြီးမင်းများနှင့် (၃၀-၈-၂၀၁၀)ရက်စွဲပါ အမွေခွဲဝေပေးခြင်းကိစ္စ စာချုပ်ပြီးနောက်ပိုင်းနှင့် ရှေ့ပိုင်းဖြစ်သည့် (၁၁-၅-၂၀၁၀)ရက်တွင် ဘဏ်မှ ငွေအား ၄ပုံ၁ပုံစီ ခွဲဝေခဲ့ကြခြင်း (၁၂-၉-၂၀၁၀)တွင် ဖခင် ဦးသာဂဒိုး ပိုင် သန်လျင်မြို့၊ ထွဋ်ခေါင်အိမ်ရာ၊ တိုက်ခန်းအမှတ်(၄/၅)တို့အား အပြီးအပြတ်ခွဲဝေယူခဲ့ခြင်း၊ (၁၉-၉-၂၀၁၀)ရက်တွင် ဖခင် မိခင်ကျန် ရွှေထည်များအား ဒေါ်တင်တင်ဦး၏ခင်ပွန်း ဦးအေးမင်း(ကွယ်လွန်)မှ ယခင်နာမကျန်းနေသည့်ကြားမှ ဆောင်ရွက်ပေးခဲ့သည်ကို လူကြီးမင်း ဦးသိဒ္ဓိနှင့် ဦးစံလူလူ(ကွယ်လွန်)၏ဇနီးတို့မှ အသီးသီးလက်ခံရယူထားပြီးဖြစ်ကြောင်း စာချုပ်များအရ တွေ့မြင်နေရပါသည်။

၃။ စာချုပ်များအရ လူကြီးမင်း၏ဖခင် ဆရာကြီး ဦးသာဂဒိုး၏ အမွေကျန်ပစ္စည်းမှာ (၁၇-၁၀-၂၀၂၀) သတင်းစာအပိုဒ်(၂)ပိုဒ်ခွဲ (က)နှင့်(ဂ)သာ ဖြစ်ပါသည်။ ပိုဒ်ခွဲ(ခ)ပါ တိုက်(၂)၊ အခန်းအမှတ်(၆)၊ အပေါ်ထပ်၊ အောက်ထပ်၊ ထွဋ်ခေါင်အိမ်ရာ၊ သန်လျင် တိုက်ခန်းမှာ (၃၇)နှစ်ကျော် လက်ရည်တူရှာဖွေခဲ့ကြသည့် ဦးအေးမင်းနှင့် ဒေါ်တင်တင်ဦးတို့ ကိုယ်ပိုင်ငွေဖြင့် စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသည့် ပစ္စည်းသာဖြစ်ကြောင်း အတိအလင်း ဖြေရှင်းအပ်ပါသည်။ ယင်းအခန်းနှင့်စပ်လျဉ်း၍ ဖခင်ဦးသာဂဒိုး၏ အမွေကျန်ပစ္စည်းမဟုတ်ကြောင်း ဥပဒေအရဖြေရှင်းရန် အသင့်ရှိပါသည်။

၄။ လူကြီးမင်းအား ကျွန်ုပ်အမှုသည်မှ အစ်ကိုကြီး အဖအရာထား၍ လေးစားစွာ ပြောလိုသည်မှာ မှန်ကန်စွာ အမှတ်(၇၃)၊ ပထမထပ်(လက်ယာဘက်)၊ (၅၁)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ရှိ တိုက်ခန်းအား (၃၀-၈-၂၀၁၀)စာချုပ်ပါ ရှိသေလေးစားရပါသော လူကြီးများ၏ အဆုံးအဖြတ်အတိုင်း ကွယ်လွန်သူခင်ပွန်း၏ ဆန္ဒအတိုင်း စာချုပ်အပိုဒ်(၆)ပါအတိုင်း မိသားစုပြေလည်စွာညှိနှိုင်းခွဲဝေပေးရန် ဆန္ဒရှိပါကြောင်းနှင့် ဖခင်ကြီးဆရာကြီး ဦးသာဂဒိုး၏ ဂုဏ်သိက္ခာကျဆင်းအောင် သားအငယ်ဆုံး (ကွယ်လွန်သူ) ဦးအေးမင်းမှ မပြုလုပ်ခဲ့သလို ချွေးမဖြစ်သူ ဒေါ်တင်တင်ဦးမှလည်း မည်သည့်အချိန်တွင်မှ ပြုလုပ်မည့်သူ မဟုတ်ပါကြောင်း ဦးသိဒ္ဓိနှင့်တကွ အများသိစေအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်မြမြလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၉၄)**
**အမှတ်(၃၅၈)၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၀၅၀၂၀၃**



MAGDPL

## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်
### သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ
### ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁၀) ရက်

၁။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို COVID-19 ပိုးရပ်စ်ပျံ့နှံ့မှုအား တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ Online အသုံးပြု၍ ၁၁-၁၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

၂။ အစုရှယ်ယာရှင်တစ်ဦးချင်းဆီသို့လည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာ၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြမည့် အမှုဆောင်ဒါရိုက်တာ အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် အစည်းအဝေးတက် ရောက်ရမည့် Zoom Meeting ID အမှတ် တို့အား ကုမ္ပဏီ၏ Email အမှတ် info@magdpl.com ဖြင့်လည်းကောင်း၊ Viber အမှတ် +95-9421162331 ဖြင့်လည်းကောင်း အချိန်မီ ပေးပို့ပေးသွားမည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များအနေဖြင့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ အကျိုးစီးပွားတိုးတက်စေရန်အတွက် အကြံပြုမေးမြန်းစာများ ပေးပို့လိုပါက ၇-၁၂-၂၀၂၀ (တနင်္လာနေ့) ညနေ (၅း၀၀) နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့သို့ လိပ်မူ၍ Email အမှတ် info@magdpl.com ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၁) ရက် (သောကြာနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | မွန်းလွဲ (၂း၀၀) နာရီတိတိ |
| အစည်းအဝေးကျင်းပမည့်ပုံစံ | - | Zoom Online Meeting |

## အထူးဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်
### (ကိုဗစ်အလွန် အိမ်မက်လှလှမက်ကြပါစို့)

၁။ တာမွေ၊ မေတ္တာညွန့်၊ စက်မှု(၂)လမ်း၊ (၅၀'×၁၀၀')ပေ(ဂရံ)ယခင်ဈေးသိန်း ၅၈၀၀ ယခုဈေး သိန်း(၄၁၀၀)
၂။ လှိုင်သာယာ၊ အနော်ရထာစက်မှုဇုံ (၁၂၀'×၁၃၀')ပေ(ဂရံ)ယခင်ဈေးသိန်း ၆၅၀၀ ယခုဈေး သိန်း(၄၁၀၀) (၂ ထပ်၊ RC တိုက်၊ အုတ်တံတိုင်းခတ်ပြီး၊ ကိုယ်ပိုင်ထရမ်စမော်မာ)
၃။ လှိုင်သာယာ၊ ဒဂုံဇရာကားဝင်း၊ ဒဂုံဈေးပွဲရုံ (၄၀'×၆၀')ပေ(ဂရံ)ယခင်ဈေးသိန်း ၂၀၀၀ ယခုဈေး သိန်း(၁၆၀၀)
၄။ ပြင်ဦးလွင်၊ အောင်ချမ်းသာ၊ ဒီဇဝါလမ်း၊ (၉၀'×၉၀')ပေ(ဗွာမြေ)တစ်ကွက်ကို ယခင်ဈေး သိန်း ၇၅၀ ယခုဈေး သိန်း(၄၉၀) (ရေ+မီးစုံ အုတ်တံတိုင်းခတ်ပြီး အမှတ်-၂၈၇-အေ၊ ၂၈၇-ဘီ၊ ၂၈၇-စီ၊ ၂၈၇-ဒီ ၄ ကွက်)
စိတ်ဝင်စားသူများအမြန်ဆက်သွယ်ပါ။ ဦးရာလူရမည်။ စုံစမ်းရန် - ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၁၅၇၆၊ ၀၉-၅၀၁၅၆၄၇

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်းရ
ပြည်
လည်းလှ

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## ပုံနှိပ်စက္ကူ၊နိုင်ငံခြားစက္ကူ၊ပြည်တွင်းစက္ကူ၊
## စာရေးကိရိယာ၊ လုပ်ငန်းသုံးနှင့်ကွန်ပျူတာဆက်စပ်
## ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင်အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများအားပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Indonesia IK အမျိုးအစားပုံနှိပ်စက္ကူ (၂၇"×၃၄" Size) (70gsm) Lot(1) | (၂၀၀၀) ထုပ် |
| (ခ) | နိုင်ငံခြားစက္ကူ/ပြည်တွင်းစက္ကူLot(2) | |
| (၁) | Paper One အမျိုးအစားA4 (70gsm ) | (၂၉၀၀) ထုပ် |
| (၂) | Paper One အမျိုးအစားLegal (70gsm) | (၅၈၂) ထုပ် |
| (၃) | Paper One အမျိုးအစားA3 (70gsm) | (၇၀) ထုပ် |
| (၄) | Paper One အမျိုးအစားA5 (70gsm) | (၁၀) ထုပ် |
| (၅) | Best Paper ပြည်တွင်းစက္ကူ (A4 70gsm) | (၁၄၀) ထုပ် |
| (၆) | Best Paperပြည်တွင်းစက္ကူ (Legal 70gsm ) | (၉၀) ထုပ် |
| (ဂ) | စာရေးကိရိယာပစ္စည်း Lot(3) | (၇၉) မျိုး |
| (ဃ) | လုပ်ငန်းသုံးနှင့်ကွန်ပျူတာဆက်စပ်ပစ္စည်း Lot(4) | (၄၅) မျိုး |

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ရုံးအမှတ်(၁၅)၊ နေပြည်တော်တွင် (၁၁.၁၁.၂၀၂၀)ရက်နေ့မှစ၍တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး(၇.၁၂.၂၀၂၀)ရက်နေ့ ညနေ (၁၆:၀၀) နာရီတွင်တင်ဒါပိတ်သိမ်းပါမည်။
၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသောတင်ဒါပုံစံများကိုရွေးချယ်မှုပြုမည်မဟုတ်ကြောင်းကြိုတင်အသိပေးအပ်ပါသည်။
၄။ တင်ဒါပုံစံအပါအဝင်တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များ နှင့်စည်းကမ်းချက်များကိုအောက်ပါလိပ်စာတွင်စုံစမ်းရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)**
**ရုံးအမှတ်(၁၅)၊နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၆၅၆၊**

## ဦးဝင်းကိုကိုဦး[၇/မလန(နိုင်)၀၆၅၂၉၂]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မြဝတီ(၆)လမ်း၊ မြေကွက်အမှတ်(၂၃၀)၊ မြေအလျားxအနံပေ(၄၀x၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ မြေအလျားxအနံပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဦးဝင်းမြင့်သူ[၁၂/ဥကတ(နိုင်)၀၀၁၆၇၃]မှ ဦးဝင်းကိုကိုဦး[၇/မလန(နိုင်)၀၆၅၂၉၂] ထံသို့ ငွေကျပ်သိန်း(၉၀)ဖြင့် ရောင်းချရန် သဘောတူညီခဲ့ပြီး (၃-၁၂-၂၀၁၉)ရက်တွင် ဦးဝင်းကိုကိုဦးမှ စရန်ငွေကျပ်သိန်း(၅၀)တိတိအား ပေးချေကာ"မြေကွက် အရောင်းအဝယ်စရန်ပေးကတိစာချုပ်" ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်အရ ကျန်ငွေကျပ်သိန်း(၄၀)တိတိအား (၁၃-၁၀-၂၀၂၀)ရက်တွင် ပေးချေရန် သဘောတူညီထားခဲ့သော်လည်း သတ်မှတ်ရက်ပြည့်သည့် (၁၃-၁၀-၂၀၂၀)ရက်တွင် ကျန်ငွေများအားလာရောက်ပေးအပ်ခြင်းမရှိသည့်အပြင် လာရောက်ဆက်သွယ်ခြင်းလုံးဝမရှိသဖြင့် (၃-၁၂-၂၀၁၉)ရက်စွဲပါ စရန်ပေးကတိစာချုပ်တွင် ပါရှိသည့်အတိုင်း ဦးဝင်းကိုကိုဦး ပေးအပ်ထားခဲ့သည့် စရန်ငွေများအား အဆုံးရှုံးခံရမည်ဖြစ်ကြောင်းနှင့် နှစ်ဦးသဘောတူ ချုပ်ဆိုထားခဲ့သည့် (၃-၁၂-၂၀၁၉)ရက်စွဲပါ စရန်ပေးစာချုပ်မှာ ပျက်ပြယ်ပြီဖြစ်ကြောင်း ဦးဝင်းကိုကိုဦး [၇/မလန(နိုင်)၀၆၅၂၉၂]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်သူ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဝသန်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၇/၅-၁၂-၂၀၁၉)**
**အမှတ်(၈၀၂)၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၂၇၃၁၈**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းအောက်ဖော်ပြပါပစ္စည်းများအားမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါ အမှတ် | လုပ်ငန်းအမျိုးအစား | အရေ အတွက် |
|---|---|---|---|
| (က) | Lot (1) | Fork Lift – 3 Ton | (၁)စီး |
| (ခ) | Lot (2) | CNC Lathe M/C, Milling M/C, Band Saw | (၃)ခု |
| (ဂ) | Lot (3) | သစ်သားထည်အလုပ်ရုံလုပ်ငန်းသုံး စက်ပစ္စည်း | (၄)ခု |
| (ဃ) | Lot (4) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း (G.C Mass Spectrometer / UV –VIS Spectrophotometer ) | (၂)ခု |
| (င) | Lot (5) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း (Fluorescence Detector for Aflatoxin Analysis) | (၁)ခု |
| (စ) | Lot (6) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း | (၃)ခု |
| (ဆ) | Lot (7) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း | (၁၈)ခု |
| (ဇ) | Lot (8) | သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်း | (၇)ခု |
| (ဈ) | Lot (9) | Packaging M/C | (၂)ခု |
| (ည) | Lot(10) | လွန်းမဲ့စက်ရက်ကန်းနှင့်ရက်ကန်း ဆိုင်ရာစက်ပစ္စည်းများ | (၈)ခု |
| (ဋ) | Lot(11) | Jacquard Card Punching M/C | (၁)ခု |
| (ဌ) | Lot(12) | ပန်းပုံရိုက်စက်နှင့် ကွန်ပျူတာပန်းထိုးစက် | (၂)ခု |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၉.၁၁.၂၀၂၀ ရက်မှ၈.၁၂.၂၀၂၀ ရက်နေ့ထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် (ဖုန်း-၀၆၇-၄၁၀၃၉၇)
ရန်ကုန်တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ (ဖုန်း-၀၁-၆၆၅၈၀၆)
မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ (ဖုန်း - ၀၂-၄၀၃၉၆၀၉)
၄။ တင်ဒါလျှောက်လွှာပိတ်ရက် - ၈. ၁၂.၂၀၂၀ ရက် ( ၁၆ း၃၀) နာရီထိ
၅။ တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် နေ့ရက်/အချိန်/နေရာ - ထပ်မံကြေညာပါမည်။
၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉.၁၁.၂၀၂၀ ရက် မှ ၈.၁၂.၂၀၂၀ ရက်နေ့အထိနေ့စဉ် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။
၇။ အိတ်ဖွင့်တင်ဒါများကို ၈.၁၂.၂၀၂၀ ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၈။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါကအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (စီမံခန့်ခွဲရေးဌာနခွဲ)၊ ရုံးအမှတ် (၁၆) (နေပြည်တော်)၊ ဖုန်း - ၀၆၇ ၄၁၀၀၂၇၊ ၀၆၇ - ၄၁၀၀၅၀၊ ၀၆၇ - ၄၁၀၃၉၇ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၂၅၇) ဟုခေါ်တွင်သော အလျားပေ(၄၀) x အနံပေ(၆၀)ရှိ [ဗက-တင်မြင့် (NBN-၀၀၂၀၂၄ အမည်ပေါက်] မြေကွက်၏ အကျိုးခံစားခွင့်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူ၍ တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအုန်းရွှေ[၁၂/ဥကတ(နိုင်)၀၄၂၄၈၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်၊ အဆောက်အအုံတို့အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဆန်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၃၀၃/၁၀-၁၂-၂၀၀၈)**
**အမှတ်(၁၈၀)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၀၈၄၃၃၉၊ ၀၉-၄၂၀၀၂၆၄၆၅**

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ ရောဝတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(E-2,E-3, E-6,E-7,E-8,E-9,E-10)၊ ၁၉.၆၃၄ဧကတွင် (၃)ထပ် Steel (၃)လုံးဆောက်လုပ်ခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထုတ်၊ စက်မှုလက်မှုလုပ်ငန်းသုံး မြေချပါမစ်အမည်ပေါက်များဖြစ်သော မြေကွက်အမှတ်(E-2,E-3)၊ အမည်ပေါက် Smart Co.,Ltd.၊ မြေကွက်အမှတ်(E-6) အမည်ပေါက် အာရှမြန်မာထိပ်တန်း (စိုက်/မွေး)ကုမ္ပဏီလီမိတက်၊ မြေကွက်အမှတ် (E-7,E-8)အမည်ပေါက် Top Success Ltd.၊ မြေကွက်အမှတ်(E-9,E-10)အမည်ပေါက် အာရှမြန်မာထိပ်တန်း(ရေလုပ်ငန်း)ကုမ္ပဏီလီမိတက်တို့ထံမှ အဆင့်ဆင့်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ထားသော Top Focus Investment Co.,Ltd.တို့ထံမှ Land Lease Agreementတင်ပြ၍ Dishang Group (Myanmar)Co.,Ltd (Comapny Registration No.116221799)မှ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးတိုင်းဒေသကြီး
## မိတ္ထီလာခရိုင်တရားရုံးတော်၌
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဒေါ်စန္ဒာလင်း နှင့် ဒေါ်ဖြူဖြူစိုးလွင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ ဇောင်ချမ်းကုန်းအုပ်စု၊ ရွာတန်းရွာနေ ဒေါ်ဖြူဖြူစိုးလွင် (ဘ)ဦးတင်မောင်[၉/ဝတန(နိုင်)၁၁၉၄၃၀] (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန္ဒာလင်းက အဝတ်အထည် ချည်ချေးဖိုးငွေ (၇၆၄၁၅၀၀/-)ကျပ်နှင့် နစ်နာကြေးငွေ (၂၅၀၀၀၀၀/-)ကျပ်၊ စုစုပေါင်းငွေ (၁၀၁၄၁၅၀၀) ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယုယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်ဗထူးအိမ်ရာ၊ အခန်း အမှတ်-C-4(201)နေ ဒေါ်အေးအေးသိန်း[၁၂/လမန(နိုင်)၀၄၁၄၇၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဥာဏလမ်းနှင့် ဦးဥာဏ(၂)လမ်းထောင့်၊ အမှတ်(၁၆၁၅)၊ ပေ(၄၀ x ၆၀) မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဇော်ဇော်ထိုက်မှ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ဒေါ်အေးအေးသိန်းမှ ဝယ်ယူရန် သဘောတူညီပြီး ယခုအခါတွင် ရောင်းဖိုးငွေများအနက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးအေးသိန်း** | **ဒေါ်ချိုချိုလွင်(LL.B)(D.I.L)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)** |
| | **ဖုန်း-၀၉-၄၂၅၃၀၂၁၅၄** |
| | **ဒေါ်အေးသူဇာအောင်(L.L.B)** |
| | **အထက်တန်းရှေ့နေ(စဉ်-၄၄၃၄၅)** |
| | **ဖုန်း-၀၉-၄၂၄၅၉၆၈၃၀** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ အမဲခေါင်ကျေးရွာအုပ်စု၊ လာလ်ဂန်ကျေးရွာနေ ဦးရမ်းအေကဘာလ်၏သားဖြစ်သူ ကိုဂျီသေန်ဒါရ်[၇/ဖမန(ပြု)၀၀၀၈၀၇]သည် မိဘများအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေ၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝအားလုံးအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာလိုက်သည်။ **ဦးရမ်းအေကဘာလ်[၇/ဖမန(ပြု)၀၀၀၇၁၆]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဓမ္မစေတီလမ်း၊ အမှတ်(၃၁၀)နေ ဦးအောင်မြင့်ကျော်[၁၃/မဖန(နိုင်)၀၁၁၉၄၀]၏ သားဖြစ်သူ မောင်အောင်ကျော်သူ[၇/ပခန(နိုင်)၄၇၆၈၃၉]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးအောင်မြင့်ကျော်[၁၃/မဖန(နိုင်)၀၁၁၉၄၀]**

သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


Glucerna® နှင့်အတူ ထိန်းညှိ လိုက်ပါ။
DAY 1
မှ စတင်လိုက်ပါ*
(၃)လ အတွင်းမှာ
သွေးတွင်းအချိုဓာတ်
တုံ့ပြန်မှု ကို ကောင်းမွန်စေဖို့
ကူညီပေးပါတယ်*
ဆီးချိုသွေးချို ရှိသူများ၏
အစားအသောက်ထိန်းညှိမှုအတွက် အာဟာရ
Glucerna®
အချိုဓာတ် အညွှန်းကိန်း
ပါဝင်မှုနည်းခြင်း
ဗီတာမင်နှင့်
သတ္တုဓာတ် (၂၈) မျိုး
နှလုံးကျန်းမာရေးအတွက်
ကောင်းမွန်သောအဆီများ
ရောနှောပေါင်းစပ်ထားမှု#
#1 ဆရာဝန်ညွှန်ကြားသော ဆီးချိုသွေးချိုဆိုင်ရာ အာဟာရဖော်မြူလာ^
Abbott Nutrition
Careline
09 260 35 62 62
abbottnutrition@pahtama.com
^Market research by Rothstein-Tauber, Inc. 2015 # Kris-Etherton PM, Harris WS, Appel LF. Circ 2002;106(21):2747-2757.
*Glucerna has been shown to lower HbA1C (a measure of average blood glucose over the past 2-3 months),
when used as a meal replacement as part of a diabetes management plan [including prescribed medication, diet and exercise] (Chee et al., 2017; Sun et al., 2008)
GLU 700720M

## ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၇)လမ်း၊ အမှတ်(၆၂/၆၃)နေ ဒေါ်ဆင်နု(သီရိသုဓမ္မသိင်္ဂီ)၏ ချစ်လှစွာသောခင်ပွန်း၊ 'ရွှေနဒီ'မိသားစု၏ အနန္တဂုဏ်အင် ကျေးဇူးရှင်ဖခင်ကြီးဖြစ်သည့်–

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**'ရွှေနဒီ'ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတည်ထောင်သူ**

### ဦးစိုးသိမ်း

**သီရိသုဓမ္မ မဏိဇောတဓရ**

### အသက်(၉၀)

**(ကျောက်ပန်းတောင်းမြို့)**

သည် ၂–၁၁–၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉:၂၇ နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာ အထူးကုဆေးရုံကြီးတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန် သွားခဲ့ပါသည်။

ကျေးဇူးရှင်ဖခင်ကြီး မကွယ်လွန်မီက စေတနာအား၊ ဉာဏ်အား၊ ဝီရိယအား အပြည့်အဝဖြင့် အထူးဝါယမစိုက် ကြိုးစားကုသပြုစုပေးကြပါသော ကန်သာယာအထူးကု ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

ထို့အတူ ကျွန်တော်၊ ကျွန်မတို့၏ ကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်အနိစ္စရောက်ရှိ သွားသည့်ကိစ္စနှင့်ပတ်သက်၍ ဆွေမျိုးမိတ်သင်္ဂဟများအနေနှင့် လက်ရှိ ကပ်ရောဂါအခြေ အနေအရ လူကိုယ်တိုင်မလာရောက်နိုင်ခြင်းကို ကျန်ရစ်သူမိသားစုမှ အပြည့်အဝစာနာ နားလည်ပါသည်။

ဤသို့ လူကိုယ်တိုင်မလာရောက်နိုင်ကြသော်လည်း ကျန်ရစ်သူမိသားစု ဖြစ်သည့် ကျွန်တော်၊ ကျွန်မများနှင့် ထပ်တူထပ်မျှ နှလုံးစိတ်ဝမ်းကြေကွဲဝမ်းနည်းကြရပါကြောင်း၊ ကျောက်ပန်းတောင်းမြို့နှင့်တကွ အနယ်နယ်အရပ်ရပ်ရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့မှ သတင်းစာ၊ Telephone, G Mail, E Mail, Messenger, Viberစသည့် Social Media များမှတစ်ဆင့် မေတ္တာ၊ ဂရုဏာဖြင့် အလေးအမြတ်ပြုပြီး စာနာပေးကြခြင်းကိုလည်း အထူးတန်ဖိုးထားကျေးဇူးတင်ရှိပါသည်။

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီးဦးစိုးသိမ်းအား ရည်စူးပြီး၊ ၆–၁၁–၂၀၂၀ ရက် (သောကြာနေ့)က သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ချိုချဉ်ရသာ တို့ကိုလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်းကောင်း၊ သဒ္ဓါကြည်ဖြူ ဆက်ကပ် လှူဒါန်းပြီး ရက်လည်ဆွမ်းသွတ် တရားတော်နာပြုလုပ်ပြီးဖြစ်ပါ၍ သာဓု အနုမောဒနာ ခေါ်ဆိုပြီး သံဝေဂယူ ဘာဝနာပွားများတော်မူနိုင်ကြပါစေကြောင်း လေးမြတ်သော စိတ်ထားဖြင့် အသိပေးဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူ ရွှေနဒီမိသားစု**
**မိခင်ကြီး ဒေါ်ဆင်နု(သီရိသုဓမ္မသိင်္ဂီ)နှင့် သား၊ သမီး၊ မြေး၊ မြစ်များ**
**နဒီရွှေဝါကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကြည်ကင်း


**အသက်(၇၁)နှစ်**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ စီမံခန့်ခွဲရေး ကော်မတီဝင် ဦးကျော်ဇင်ဦး၏ ဖခင်၊ တံခွန်ပွဲရုံ၊ အမှတ်(င/၆၇)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈၄)၊ ရွှေဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်နေ ဦးကြည်ကင်း (၇၁)နှစ် (ရာသက်ပန်အသင်းသား၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)သည် ၅–၁၁–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**


## အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများ နှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေး ချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင် စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။




Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ


## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သင်းကြိုင်

**အသက် (၁၀၁) နှစ်**

ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ (ညွှန်ကြားရေးမှူးချုပ်–ငြိမ်း၊ စည်ပင်သာယာရေးဦးစီးဌာန)၏မိခင်ဖြစ်သူ ဒေါ်သင်းကြိုင်သည် ၄–၁၁–၂၀၂၀ ရက်တွင် ပဲခူးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲမိပါသည်

သူငယ်ချင်း၊ ဦးစိုးသိန်း(ပဲခူး)(မောင်ဝံသ)၏ ဇနီးဒေါ်မြင့်မြင့် (ဒေါင်းစာပေ၊ အတွေးအမြင်၊ ပြည်သူ့ခေတ်)သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ဝမ်းနည်း ကြေကွဲမိပါသည်။

**ဦးမြတ်တိုး၊ ဦးချစ်စံ(ချစ်စံဝင်း)၊ ဦးမြင့်**

## အထူးကျေးဇူးတင်ရှိခြင်း

၄–၁၁–၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီးဦးဝင်းနွယ်(ခ) ဦးဝင်းထိန် အသက်(၇၅)နှစ် နာမကျန်းစဉ်ကာလတွင် အထူးဂရုစိုက် ပြုစုကုသပေးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၊ နှလုံးဆေးကုဌာန၊ သွေးရောဂါကုဌာန၊ ခာတ်မှတ်ဌာနတို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ မိဘအရင်းသဖွယ် အနီးကပ် ဂရုစိုက် စောင့်ရှောက်ပေးသော အရေးပေါ်ဌာနမှ အရေးပေါ်အထူးကုဆရာဝန်များ၊ လိုအပ်သမျှ ကူညီပံ့ပိုးပေးပါသော ဆေးရုံအုပ်နှင့် လူမှုရေးကူညီမှုအသင်းအဖွဲ့များ၊ ကွယ်လွန်သွားချိန်တွင် နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးများ၊ ရပ်ကွက်မှ တာဝန်ရှိလူကြီးများ၊ ဝမ်းနည်းကြောင်းနှင့် အားပေးနှစ်သိမ့်မှုတို့ကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း လူမှုကွန်ရက်တို့မှသော်လည်းကောင်း ဖော်ပြပေးပါသော ဆရာကြီး၊ ဆရာမကြီးများ၊ မိတ်ဆွေ သူငယ်ချင်းများ၊ လှူဒါန်းမှုအစုစုတို့ကို ပေးပို့လှူဒါန်းကြသူများ၊ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလုံးတို့ကို ကျန်ရစ်သူ မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်–၄၀၊ မြေကွက် အမှတ်–၈၅၊ ဗိုလ်တေဇလမ်း၊ အိမ်အမှတ်–၈၅၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြေအမည်ပေါက် ဦးစိုးလွင်(A.G ၀၈၅၅၁၆)ထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်မောင်[၁၂/ဥကတ(နိုင်)၀၉၂၀၂၁]မှ မိမိ ဝယ်ယူပိုင်ဆိုင်ထားသည့် အိမ်နှင့်မြေဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်းဝန်ခံပြောဆို၍ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်မ ဒေါ်ကျော့မှလည်း အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူ ညီသည့်အတွက် ရောင်းဖိုးငွေ၏ အစိတ်အပိုင်းတစ်ခုသကို (စရန်ငွေ)အဖြစ် ရောင်းချသူ ဦးခင်မောင်အား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းနှင့် တကွ မိမိထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျော့**
**[၁၂/မဂတ(နိုင်)၀၄၉၂၅၇]**
**အမှတ်–၈၄၊ ၉၂လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**Ph:09–5175232**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်(၈)လမ်း၊ အမှတ် (၈၅/B)၊ Royal Thiri ကွန်ဒို၊ Tower(D), RC(8 1/2)ထပ် Condo၊ အဆောက်အဦ၏ (Level–7)၊ အခန်းအမှတ်(D–712)၊ ဧရိယာ(797)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသော iGreen Development & Engineering Group Co.,Ltd(ကိုယ်စား) ဒါရိုက်တာ ဦးကျော်ကျော်နိုင်[၁၂/အလန(နိုင်)၀၀၀၁၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစည်ဖြိုးထွန်း[၁၂/အစန(နိုင်)၁၉၇၀၂၉]၊ ဒေါ်ပုန်းညက်ခိုင်[၁၂/စခန(နိုင်)၀၆၇၁၇၃] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစည်ဖြိုးထွန်း၊ ဒေါ်ပုန်းညက်ခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**Ph:09–254508917**
**Level(5,6,7,8)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**


အဂတိ ပယ်ရှား
ပြည်သာယာ


## ဦးလှကြည် (OILER)

**UNITEAM MARINE**

**အသက် (၅၇) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးပု–ဒေါ်ဝိုင်း)တို့၏ သားထွေး၊ (ဦးချိန်ဟုတ်)–ဒေါ်ကင်ဝှားတို့၏သားသမက်၊ (ဒေါ်တင်မြိုင်)၊ (ဒေါ်သိန်းဟန်)၊ ဒေါ်အုန်းလှ၊ ဦးအောင်ပွင့်–ဒေါ်စန်းစန်းရီ၊ ဒေါ်စန်းမြတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်မြေ(၂၂)လမ်း၊ အမှတ်(၂၇/က)နေ ဒေါ်အေးအေးခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မျိုး၊ ဒေါ်ယဉ်ယဉ်သွယ်တို့၏ အစ်ကို၊ မောင်ဦးထွန်းလွင်(U.S.A)၊ မောင်ရှင်းသန့်လွင်တို့၏ ချစ်လှစွာသောဖခင် ဦးလှကြည်သည် ၄–၁၁–၂၀၂၀ ရက် ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဆရာကြီး ဦးကျော်သန်း

**အသက် (၈၇) နှစ်**

အငြိမ်းစားကျောင်းအုပ်ကြီး၊ အထက(၅)ဗိုလ်တထောင်(၂၉–၁၀–၂၀၂၀) ရက် ကွယ်လွန်၊ မိသားစုအကြီးအကဲပမာ လေးစားခဲ့ရ၍ ဆက်ခံသူ မိသားစုများကို ဆက်လက် ချစ်ကြည်ရှိနေပါမည်။

သင်္ချိုင်းရတရားကို ဆင်ခြင်မိသော်လည်းကြေကွဲဝမ်းနည်းလျက် ဆရာကြီးမြင့်မြတ် သောဘုံဘဝမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေဟု ဆုတောင်းပါသည်။

**SAYAMYINT ASSOCIATES**
**GANDAWIN Law Firm**
**ပန်းဆိုးတန်း၊ ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၄၉)နေ ပါမောက္ခ ဒေါက်တာသန္တာဝင်းနွယ်၏ ချစ်လှစွာသောဖခင် ဦးဝင်းနွယ် အသက်(၇၅)နှစ်သည် ၄–၁၁–၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**ဆေးတက္ကသိုလ်(၁)ရန်ကုန် နှင့်**
**ဇနီး ဒေါက်တာနွယ်နီအောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်အေးချို

**အသက်(၆၃)နှစ်**

သူငယ်ချင်း ဦးဝဏ္ဏ–ဒေါ်လှဲ့လှဲ့စိုးတို့၏ မိခင် ဒေါ်ခင်အေးချို သည် ၂–၁၁–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**တေဇ(၂၇) ကျောင်းဆင်းအရာရှိမိသားစုများ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၀၇/က)၊ အကျယ်အဝန်း(၂၀ ပေx ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် ရောင်းသူ (၁) ဒေါ်သီသီမာ [၁၂/သကတ(နိုင်) ၀၁၈၂၇၄]၊ (၂) ဒေါ်ခင် လေးနိုင် [၁၂/သကတ(နိုင်) ၀၁၈၂၇၆]၊ (၃) ဒေါ်မျိုးမျိုးခိုင် [၁၂/သကတ(နိုင်) ၁၂၀၆၃၀]တို့ (၃)ဦး အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူများမှ မိမိသာလျှင် လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချ လိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်း အဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၃၀၇)**
**အမှတ်(၃၂)၊ဒုတိယထပ်၊(၂၃)လမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့။ဖုန်း–၀၉၅၁၆၀၆၀၇**

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ(၄)လမ်း၊ အမှတ်(၈၆၀)၊ (၂)လွှာ၊ မျက်နှာမူလျက်(ဝဲ)တိုက်ခန်း အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေကြည်လွင်[၁၂/သဃက(နိုင်)၁၅၀၂၃၉]၏ ကိုယ်စား သမက်တော်စပ်သူ ဦးမျိုးသီဟန်[၁၂/သဃက(နိုင်)၁၅၈၇၀၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက် မည် ဖြစ်ပါကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ဘော်(လိုင်စင်–၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်–၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09–5017044**

## ဦးခင်အောင်ကြည်
**ပါမောက္ခချုပ် (ငြိမ်း)**
**ရန်ကုန်စက်မှုတက္ကသိုလ်**
**အသက် (၈၉) နှစ်**

ရန်ကုန်မြို့နေ (ဦးစံရွှေ-ဒေါ်သန်းတင်)တို့၏ သား၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၁၆)နေ ဒေါ်မြမြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန်းစန်းမင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် - ဒေါ်ခင်ခင်မင်းတို့၏ ဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးခင်အောင်ကြည်သည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၇:၄၀ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်အောင်ကြည်
**ပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်စက်မှုတက္ကသိုလ်**
**အသက် (၈၉) နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်-ဒေါ်ခင်ခင်မင်းတို့၏ဖခင်ကြီး ဦးခင်အောင်ကြည် (ပါမောက္ခချုပ်-ငြိမ်း) အသက်(၈၉)နှစ်သည် ၅-၁၁-၂၀၂၀ ရက် ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TTC 84 မှ သူငယ်ချင်းတစ်စု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး**
## ဦးစိုးအောင်
**B.E (Electronic) (1982–83)**
**ဒုတိယအင်ဂျင်နီယာချုပ်၊ ဆသရ**
**ဒုတိယညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်-ဆည်မြောင်း(ငြိမ်း)**
**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေးအရှေ့ပိုင်းရပ်ကွက်၊ (၉၁)လမ်း၊ အမှတ်(၁၀၆)၊ ခုနစ်လွှာနေ (ဦးစိုးဝင်း-ဒေါ်ပို့)တို့၏သား၊ (ဦးမောင်မောင်)-ဒေါ်ညွန့်ရီတို့၏ သားသမက်၊ ဒေါ်စိုးစိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သီတာစိုး၊ မောင်အောင်ကိုကို၊ မစိုးစန္ဒာသွယ်တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီးသည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၀၀:၃၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
## ဒေါ်အိအိစိုး (Feel ရွှေအိ)
**ရွှေအိအသင့်စားမုန့်ဟင်းခါး**
**အထက(၁) ဒဂုံ၊ Eco (1983) ကျောင်းသူဟောင်း**
**အသက် (၅၇) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၉)၊ ကီလီရိပ်သာနေ (ဦးစိုးတင်-ဒေါ်ခင်နုနု)တို့၏ ချစ်လှစွာသောသမီး၊ ဒေါက်တာအေးကိုကို-ဒေါက်တာဝေဝေလွင်၊ ဒေါက်တာချစ်ကိုကို-ဒေါ်ဥမ္မာကြင်၊ ဦးချစ်ညီညီ-Jacky၊ ဦးစိုးညီညီ(Managing Director, Feel Group)၊ ဗိုလ်မှူးဝင်းမြင့်မောင် (OTS-68-ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန)-ဒေါ်သူဇာကြည်တို့၏ ချစ်လှစွာသောညီမလေး၊ Aaron-Jo၊ Sasha၊ မောင်ဇေထိုက်၊ မသိမ့်နွေးတို့၏ချစ်လှစွာသောအဒေါ်သည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ကျောင်း၊ ကန် ဒါယိကာမကြီး**
## ဒေါ်အိအိစိုး
**အသက် (၅၇) နှစ်**

အချစ်ဆုံးသူငယ်ချင်း ရွှေအိ အားလုံးကို ကူညီပေးခဲ့သူ နှင့်အတွက် ငါတို့ဘာမှ လုပ်မပေးနိုင်ခဲ့-

**ဝမ်းနည်းစွာဖြင့်**
**ဒဂုံ(၁) သူငယ်ချင်းများ**

## ဦးဝင်းမောင် (ညောင်ဦးမြို့)
**အသက် (၈၇) နှစ်**

ညောင်ဦးမြို့၊ မြို့မကွက်သစ်ရပ်၊ မြို့နယ်သမဝင်းနေ ဒေါ်ငွေးငွေးမြင့်၏ ခင်ပွန်း၊ ဒေါ်အေးအေးပြုံး (မန်နေဂျာ၊ မြို့နယ် သ/မ အသင်းစု)၊ ဦးအောင်ကိုနိုင်-ဒေါ်ငွေးငွေး(အထပြ-မြို့မ)၊ (ဦးလတ်ကိုကို)၊ (ဦးမြတ်ကိုကို)၊ ဦးရဲထွန်းနောင်-ဒေါ်မူမူနွယ်(မှော်ဘီ)တို့၏ မွေးသဖခင်၊ ကိုချမ်းချမ်း-မဇင်မာမျိုး၊ ကိုရဲမင်းသက်-မငုဝါပြုံး၊ ကိုခန့်စည်သူဟိန်း၊ ကိုဇေယျာထွန်း၊ ကိုအောင်မင်းခန့်ကို၊ ကိုထက်အောင်ရှိုင်းတို့၏အဘိုး၊ မောင်စစ်သူရထွဋ်၊ မောင်ထွဋ်အောင်လင်း၊ မဧကရီချမ်းမြေ့တို့၏ဘိုးဘိုးကြီးသည် ၅-၁၁-၂၀၂၀ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ညောင်ဦးမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနီ
**ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-တွံတေး**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုးကျော်-ဒေါ်ညွန့်)တို့၏သား၊ (ဦးဘာဘာ-ဒေါ်စိန်တင်)တို့၏ သားသမက်၊ အမှတ်(၈၁)၊ ငါးလွှာ(ဝဲ)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်လှလှ (BC-ငြိမ်း၊ ခ.ပရုံးချုပ်၊ ကပရ)၏ခင်ပွန်း၊ ဦးခင်မောင်နီ-ဒေါ်မြတ်သီဂီ (A Bank)၊ ဦးညီညီလင်း-ဒေါ်နီနီလှ (အထက-၄၊ ဗိုလ်တထောင်)၊ ဒေါ်ဇင်မာနီ(AYA Bank, RV)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဟန်သစ်လင်း၏အဘိုးသည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်သန်း (ထားဝယ်)
**အမှတ်(၁) စက်မှုဝန်ကြီးဌာန (ငြိမ်း)**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ဥဒ္ဒေါနာ(၁၁)လမ်း၊ အမှတ်(၁၁၀)နေ (ဦးမောင်သန်း-ဒေါ် လှတင်)တို့၏သမီး၊ ဦးစန်းမောင်(စာရင်းစစ်မှူး-ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်သန်းသည် ၃-၁၁-၂၀၂၀ ရက် မွန်းလွဲ ၂:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး ဦးအုန်းကျော်
**အသက် (၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မိကျောင်းဝဲကျေးရွာနေ (ဦးကြီး-ဒေါ်ပန်းရင်)တို့၏ သားထွေး၊ (ဦးတင်ရွှေ)၊ (ဒေါ်ကြင်)၊ (ဦးခွေးပု)တို့၏ညီ/မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဝါးရုံဆိပ်ကျေးရွာနေ (ဦးဝက်ကြီး-ဒေါ်အုံးတင်)တို့၏ သားသမက်၊ ဒေါက်တာတင်မာစမ်း(ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ (ကိုကျော်သက်)-မမေသူသင်း(SSC-ခေတ်ခွဲခန်းဌာန)၊ ကိုတင်မိုးကျော် (ခ) ညီညီ-မအိအိခိုင်၊ ဦးအောင်ကျော်(တရားလွှတ်တော်ရှေ့နေ)-မရွှေစင်သန့်၊ မောင်ဇေယျာဖြိုး-မကေလှိုင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မခိုင်သဥ္ဇာငြိမ်း၊ မခင်နန္ဒာထက်၊ မခင်စန္ဒာသိမ့်၊ မမိုးလဲ့ခိုင်၊ မမြတ်ပန်းသခင်တို့၏ ချစ်လှစွာသောအဘိုး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်းလမ်းမ၊ အမှတ်(၁၂၃-က)နေ ဒေါ်မြစန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၁၁-၂၀၂၀ ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းနွယ်(ခ)ဦးဝင်းထိန် (ကျွန်းကလေး)
**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၄၉)နေ (ဦးမြဒင်-ဒေါ်သိန်းရှင်)တို့၏သား၊ ဒေါ်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကို၊ ဒေါက်တာ ဒေါ်သန္တာဝင်းနွယ်၊ ဒေါ်စန္ဒာဝင်းနွယ်-ဦးဇော်ဝင်း၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏ ကျေးဇူးရှင်ဖခင်၊ မကေခိုင်ထွန်း-ကိုကျော်ဇွာဟိန်း၊ မောင်စောခိုင်ထွန်း-မဖြူနှင်းအိတို့၏ ဘကြီး၊ မဆုပြည့်ပြည့်ထက်၊ မမေဖူးပြည့်စုံ၊ မဖြူစင်ဝင်းထက်တို့၏အဘိုးသည် ၄-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဝါဝါခင်
**B.Sc (Physics)**
**ဆက်သွယ်ရေးငွေစာရင်းဌာန (ငြိမ်း)**
**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၈)၊ သမိန်ဗရမ်းလမ်း၊ ငါးလွှာနေ ဦးဉာဏ်တိုး (လက်ထောက်ညွှန်ကြားရေး မှူး -ငြိမ်း၊ အစိုးရအဖွဲ့ရုံး)၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ အမှတ်(၇၆)၊ သိမ်ကြီးလမ်း၊ မြေညီထပ်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးခင်မောင်-ဒေါ်ကျင်ရီ)တို့၏ဆဋ္ဌမမြောက်သမီး၊ ဦးမောင်မောင်လေး (လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ နယ်စပ်စည်ပင်)-ဒေါ်မြင့်မြင့်ရီ(ဦးစီးအရာရှိ-ငြိမ်း၊ အစိုးရအဖွဲ့ရုံး)၊ ဦးသန်းရွှေ-ဒေါ်မြင့်မြင့်ခင်(ဒု-ညွှန်မှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဒေါ်ခင်ဖုန်းမြင့် (အထပြ၊ နောင်တရား-ငြိမ်း)၊ ဦးစိန်ဝင်း(ဇီးကုန်းမြို့နယ်သမဝါယမ)၊ ဒေါ်ဖြူဖြူခင်(အလပြ-ငြိမ်း၊ ဇီးကုန်း)၊ ဦးအေးဝင်း(အထက-၁၊ ဇီးကုန်း-ငြိမ်း)-ဒေါ်နီနီခင်(စာရင်းစစ်-ငြိမ်း၊ ဇီးကုန်း)တို့၏ ချစ်လှစွာသောညီမ၊ ဦးဇော်ထွန်းနောင်(Lecturer Singapore-poly)၊ ဒေါ်ဥမ္မာထွန်းနောင်၊ ဦးငွေးဝင်း-ဒေါ်နီလာခင်(ခေတ္တ-USA)၊ ဦးအောင်ဇေယျ-ဒေါ်နိုင်နိုင်ဦး(ဒု/အထွေထွေမန်နေဂျာ၊ ဆက်သွယ်ရေးစာတိုက်-ငြိမ်း၊ နေပြည်တော်)၊ (ဦးခင်မောင်လွင်)-ဒေါ်သီတာခင်တို့၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၇ ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၅-၁၁-၂၀၂၀ ရက် မွန်းလွဲ ၂:၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်
**ကျောင်းဆရာမ(ငြိမ်း)၊ အထက(၃) သာကေတ**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ [ဦးတင့်ဝေ(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)]၏ဇနီး၊ ဦးဇော်ဇော်ဦး(ညွှန်ကြားရေးမှူး၊ ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရန်ပြေ (၁၀)လမ်း၊ အမှတ်(၂)နေ ပါမောက္ခ ဒေါက်တာဇော်ဇော်လတ် (ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော်၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏အဘွား ဒေါ်မြင့်မြင့်သည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ မေဓါဝီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကြည်ကင်း
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ တံခွန်ပွဲရုံ၊ အမှတ် (၈/၆၇)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နှင့် အမှတ်(၈၄)၊ ရောဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်နေ (ဦးကျိုးဝါ-ဒေါ်ကျင်စိန်)တို့၏သား၊ ဦးလေးရာ-(ဒေါ်တန်ရှုဝါ)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ ဦးကျော်ဇင်ဦး-ဒေါ်လဲ့လဲ့ဝင်းတို့၏ဖခင်၊ မယွန်းဝတီဖြိုး၊ မအိသန္တာကျော်၊ မမေမြတ်ကျော်ဇင်တို့၏ အဘိုးသည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၀၅ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

## ဦးအောင်ဆန်း
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၇)လမ်း၊ အပိုင်း(၄)၊ မြေညီထပ်၊ အမှတ်(၂၆၅-ခ)နေ (ဦးအောင်ကြည်-ဒေါ်ချော)တို့၏သား၊ (ဦးနိုင်အောင်ရှိန်-ဒေါ်မိခင်သန်း)တို့၏မောင်၊ ဦးမင်းဘခိုင်၊ ဦးမင်းအောင်မင်း၊ ဒေါ်မိသန်းရွှေ၊ ဦးမင်းပန်းမြိုင်၊ ဒေါ်မိထွေးယဉ်တို့၏အစ်ကိုကြီး၊ ဒေါ်စန်းတင်(အငြိမ်းစားကျောင်းအုပ်)၏ခင်ပွန်း၊ ဦးအောင်ကိုကို-ဒေါ်သီရိမွန်မွန် (Sister၊ မြောက်ဥက္ကလာပဆေးရုံ)၊ ဦးမင်းဗညားအောင်ဆန်းလင်း(သာယာဝတီခရိုင်၊ လျှပ်စစ်ခရိုင်မှူး)-ဒေါ်မဉ္ဇူလင်း၊ ဦးဇင်မင်းဗိုလ်-ဒေါ်သီတာမွန်မွန်(အလပြ၊ အထက-၃၊ ဒဂုံဆိပ်ကမ်း)တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၄၇ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်းလှိုင် (ခ) ကိုတိုး
**A.G.T.I (MP), 1992**
**အထက(၁) မရမ်းကုန်းကျောင်းသားဟောင်း**
**အသက် (၅၅) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အမှတ်(၂) ကန်လေးစုလမ်းနေ (ဦးစိန်လှိုင်)-ဒေါ်ခင်စိုးမြင့်တို့၏ သားလတ်၊ ဦးတင်အေး-ဒေါ်ခင်ကြည်တို့၏ သားသမက်၊ ဦးစိုးလှိုင်မြင့်-ဒေါ်မြမြအေး၊ (ဒေါ်သင်းသင်းလှိုင်)၊ ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်တို့၏ ညီ/မောင်၊ ဒေါ်နုနုလှိုင်၊ ဦးသောင်းထွဋ်လှိုင်-ဒေါ်ယဉ်ယဉ်အေးတို့၏ အစ်ကို၊ ကိုစိုးထက် (Chief Officer)-မနုဝေဝင်း၊ ဒေါက်တာချမ်းမြေ့သူ၊ မစုထွေးလှိုင် (ဆောက်လုပ်ရေးဝန်ကြီးဌာန)တို့၏ မွေးသဖခင်၊ မကြယ်စင်မိုးထက်၏အဘိုး၊ တူ/တူမ ငါးယောက်တို့၏ဦးလေး၊ ဒေါ်တင်တင်ဦး (မမာဦး)၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ထွန်းလှိုင်(ခ)ကိုတိုးသည် ၅-၁၁-၂၀၂၀ ရက် ညနေ ၄:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆-၁၁-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမင်းသန်းထွန်း
**အသက် (၄၂) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဂရုဏာ(၄)လမ်း၊ အမှတ် (၆၆၄/က)နေ (နိုင်ထွန်းရှင်-မိခင်သန်းရီ)တို့၏သားကြီး၊ ဦးစန်းငွေ-(ဒေါ်ညိုဝင်း)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း (Bagan Royal Star Construction Co., Ltd)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစောလပြည့်ဘွား-ဒေါ်မိအေးအေးမွန်(ဆေးသုတေသနဦးစီးဌာန)တို့၏မောင်၊ ဦးမင်းမျိုးသွယ်-ဒေါ်ဖြူစင်သန့်တို့၏အစ်ကို၊ တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၂-၁၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

(၆-၁၁-၂၀၂၀)

၁။ ယခုကာလတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်အချို့၌ UEC စာလုံးသုံးလုံး မပါဝင်သော အမှန်ခြစ်တံဆိပ်တုံးအတုများ ပေါ်ထွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ လာရောက်မဲပေးကြရာ၌ ဆန္ဒမဲပေးခြင်းမပြုမီ ကြိုတင်၍ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးတွင် UEC စာလုံးသုံးလုံး ပါရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး UEC စာလုံး ပါရှိမှသာ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုကြရန် ဖြစ်ပါသည်။

၃။ အကယ်၍ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးတွင် UEC စာလုံးမပါရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်များသို့ ချက်ချင်းသတင်းပို့ အကြောင်းကြားလဲလှယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

(၆-၁၁-၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ကျင်းပပြုလုပ်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။


၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပိတ်ပြီးနောက် မဲရုံများနှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ဆန္ဒမဲရေတွက်ခြင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ပြီး ရလဒ်ပုံစံများကို သက်ဆိုင်ရာ မဲရုံများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အချိန်နှင့်တစ်ပြေးညီ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များစာရင်းကို နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာ၊ UEC Website နှင့် Facebook စာမျက်နှာတို့မှ ထပ်ဆင့်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ ရေတွက်ချိန်တွင် သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် မိမိနေအိမ်မှသာ ရွေးကောက်ပွဲရလဒ်များကို စောင့်ကြည့်ရယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးကို စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၂၅) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၇ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ၊ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✪

## ကြေးမုံ ယနေ့ ဖတ်စရာ

**ရထားလမ်းနှင့် ကားလမ်းဆုံ နေရာများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ » ၁၀

**ထရမ့်အစိုးရက ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ နောက်ဆုံးပေါ် ဒရုန်းများကို ယူအေအီးသို့ ရောင်းချရန်ပြင်ဆင်**

စာမျက်နှာ » ၁၃

**Druk International Film Festival ရုပ်ရှင်ပွဲတော်တွင် "နို့ဘီလူး" မြန်မာရုပ်ရှင်ဇာတ်ကား ထူးချွန်ဆု လေးဆု ဆွတ်ခူးရရှိ**

စာမျက်နှာ » ၁၈

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၆

| | |
|---|---|
| ဟားခါး | ၇ ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၁၀ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၁၀ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | |
|---|---|
| ဟိုင်းကြီးကျွန်း | သုည ဒသမ ၂၀ လက်မ |
| ကွမ်းလုံ | သုည ဒသမ ၀၈ လက်မ |

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် လာမည့်နှစ်တွင် အဓိက နိုင်ငံတကာ ပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်း အဆင့်မြင့်ဆုံး ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိသေးဘဲ လာမည့်နှစ်မှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး ဆီးဂိမ်းပြိုင်ပွဲသာ ကျင်းပမည့်ရက် သတ်မှတ်ထားကာ နိုဝင်ဘာလတတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကိုမူ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကျင်းပမည့်ကာလ ထုတ်ပြန်ခြင်းမရှိသေးဘဲ ကပ်ရောဂါအပေါ်မူတည်၍ အတည်ပြုဖွယ်ရှိနေသည်။

မြန်မာဖူဆယ်အသင်းသည် အာဆီယံဖူဆယ်ပြိုင်ပွဲ၌ ၂၀၀၆ ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၀၆ နှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုတို့ရရှိခဲ့သည်။ သို့သော် ၂၀၁၈ နှင့် ၂၀၁၉ ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍